http://www.cherrythitsar.org

မိုးမိုး(အင်းလျား)

အမှတ်တရအဖွဲ့မှ

ကျင်းပသည့်

ဟောပြောပွဲ

အမှတ် (၁)

# အောင်သင်း

# ဒါဓမ္မ



http://www.cherrythitsar.org

စာပေလောကစာအုပ် အမှတ် ၂၁၄

# အမွေ

အောင်သင်း

စာ ပေ လော က စာ အုပ် တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း-၈၅၁၆၆]

http://www.cherrythitsar.org

**စာအုပ်စာတမ်း စာနယ်ဇင်း**
**ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်**
**[၈၃၆/၉၄ (၁၂)]**
**စာအုပ်စာတမ်း မျက်နှာဖုံး**
**ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်**
**[၁၅၆/၉၄ (၄)]**

**မျက်နှာဖုံးပန်းချီ**
မောင်ကျော်စိုး
---
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
(၁၀၀၀)
---
**ထုတ်ဝေခြင်း**
၁၉၉၅ ခု၊ မေလ
---
**စာအုပ်ချုပ်**
ကိုမြင့်

မောင်စိုးမြင့် (၀၁၁၀၀)၊ ခရမ်းရောင်စာစဉ်၊
အမှတ် ၂၇၊ စကားဝါလမ်း၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်၊
အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစားသားများကို ပုံနှိပ်သည်။

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| -။ | အမှာ | - |
| ၁။ | ဟောပြောချက် | ၁ |
| ၂။ | ဆွေးနွေးချက် | ၆၅ |
| ၃။ | မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ | ၁၁၆ |

# အောင်သင်း
# ၏
# အမှာစာ

ဤ 'အမွေ' ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောခဲ့သည်မှာ ကွယ်လွန်သူ စာရေးဆရာမ မိုးမိုး (အင်းလျား) အမှတ်တရဖြစ်ကြောင်း အားလုံး သိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်နှင့် ပတ်သက်ပြီး ဘာမျှ အထူးပြောနေစရာ မလိုတော့ပါ။ သို့သော် ထူးထူးခြားခြား အချက်ကလေးတစ်ခုကို တင်ပြလိုက်ချင်သောကြောင့်သာ ဤအမှာစာကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲကို စတင်လိုက်သောအခါက ကျွန်တော် ငယ်ငယ်က ဖတ်ခဲ့ဖူးသည့် စာအုပ်ကလေးတစ်အုပ်ကို သတိရမိကြောင်း ပြောခဲ့ပါသေးသည်။ ကဗျာလေးနှစ်ပုဒ်အကြောင်းကိုပင် ထည့်သွင်း ပြောလိုက်ပါသေးသည်။ ယခု ဤစာအုပ်တွင်လည်း ထိုစဉ်က ပြောခဲ့သည့် အတိုင်းပင် ပြန်လည် ဖော်ပြထားသည်ကို တွေ့ကြပါလိမ့်မည်။

http://www.cherrythitsar.org

[၁]

ဟောပြောပွဲ မလုပ်မီကပင် ထိုစာအုပ်ကို ပြန်လည် သတိရမိပါသည်။ သို့သော် စာအုပ်က ကျွန်တော့် လက်တွင် အလွယ်တကူ မရှိခဲ့ပါ။ ယခု မကြာသေးမီကမှ ထိုစာအုပ်ကို ကျွန်တော်၏တပည့်တစ်ယောက်က အဟောင်းဆိုင်ကတွေ့၍ ဝယ်လာပြီးပေးသောကြောင့် ကျွန်တော် ရရှိခြင်းဖြစ်ပါသည်။ စာအုပ်အမည်က Something To Live By ရေးသူက 'ဒေါ်ရိုသီကော့ပလင်း' Dorothea Kopplin.

ထိုစာအုပ်တွင် 'ဒေါ်ရိုသီကော့ပလင်း' ရေးလိုက်သော အမှာစာကို ဖတ်ကြည့်လိုက်လျှင် စာအုပ်ပြုစုသူက 'မျိုးဆက်သစ်' အပေါ်ထားရှိသည့် မေတ္တာတရားကို လည်းကောင်း၊ သူ၏ ဘဝခံယူချက်ကို လည်းကောင်း ရိပ်စားမိနိုင်သည်ဟု ယူဆမိပါသည်။

ထို့ပြင် မိုးမိုး (အင်းလျား) ကိုယ်စားသဘောမျိုး ကျွန်တော် ပြုလုပ်ခဲ့ရသည့် ထိုပွဲမျိုးအတွက် အမှာစာကို ကျွန်တော်ကိုယ်တိုင် ရေးလိုက်သည်ထက် ဒေါ်ရိုသီကော့ပလင်းရေးသည့် အမှာစာကို ထည့်ပေးလိုက်ခြင်းက ပိုလို့ပင် ဆီလျော်ကောင်းမွန်နေလိမ့်ဦးမည်ဟု ယူဆမိသောကြောင့် ဘာသာပြန်ပေးလိုက်ပါသည်။ ဖတ်ကြည့်ပါဦး။

*

ကျွန်မ၏ ရင်သွေးငယ်များ လူလားမြောက်ချိန် တိုင်အောင် ကျွန်မ အသက်ရှည်ခွင့်မရနိုင်တော့ကြောင်း ကျွန်မကို ပြောလိုက်သောအခါ ကျွန်မကိုယ်စား ရင်သွေးငယ်များကို စောင့်ရှောက်နိုင်မည့် စာအုပ်တစ်အုပ်ကို ပြုစုရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ လုပ်ငန်း၏ သဘောက ဘုရားကျောင်းနှင့် စာသင်ကျောင်းက ဖြည့်စွမ်း မပေးနိုင်သော ကွက်လပ်ကို ဖြည့်ပေးရန်ပင် ဖြစ်၍ ဘဝ၏ ပျော်ရွှင်မှုနှင့် ရောင့်ရဲမှုကို ယူတတ်သော အရည်အသွေး ဖွံ့ဖြိုးစေရန် ဖြစ်သည်။

[၈]

ကျွန်မ၏ ခံယူချက်အရ ဤသို့သော သုခကိုရရန် ပထမ အချက်မှာ ရုပ်ဝတ္ထုတို့၏ ဟိုမှာဘက် အပေါ်ဆင့်တွင် ရှိသော ပရမတ္ထဆန်သည့် တရားများကို တန်ဖိုးထားတတ်ရန် ဖြစ်သည်။ ဩကာသလောကကြီးကို နက်နဲစွာချစ်မြတ်နိုးတတ်ခြင်းသည်လည်း ဤသို့သော သုခမျိုးကို ပေးနိုင်သည်။ သဘာဝလောကကြီးနှင့် တစ်သားတည်းဖြစ်အောင် နေတတ်ခြင်းအားဖြင့် ဘာမျှ မဟုတ်သည့် လောကီအောင်မြင်မှု၊ ဆုံးရှုံးမှု စသည်တို့ကို သာမန် အသေးအဖွဲ များ အဖြစ် သဘောထားနိုင်လောက်အောင် ဤစကြဝဠာကြီးက သွန်သင်ပေးနိုင်ပေလိမ့်မည်။

ချုပ်တည်း သည်းခံနိုင်ခြင်းနှင့် သတ္တိတို့သည်လည်း တင့်တယ်သောဘဝရှင်သန်မှုအတွက် မရှိမဖြစ်သော အရည်အသွေး များဖြစ်သည်။ နောက်ဆုံးအားဖြင့် စိတ်ထား မနသီ၌သာလျှင် တွေ့နိုင်သော သန္တိသုခကို သဘောပေါက်လာကြစေရန်ပင် ဖြစ်သည်။

ဤသို့သော ဘဝလမ်းညွှန်မှု၊ သွန်သင်မှုများကို ကျွန်မ ဘဝတွင် အထောက်အကူဖြစ်ခဲ့လှသော စာပေများမှ ထုတ်ယူ လမ်းညွှန်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

*

ဤသို့လျှင် 'ဒေါ်ရှိသီကော့ပလင်း' က အမှာစာရေးခဲ့ပါသည်။ ထိုနောက် 'သုခဟူသည် အဘယ်နည်း' 'သုခ ဘယ်မှာရှိသနည်း' 'မေတ္တာတရား' 'ဘဝ၏ တန်ဖိုးအမှန်' 'မိသားစုဘဝ' စသည် စသည်အားဖြင့် အခန်း ဆယ့်ငါးခု ခွဲပြီးလျှင် ပညာရှင်တို့၏ အဆို အမိန့် မှန်သားဖွယ်ရာများကို စုစည်းတင်ပြထားပါသည်။

ဤနေရာတွင် စာပေဝါသနာပါသော လူငယ်၊ လုံမငယ်တို့ နည်းယူဖွယ်ကလေးတစ်ခုကို တင်ပြလိုက်ချင်ပါသေးသည်။ ဒေါ်ရှိသီ ကော့ပလင်းသည် ထိုထိုသော မှတ်ဖွယ်မှတ်ရာ၊ ကဗျာတိုစများကို ငယ်စဉ်ကပင် ကျက်မှတ်ထားခဲ့ခြင်း ဖြစ်သည်။ ထိုကဗျာများကို

http://www.cherrythitsar.org

[ ဃ ]

ပြန်လည်စုစည်း၍ ဖော်ပြတော့မည်ဆိုသောအခါ မှတ်မိသမျှ စုစည်း ရသည်ကပင် ခြောက်နှစ်လောက်ကြာသည်။ စာဆိုနှင့် စာအုပ်တို့ကို ရှာဖွေမှုမှာ သုံးနှစ်လောက် ကြာသည်ဟု ဆိုပါသည်။ ထို့ကြောင့် စာပေဝါသနာရှင် လူငယ်၊ လုံမငယ်တို့သည်လည်း ကြိုက်သောစာပေ ကဗျာ စသည်တို့ကို တွေ့လျှင် စာဆို၊ စာအုပ်နှင့်တကွ ကူးယူ မှတ်သားထားလိုက်ပါလျှင် စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ထွက်မလာ စေဦးတော့ သားစဉ်မြေးဆက် ဂုဏ်ယူလေ့လာထိုက်သော မှတ်စုကြီး တစ်ခု ဖြစ်လာနိုင်လိမ့်မည်ဟု ထင်မိပါသည်။

ဒေါ်ရှိသီကော့ပလင်းက သူ၏ စာအုပ်ကလေးကို ကဗျာနှစ်ပုဒ် နှင့် ဖွင့်လိုက်ပါသည်။ ထိုကဗျာလေးနှစ်ပုဒ်နှင့်ပင် ကျွန်တော်ကလည်း ကျွန်တော်၏ ‘အမွေ’ ဟောပြောဆွေးနွေးချက်ကို ဖွင့်လိုက်ပါသည်။ မိုးမိုးသည်လည်း ဤကဗျာနှစ်ပုဒ်ကို တွေ့လိုက်ရလျှင် မုချဝမ်းမြူး ကျေးဇူးတင်လိမ့်မည်ဟု ယုံကြည့်ပါသည်။ သူ၏ ရင်သွေးတို့သည် လည်း ဝမ်းသာနှစ်ခြိုက် နှလုံးပိုက်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

မိုးမိုး၏ ရင်သွေးငယ်တို့သည် လည်းကောင်း၊ ကျန်ရစ်သော မိသားစုတို့သည် လည်းကောင်း၊ ကြားနာဖတ်ရှုရသောသူတို့သည် လည်းကောင်း၊ အထူးသဖြင့် ကျွန်တော် ချစ်မြတ်နိုး အားကိုးသော လူငယ်တို့သည် လည်းကောင်း လောကကို အကျိုးပြုနိုင်သည့်စွမ်းရည် နှင့် သုခကို ရကြပါစေကုန်သတည်း။ မိုးမိုးလည်း ရောက်ရာဘုံဘဝမှ ကျွန်တော်တို့၏ မေတ္တာကို ခံယူလျက် အနုမောဒနာ ပြုနိုင်ပါစေ သတည်း။

**အောင်သင်း**

http://www.cherrythitsar.org

[c]

## TO MY SON

Do you know that your soul is of my soul such part
That you seem to be fibre and core of my heart?
None other can pain me as you, son, can do;
None other can please me or praise me as you.
Remember the world will be quick with its blame
If shadow or stain ever darken your name.
Like Mother, Like Son, is the saying so true
The world will judge largely of Mother by you.
Be this then your task, if task it shall be,
To force this proud world to do homage to me.
Be sure it will say, when its verdict you've won,
She reaps as she sowed. This man is her son.

(MARGARET JOHNSTONE GRAFFLIN)

http://www.cherrythitsar.org

[ ၈ ]

## သားချစ်သို့

သားလေးရယ်
သားလေးဘဝဟာ မေမေ့ဘဝ
သားလေး အဲဒါ သိပါစ။

မေမေ့ ဟဒယနှလုံးသား
သားကလေးနဲ့ ဖွဲ့စည်းထား
သားလေး အဲဒါ သိရဲ့လား။

မေမေ့ နှလုံးသားကို ထိပါးစေသည်
သားလေး 'မှတစ်ပါး အခြားမရှိပြီ'၊
မေမေ့ နှလုံးသားကို မြူးကြွားစေသည်
သားလေး 'မှတစ်ပါး အခြားမရှိပြီ'။

ငါ့သားလေးရဲ့ နာမည်တွင်
အစွန်းမဲ့ပြောက် ထင်လိုက်ရင်
လောကကြီးက ချက်ချင်း အပြစ်မြင်
'မအေ့သား မအေလိုပင်' လို့
မေမေ့ကိုပင် ဆိုမှာများ
သားလေး သိရဲ့လား။

http://www.cherrythitsar.org

[၁၀]

သားရဲ့ဝတ္တရား ဆောင်မည်လား
ကမ္ဘာကြီးကို မေမေ့အပါး
ဝပ်စင်းလာအောင် တွန်းလိုက် သား။

'ဗီဇမှန်လို့ အပင်သန်'
ဆိုကြမည်အမှန်
'အဖိုးတန်တဲ့ သားယောကျ်ား
မအေတူတဲ့ မအေ့သား'။

**(မာဂရက် ဝွှန်စတုန်း ဂရပ်ဖလင်)**

## BUILDING THE BRIDGE

A pilgrim, going a lone highway
Came at evening, cold and gray
To a chasm, deep and vast and wide.
The old man crossed in the twiligh dim.
The chasm held no fears for him
But he paused when he reached the other side
And built a bridge to span the tide.
"Old man," said a fellow pilgrim near.
"Why waste your time in building here?
Your joumey ends with the close of day
You never again will pass this way.
You've crossed the chasm deep and wide
Why build ye here at eventide?"
The pilgrim raised his old gray head,
"My friend, in the path I've come," he said,
"There followeth after me today
A fair haired youth who must pass this way.
The chasm which held no fears for me
To the fair haired youth may a pitfall be.
He, too, must cross in the twilight dim.
My friend, I am building this bridge for him."

(WILL A. DROMGOOL)

http://www.cherrythitsar.org



**တံတားထိုးခြင်း**

လမ်းမထီးထီး
ခရီးရှည်လျား၊ ခရီးသွားလည်း
ခွန်အားလည်းဖေး၊ ဆံဖြူဖွေးလျက်
ညနေဘက်တွင်၊ ကျယ်နက်မတ်စောက်
ဒီရေချောင်းသို့ ရောက်သတည်း။

ချောင်းပြင်ကျယ်စေ၊ စိတ်ဝယ်မတွန့်
မရွံ့မကြောက်၊ ဆည်းဆာအောက်ဝယ်
ကူးမြောက် သူ ကျော်၊ ဖြတ်စွမ်း၏။

ဟိုမှာကမ်းဘက်၊ ရောက်ပြီးလျက်မှ
နှစ်ဘက်ကမ်းပါး၊ ချောင်းကိုလွှား၍
တံတားထိုးပြန်လေတော့၏။

ခရီးသွားဖော်၊ တစ်ဦးသော်လျှင်
ထုတ်ဖော်ဤသို့ မေးမြန်း၏။

[ည]

'အို အဘိုးအို
နေလည်းညိုပြီ၊
ချောင်းကိုလွှန်မြောက်၊ သည်ကမ်းရောက်လျက်
နောက်သို့တစ်ဖန်၊ သင်မပြန်ဘဲ
အားသန်ကြိုးစား၊ ဤတံတားကို
သင်ကား ဘယ်ကြောင့်ဆောက်သနည်း'။

'အို အဆွေ
သည်နေ့ဆိုလျှင်၊ ဆံပင်နုနယ်
လူငယ်တစ်ယောက်၊ ငါ့နောက်လိုက်လျက်
ခရီးထွက်ပြီ၊
ချောင်းနက်မတ်စောက်၊ ငါမကြောက်လည်း
နောက်ကလိုက်လာ၊ သူ့ခမျာမှာ
သူတရာ ဘေးဆိုး၊ ဖြစ်အံ့စိုး၍
ကြိုးပမ်းငါလျှင် ဆောက်သတည်း'။

**(ဝင်လ် အရှမ်း ဂူးလ်)**

ကျွန်တော် အနယ်နယ်အရပ်ရပ်မှာ သွားပြီး ကျွန်တော် စာပေဟောပြောပွဲတွေ လုပ်ပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်က လူငယ်တွေကို ပဓာနထားပြီး ဦးစားပေးပြောတဲ့အခါ ထိုက်သင့်တဲ့အားလျော်စွာ တချို့ လူငယ်တွေဟာ သူတို့ရဲ့ စိတ်ထားလေးတွေပြောင်းလဲသွားတယ်၊ စိတ်နေစိတ်ထားလေးတွေ ပြောင်းလဲသွားတယ်။ အဲဒီဥစ္စာကို မိဘတွေက သိပ်ကျေးဇူးတင်ကြတယ်။

ဆရာ့အခွေကို နားထောင်ပြီးတဲ့နောက် ဘယ်လိုဖြစ်ပါတယ်၊ ကျွန်တော့်သားက ပြောလို့မရပါဘူး၊ နောက် ဘယ်လိုဖြစ်ပါတယ်ပေါ့။ ဥပမာဆိုပါတော့။ တစ်ခု ကျွန်တော် သာဓကပြောရရင် ကသာမှာတုန်းက ကလေးတစ်ယောက်က သူဟာ ဆယ်တန်းတစ်ခါကျတယ်၊ ကျသွားလိုက်တဲ့အခါကျတော့ ဖားကန့်ကိုသွားမယ်ပေါ့။ ဖားကန့်ဆိုတာက သိပ်ချမ်းတဲ့မြို့လို့ လူတွေက နားလည်ကြတယ်။

http://www.cherrythitsar.org



သိပ်အနေအစားဆင်းရဲတဲ့မြို့၊ လူတွေသိပ်ပင်ပန်းတဲ့ အပြိုင်အဆိုင် အလုပ်တွေ လုပ်ရတယ်။ ဒုစရိုက်တွေလည်း အင်မတန်ပေါ်တယ်။ ကလေးတွေ စရိုက်ပျက်တာတွေ အများကြီးရှိတယ်။ အဲဒီတော့ သူ့သားကို မအေက မသွားစေချင်ဘူး။ သားက သွားမယ်၊ မအေက မသွားနဲ့။ သားကလည်း ငို၊ မအေကလည်း ငို။ အဲဒီလို ဖြစ်နေတုန်းမှာ ကျွန်တော်က ဟောပြောလိုက်တော့ နောက်တစ်နေ့ကျတော့ သူ့အမေက ကျွန်တော့်ကို လာကန်တော့တယ်၊ ကျေးဇူးတင်ပါတယ်ပေါ့။ စာမေးပွဲကို ဆယ်ခါ ကျပါစေ၊ သူ ဖြေမယ်ပေါ့။ အဲဒီတော့ ကျွန်မတို့ ဆုံးမလို့ မရတဲ့သား ဖြစ်ပါတယ်၊ ဆရာ့ကြောင့် သူ ဒီလိုပြောင်းလဲသွားတာပါ ဆိုပြီး ကျေးဇူးတင်လို့ ကျွန်တော့်ကို လာပြီးကန်တော့တယ်။ ဒါမျိုးလေးတွေကို ကျွန်တော်နဲ့ ဟောပြောပွဲတွေကို မကြာခဏ အတူသွားရတဲ့ ကိုဖေမြင့်က ကြုံတဲ့အခါကျတော့ ဒီအကြောင်းတွေကို ကိုမျိုးညွန့်ကို ပြောပြတယ်။

ပြောတော့ ကိုမျိုးညွန့်က သူ့သားကလေးတွေကို ဒီစကားတွေကို နားထောင်စေချင်တယ်ပေါ့။ အဲဒီလို တောင်းဆိုပြီးတော့မှ ငါ့သားကလေးတွေတင်ပဲလား၊ ကျန်တဲ့ကလေးတွေလည်းကြားသင့်တယ်လို့ တွက်ပြီးတော့ သူက အမွေပေးတဲ့အနေနဲ့ ဒီပွဲလေးလုပ်ချင်တယ်။ ကျွန်တော်လည်း ဒါ လုပ်ကောင်းတဲ့ကိစ္စပဲလေဆိုပြီး လက်ခံလိုက်တယ်။

အဲဒါတွေ ဒီပွဲမှာ တကယ်စပြီး ဖွင့်လို့ကောင်းတာက ကျွန်တော် အချိန်မရလို့ ရှာဖွေချိန်မရလို့၊ ကျွန်တော့်မှာ အလုပ်ကလည်း အင်မတန်များပါတယ်။

ကျွန်တော် ရှာဖွေချိန်မရလို့ မထည့်လိုက်ရတာ။

ဘယ်ဟာနှင့် စဖွင့်မလဲဆိုတော့ Something To Live By ဆိုတာ။ အဲဒီထဲက အမျိုးသမီးဟာ

http://www.cherrythitsar.org



ကျွန်တော် ခပ်ငယ်ငယ်က ဖတ်ခဲ့တာပေါ့။ ကျွန်တော် နာမည်တွေဘာတွေ ကောင်းကောင်း မှတ်မိတော့ဘူး။ အဲဒီထဲက ကဗျာလေးတစ်ပုဒ်ကို၊ နိဒါန်းကဗျားလေး မှတ်မိတယ်။ ဒီမိန်းမဟာ ကင်ဆာဖြစ်ပြီး သေမယ်ဆိုတာ ဆရာဝန်က ပြောလိုက်တဲ့အခါ ကျတော့ ငါသေတော့မယ်၊ ငါသေတဲ့အခါ ငါ့သားလေးတွေဟာ လူမမည် ဖြစ်နေသေးတယ်။ အဲဒီတော့ ငါ့သားလေးတွေကို ရင်အုပ်မကွာ စောင့်ရှောက်သွားချင်သော်လည်း ငါသေတော့မယ်ဆိုလို့ရှိရင် ငါဘာလုပ်မလဲ၊ သူတို့ ကြီးပြင်းတဲ့အခါ စောင့်ရှောက်ပြုစုမယ့်သူ ဘယ်သူရှိမလဲ။ စဉ်းစားတယ်။ ငါမရှင်နိုင်တော့ဘူး၊ မနေရတော့ဘူး၊ ငါသေရတော့မယ်၊ သေရမှာ အတူတူဆိုလို့ရှိရင် လောကကြီးကို ဆုံးမနိုင်တဲ့ ပညာရှင်တွေ အများကြီးရှိတာပဲ။ ဒီလိုပညာရှင်တွေရဲ့ အဆုံးအမ၊ ကောင်းနိုးရာရာတွေ ထုတ်ပြီးတော့ အဲဒီဆုံးမစကားတွေ quotation ခေါ်မှာပေါ့။ အဲဒီစကားကို စုထားတဲ့ စာအုပ်၊ ငါ့သား Somithing To Live By (ဘဝလမ်းညွှန်) ထားခဲ့တဲ့ စာအုပ်ပါ။ အဲဒီ စာအုပ်ရဲ့ရှေ့မှာ ကဗျာလေးတွေလည်း ထည့်ထားတယ်။

သူ့ကဗျာ မဟုတ်ပါဘူး။ ကျန်တဲ့ အမျိုးသမီး တစ်ယောက်ရဲ့ ကဗျာ။ အဲဒီကဗျာရဲ့ အမည်က To My Son တဲ့။ 'သားချစ်သို့' ပေါ့လေ။

ငါ့သားအတွက်ပေါ့၊ ကျွန်တော် အဓိပ္ပာယ်ပြန်ရှင်းပါမယ်။

သားရယ်တဲ့၊ လောကကြီးမှာ အမေ့ရဲ့ စိတ်ကလေးကို ပင်ပန်းဆင်းရဲအောင် လုပ်နိုင်ဆုံး၊ အမေ့ရဲ့ နှလုံးသားကို အနိုပ်စက်နိုင်ဆုံးဟာလည်း ငါ့သား ပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ အမေ့ရဲ့နှလုံးသား ဗဟိုမှာ ငါ့သားပဲရှိတာကို။ ဒါကြောင့်မို့ နှလုံးသားကို

http://www.cherrythitsar.org



> မြူးကြွအောင် လုပ်နိုင်တာ ဘယ်သူရှိဦးမှာလဲ။ ပြီးတော့လည်း ဟောဒီ လောကကြီးက ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုတတ်တဲ့လောကကြီး ဖြစ်ပါတယ်။
>
> မောက်မာတတ်တဲ့ လောကကြီးလည်း ဖြစ်ပါတယ်။ အဲဒီတော့ ငါ့သားတဲ့၊ တစ်စုံတစ်ခု ကြီးမြတ်တဲ့အရာကို လုပ်မယ်ဆိုရင် အမေ ပြောစမ်းပါရစေ။ ဖြစ်နိုင်လို့ရှိရင်ပေ့ါသားရယ်၊ အဲဒီမာနကြီးတဲ့ ကမ္ဘာလောကကြီးဟာ ဒီလိုသားမျိုးမွေးတဲ့ အမေပါလားလို့ အမေ့ ခြေရင်းမှာ ဒူးတုပ်ပြီးကျလာအောင် တွန်းလှဲစမ်းပါသားရယ်။

တကယ်လို့များ ဒီကဗျာလေးကို မိုးမိုးကြားလို့ရှိရင် သိပ်ဝမ်းသာမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ခုနက ပြောတဲ့အတိုင်း သူ့စိတ်ထဲမှာ လောကကြီးက သူ့သားလေးတွေကို ကြည့်ပြီးတော့ တကယ်တော်တဲ့ မိခင်ပါလား၊ ဒီလိုသားလေးတွေမွေးတဲ့ မိခင်ပါလား၊ ဒီလိုသမီးလေးတွေမွေးတဲ့ မိခင်ပါလားလို့ ဆိုပြီးတော့ ကမ္ဘာလောကကြီးက သူ့ကို ချီးကျူးစေချင်မှာပေ့ါ။ မိခင်ကိုး။ ကောင်းပြီ၊ အဲဒီအပြင် နောက်တစ်ခုပါသေးတယ်။ အဲဒီထဲမှာ ကဗျာလေးတစ်ပုဒ်ပဲ။ အဲဒါကတော့ ကျွန်တော်တို့ထက် ကိုမျိုးညွန့်တို့နဲ့ ပိုဆိုင်လိမ့်မယ်လို့ ထင်တယ်။ အဲဒီ ကဗျာလေးက ဘာလဲဆိုတော့၊ အဘိုးကြီးတစ်ယောက်က ချောက်ကြီးတစ်ခုကို ကူးတာ၊ ကူးပြီးတော့ ဟိုဘက်ရောက်မှ ပြန်ပြီး တံတားဆောက်တယ်။ ဘေးလူတစ်ယောက်က မေးတယ်။ ခင်ဗျား နေစမ်းပါဦး၊ ဒီချောက်ကမ်းပါးကြီးတစ်ခုကို ကျော်ခဲ့ပြီးတော့မှ ခင်ဗျားက ဘာလို့ တံတားထိုးနေတုံးဆိုတော့

http://www.cherrythitsar.org



ကျုပ်ကတော့ ကျော်ခဲ့ပြီးပြီပေါ့၊ ဒါပေမယ့် ကျုပ်နောက်က ကလေးတစ်ယောက် လိုက်လာသေးတယ်၊ ဆံပင်နီကလေးနဲ့။ ဆံပင်နီတယ်ဆိုတာက ငယ်တယ်ကိုပြောတာ။ သူတို့ဆီမှာ ဖြူတာ အသက်ကြီးတာကိုး။ ဆံပင်နီတဲ့ကလေးတစ်ယောက် လိုက်လာတယ်။ သူ့ကျတော့ သိပ်ပင်ပန်းနေမှာစိုးတယ်တဲ့။

ကျုပ် ဒါကြောင့်မို့ သူ့အတွက် တံတားထိုးတာပါ။ ကျုပ်က အကြီးပဲ။ အငယ်တွေက နောက်လာတဲ့ ဆံပင်နီကလေးတွေနဲ့ (မြန်မာမှာဆိုရင်တော့ ဆံပင်နက်ကလေးတွေနဲ့) ကလေးတွေအတွက် ကျွန်တော်တို့ တံတားထိုးတဲ့အနေနဲ့ ကျွန်တော် ဒီပွဲကို လက်ခံခဲ့တာလို့ ကျွန်တော် ပဏာမပြောချင်ပါတယ်။

နောက်တစ်ခုက ဘာလို့ အမွေလို့ ကျွန်တော်ခေါင်းစဉ်ပေးရလဲ။ အမွေဆိုတာ ကောင်းမွေရှိတယ်၊ ဆိုးမွေရှိတယ်။ ဆိုးမွေ ကောင်းမွေ ဆိုတာက ကိုယ့်အဖေအမေက ကြွေးကျန်ရစ်ခဲ့လို့ ကြွေးဆပ်ရရင် ဆိုးမွေပေါ့။ ကိုယ့်အဖေအမေဆီက ရစရာ ပစ္စည်းတွေရှိခဲ့ရင် ဒါ ကောင်းမွေပေါ့။ သားသမီးတွေဆိုတာ ကောင်းမွေတွေလည်း စံရတယ်၊ ဆိုးမွေတွေလည်း ခံယူရတယ်။ အခု ဒီမှာတော့ အမွေတွေပေးလိုက်ပါတယ်။ အမွေကောင်းတွေ ဖြစ်ပါတယ်။

အဲဒါကို ပြောချင်ပါတယ်။ အဲဒီအမွေဟာ ဘာကြောင့် အမွေကောင်းဖြစ်ပါသလဲဆိုတော့ ကျွန်တော် မှားခဲ့တာလည်း ရှိချင်ရှိမယ်၊ ဒါပေမယ့် အဲဒီအမှားကို မင်းတို့ ဟောဒါမျိုး မမှားနဲ့လို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော် မှားခဲ့တဲ့ မကောင်းတဲ့ အမှားကို သူတို့အတွက်မှာ သင်ခန်းစာကောင်း ရလိမ့်မယ်။

သူတို့ကို ကျွန်တော် ဒီအတိုင်းပေးခဲ့မှာပဲ။ ဆိုးမွေပေမယ့် သူတို့မှာ ကောင်းမွေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် လူငယ်

http://www.cherrythitsar.org



တွေရဲ့အတွက် ‘အမွေ’၊ တကယ်ဆိုတော့ ‘ကောင်းမွေ’ လို့သာ နာမည်တပ် လိုက်ချင်တယ်။

ကောင်းပါပြီ။ ကျွန်တော် ဒီလို ဆက်ပြီးပြောတဲ့အခါကျတော့ ကျွန်တော်လည်း ဒီမှာ လူငယ်များအတွက် ပြောရမယ်ဆိုရင်တော့ ဟောပြောပွဲလုပ်တဲ့အခါကျတော့ ၁၈ ရက်နေ့၊ ၁၈ ရက်နေ့ဆိုတာ လာလာပြီး မေးကြတယ်။ ဆရာ ၁၈ ရက်နေ့နော်၊ ၁၈ ရက်နေ့ နော်နဲ့ မေးကြတယ်။ မေးတဲ့လူတွေကလည်း လူကြီးတွေချည်းပဲ။ လူကြီးတွေကလည်း ငါ့ဆီက ဘာအမွေကိုများ ယူချင်ကြလို့လဲ၊ ကျွန်တော် အဲဒီလိုတောင် အောက်မေ့မိတယ်။ နောက်မှ စဉ်းစားကြည့်တဲ့အခါကျတော့ သူတို့လည်းပဲ နားထောင်ချင်တာပေါ့။ သူတို့လည်း ရင်ထဲက အတွေ့အကြုံနဲ့ ကျွန်တော့်အတွေ့အကြုံကို ဖလှယ်ချင်ကြမှာပေါ့။ ဖလှယ်ပြီး သူတို့သားသမီးတွေကို၊ တကယ်လို့ ဆရာ ဆရာမကြီးများ ဖြစ်လို့ရှိရင်လည်း သူတို့လည်း ကိုယ့်တပည့်တွေကို ပြန်ပြောနိုင်တာပေါ့။

လူငယ်တွေကို ကျွန်တော် ဦးတည်ပြီးပြောမှာဆိုတော့ ကျွန်တော် တောက်လျှောက် မင်းနဲ့ ငါနဲ့ ပြောတော့မှာ။ ရည်မှန်းချက် ဟောပြောပွဲတုန်းကလည်း ကျွန်တော် ဒီလိုပဲ ပြောတယ်။

အဲဒီတော့ နည်းနည်းအသက်ရတဲ့ လူကြီးတွေ အနေနဲ့ပေါ့ ကျွန်တော် မင်းနဲ့ ငါနဲ့ ပြောတဲ့အခါမှာ ဩော် အောင်သင်းဟာ ငါတို့ကို ပြောနေတာ မဟုတ်ဘူး၊ သူ့ တပည့် သားမြေး၊ သူ့ရဲ့ တူ တူမကလေးတွေကို ပြောနေတာ၊ တို့က ဘေးကနားထောင်နေရပါလားလို့၊ ငါ့တို့ Observer တက်ရောက်လေ့လာသူ ဖြစ်ပါလား ဆိုတဲ့ အနေနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ ကျွန်တော် ပြောချင်ပါတယ်။

http://www.cherrythitsar.org



အဲဒါကြောင့် အခုအချိန်ကစပြီး ကျွန်တော် လူငယ်တွေကို စကားဆိုပါမယ်။ ကျန်တဲ့ လူကြီးများ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ Observer အဖြစ်နဲ့ ကျွန်တော် လေးစားအပ်တဲ့ ဆရာမ ဒေါ်ခင်ဦးတို့၊ ဆရာပါရဂူတို့လို ပုဂ္ဂိုလ်တွေ၊ ဒီလိုပုဂ္ဂိုလ်တွေကျ တော့ ကျွန်တော်တို့ အင်မတန် ရိုသေရပါတယ်။

ကျွန်တော် အမှန်အတိုင်းပြောရလို့ရှိရင် ဆရာပါရဂူတို့လို ပုဂ္ဂိုလ်တွေနဲ့ မြသန်းတင့်တို့၊ ကိုဖေမြင့်တို့လို ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော် အင်မတန် ခရီးထွက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြသန်းတင့် တို့ဆိုရင် အင်မတန် စာဖတ်တဲ့ပုဂ္ဂိုလ်တွေ။ သူတို့နဲ့ သွားရင်း လာရင်းနဲ့ကို ဗဟုသုတရတယ်။ ကိုဖေမြင့်ဆို သိပ်စာဖတ်တယ်။ ကျွန်တော်ဆို အဲဒီလောက် မဖတ်နိုင်ဘူး။ သူ့ဆီကနေ ဗဟုသုတ ရတယ်၊ ဗဟုသုတတိုးတယ်။ အဲဒီလို ချီးကျူးရတဲ့ ပုဂ္ဂိုလ်တွေပါ။ အဲဒီတော့ ဒီလိုရိုသေရတဲ့ပုဂ္ဂိုလ်တွေလည်း ပါတဲ့အခါကျတော့ အထူးသဖြင့် အဲဒီလိုရိုသေရတဲ့ပုဂ္ဂိုလ်တွေ၊ ကျွန်တော့်ထက် အသက် ကြီးတဲ့ပုဂ္ဂိုလ်တွေ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ကျွန်တော် အခု လူငယ်တွေကို ပြောပါတော့မယ်။ ပြောတဲ့ အခါမှာ ပထမဦးဆုံး သတိပြုစေချင်တာ ကျွန်တော်ဟာ လူငယ် တွေနဲ့ပတ်သက်ပြီး ပြောရေးဆိုခွင့် ရှိလောက်အောင် အင်မတန် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဖြစ်တဲ့သူ မဟုတ်ပါဘူး။ စိတ်ပညာအရာမှာဖြစ် စေ၊ လောကီရေးရာမှာဖြစ်စေ အလွန်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ကြီး အဖြစ်နဲ့ စင်ပေါ်တက်လာတာ မဟုတ်ပါဘူး။

ကျွန်တော်ဟာ ကျွန်တော့်အတွေ့အကြုံလေးတွေကို ပြန်ပြီး တော့ အတွေ့အကြုံရယ်၊ အတွေးအကြံရယ်၊ အတွေ့အကြုံကနေပြီး တော့ ပြန်ပြီး စဉ်းစားရာမှာ အတွေးအကြံ ဖြစ်လာတယ်၊ အတွေး

http://www.cherrythitsar.org



အကြံနဲ့ ဖန်တီးတယ်။ ဖန်တီးတော့ အတွေ့အကြုံ ဖြစ်စေတတ်တယ်။ အဲဒီ အတွေ့အကြုံနဲ့ အတွေးအကြံရယ် ကွဲပြားခြားနားတဲ့ ကြုံခဲ့ဆုံခဲ့ရတဲ့ ဘဝအကြောင်း အတွေ့အကြုံကို ကျွန်တော် ပြန်ပြီးတော့ ကျွန်တော့် အတွေ့အကြုံအရ ကျွန်တော် ပြောမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သိပ်ပြီးတော့ လူကြီးတွေအနေနဲ့က ကျွန်တော့်ဆီကနေပြီးတော့ သိပ်ပြီး မျှော်လင့်မထားသင့်ပါဘူး။ ကျွန်တော် ဟိုအရင်တစ်ခါ ပြောတုန်းကလို ပြောချင်ပါတယ်။ သိပ်ပြီး မျှော်လင့်မှာ ကျွန်တော် စိုးရိမ်ပါတယ်။ မျှော်လင့်ထားသလောက် ဖြစ်မလာရင် ကျွန်တော် ဥပမာတစ်ခုကို မှတ်မိပါတယ်။ ရေပုံးတစ်ပုံးမှာ အပြည့်ပါတယ်လို့ ထင်တယ်၊ မှောင်ထဲမှာ အပြည့်ပါတယ်လို့ ထင်တဲ့ရေပုံးကို ဖျတ်ဆိုဆွဲတင်လိုက်တဲ့ အခါကျတော့ ဝုန်းခနဲဆို တစ်ဝက်လောက်ပဲပါပြီး ပေါ့သွားလိုက်တာ ဖင်ကပ်လောက်ပဲ ပါတယ်ထင်တယ်။ အမှန်က တစ်ဝက်လောက် ရှိပါတယ်။ အမှန်က မျှော်လင့်ထားလိုက်တာ အပြည့်ဖြစ်တော့ သိပ်ပေါ့သွားသလို ဖြစ်တယ်။ ကျွန်တော့်ကို အဲဒီလို ထင်သွားမှာ ကျွန်တော် စိုးရိမ်ပါတယ်။ ဒါအတွက်ကြောင့် သိပ်ပြီး ကျွန်တော့်ကို မျှော်လင့် မထားစေချင်ဘူး။

ဥပမာဆိုပါတော့၊ မျှော်လင့်တာ မြေတညီတည်းဖြစ်တယ်။ ဥပမာ ၆ လက်မလောက်ဖြစ်တယ်။ မှောင်ထဲမှာ ကြည့်လိုက်၊ တကယ်တော့ တစ်ပေလောက်ရှိနေတဲ့ အတွက် ဗိုင်းခနဲ မှောက်လဲသွားတတ်ပါတယ်။ အဲဒါကြောင့် လူတွေ ဘာတွေ ခါးမျက်သွားတတ်ပါတယ်။ ကျွန်တော့်ကို တစ်ပေလောက်ရှိတဲ့ အနက်အရှိုင်းကို ခြောက်လက်မလောက် မထင်စေချင်ပါဘူး။

ဆိုလိုတာက သိပ်ပြည့်တယ်လို့ မထင်စေချင်ပါဘူး။

http://www.cherrythitsar.org



ကျွန်တော့် အမြင့်ပမာဏကိုလည်း သိပ်အများကြီး လျှော့မတွက်စေချင်ပါဘူး၊ ပေါ့လည်း မတွေးစေချင်ပါဘူး။ ဆိုလိုတာက သိပ်အများကြီး မျှော်လင့်မထားဖို့ မေတ္တာရပ်ခံခြင်း ဖြစ်ပါတယ်။

လူငယ်တွေကို ကျွန်တော် ပြောပါမယ်။ ကောင်လေးတွေ ကောင်မလေးတွေ၊ မင်းတို့ဒီကိုလာကြတဲ့ဥစ္စာ ဘာပဲဖြစ်နေနေ အမွေဆိုတာဖြစ်သွားတယ်။ တို့အတွက် တစ်ခုခု အကျိုးရှိလိမ့်မယ်၊ ရလိမ့်မယ်လို့ ထင်ကြမယ်။ ဒါပေမယ့် တစ်ခုရှိတယ်။ မှတ်ထားဖို့က–

> ကိုယ့်စိတ်ထဲမှာ ဘဝမှာ တိုးတက်ရမယ်ဆိုတဲ့ အဓိဋ္ဌာန်မရှိသမျှ ကာလပတ်လုံး၊ တိုးတက်ချင်စိတ် ပြင်းပြင်းထန်ထန် မရှိသမျှ ကာလပတ်လုံး မင်း ဘယ်တော့မှ မတိုးတက်ဘူး။ ဒါ ပုံသေယုံပါ၊ ပုံသေယုံပါ။

တိုးတက်ချင်တဲ့စိတ်ကို အခိုင်အမာ အဓိဋ္ဌာန်ချ၊ အဲဒါမရှိရင် မရဘူး။

ကောင်းပြီ၊ တချို့ပြောကြတာ။ Life planning၊ ဘဝမှာ ငါ ဘယ်လိုဖြစ်ရမယ်ဆိုတဲ့ စီမံကိန်း plan ချတဲ့ကိစ္စ၊ စီမံကိန်းချတဲ့ကိစ္စ၊ ဘဝအတွက် စီမံကိန်းချတဲ့ကိစ္စ ရှိရမယ်လို့ တချို့က ပြောတယ်။ အဲဒီဥစ္စာ ဟုတ်တယ်၊ ကောင်းတယ်။

သို့သော် ဘဝစီမံကိန်း ဆိုတာကြီးကို မကြည့်ပါနဲ့ဦး။ ငါတိုးတက်ရမယ်ဆိုတဲ့ အဲဒီလို အဓိဋ္ဌာန်ကိုထားပါ။ ကိုယ့်မှာ အဓိဋ္ဌာန် ဘယ်လောက်ရှိတယ် မရှိဘူး ဆိုတာကို သိချင်ရင် မင်းကိုယ်မင်း ပြန်ပြီး စစ်ကြည့်လိုက်။

ငါ ဘာဖြစ်ချင်ပါသလဲဆိုတာကို ပြန်စစ်ကြည့်။ လက်ငင်းအားဖြင့် လုပ်ရမယ့် ကျောင်းသားဖြစ်ရင် စာမေးပွဲအောင်ရမယ်

http://www.cherrythitsar.org



ဆိုတဲ့ကိစ္စတောင်မှ မေ့မေ့လျော့လျော့ အူကြောင်ကြောင် ဖြစ်နေလိမ့်မယ်၊ ဒါ လူငယ်တွေမှာက ဒီအတိုင်း ဖြစ်တာပဲ။ ကျောင်းသားဖြစ်ရင် လက်ငင်းကိစ္စက စာမေးပွဲကိစ္စ၊ နောက်ကိစ္စက နောက်ကိစ္စ။ အဲဒီကိစ္စက သွားရင်းလာရင်း စဉ်းစားရမယ့်ကိစ္စ။

လက်ငင်းဖြစ်တဲ့ စာမေးပွဲကိစ္စ၊ လုပ်သလား ပြန်တွက်ကြည့်။ အဲဒီလို မလုပ်လို့ရှိရင် မင်းဟာ ကိုယ့်ကိုယ်ကို လိမ်နေတာပဲ။ ဒါကျောင်းသားတွေအတွက် ပြောတာနော်။ ကျောင်းသားယောင်ဆောင်ပြီး ထမင်းအချောင်စားနေတာ၊ ဟုတ်တယ်၊ မြန်မာပြည်မှာ ကျောင်းသားယောင်ဆောင်ပြီး ထမင်းအချောင်စားနေတဲ့ လူငယ် တွေဟာ သိန်းချီရှိတယ်။

ဘာကြောင့် ကျောင်းသားယောင်ဆောင်သလဲ။

ကျောင်းမတက်ဘဲနဲ့ အပြင်မှာထွက်ပြီး ဟေးလားဝါးလား လုပ်နေရင်၊ ကုန်ကုန်ပြောရရင် လူငယ်တွေ မင်းတို့ ကလေးကလားစကားနဲ့ပြောရရင် ဆော်တောင်မကြည့်ဘူး၊ ဒါ အမှန်ပဲ။

ဒါ အမှန်ပဲ။ ကျောင်းတက်နေတဲ့ အခါကျတော့ ကျွန်တော်ကျောင်းသားဆိုပြီး စာအုပ်ခါးကြားထိုးပြီး လက်ဖက်ရည်ဆိုင်ထိုင်ကျောင်းသားဆိုတဲ့ ဂုဏ်လေး သူ့မှာရှိတယ်။ ကျောင်းသားဆိုတဲ့ဂုဏ်နဲ့ ကျောင်းသားဆိုတဲ့ အရေခွံဟာ နည်းတဲ့သတ္တိ မဟုတ်ဘူးနော်၊ သိပ်ဂုဏ်ရှိတယ်။ ဘာလို့ဆိုတော့ သူဟာ အများကြီး အလားအလာရှိတယ်။ အောင်သင်းတို့က ကြီးသွားပြီ၊ တိုးတက်မှု ဘာမှ မရှိတော့ဘူး။

ကျောင်းသားဆိုတာ နောက်ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ အလားအလာသိပ်ရှိတယ်။ ပွဲထဲမှာ လူပြက်တွေ ပြောသလိုပေါ့။

http://www.cherrythitsar.org



'ကြွလာတဲ့ ပရိသတ်တွေ အကုန်လုံးထဲမှာ လူကြီးတွေ ဘေးဖယ်ပြီး လူငယ်တွေကို ကန်တော့လိုက်ပါတယ်'

ဘေးက လူပြက်တစ်ယောက်က

'ဟေ့ကောင်၊ လူငယ်တွေကို ဘေးဖယ်ပြီး လူကြီးတွေကို ကန်တော့တယ်လို့ ပြောရမှာ မင်းက လူကြီးတွေကို ဘေးဖယ်ပြီး လူငယ်တွေကို ကန်တော့တာ အဓိပ္ပာယ်မရှိဘူး'

'ဟ ရှိတယ်ကွ၊ လူကြီးတွေက မင်းတို့ ငါတို့ကိုဟာမျိုးတွေ၊ ဘာမှ ဖြစ်မှာ မဟုတ်တော့ဘူး၊ လူငယ်တွေက နောက်တော့ ရဟန္တာဖြစ်လာမလား၊ ဘုန်းကြီးဖြစ်လာမလား၊ ဆတော်ဖြစ်လာမလား မသိဘူး၊ ဒါကြောင့်မို့ သူတို့ကို ကြိုပြီး ကန်တော့ထားရတာကွ'

အဲဒီတော့ အဲဒီစကားတွေအရ၊ ပြောချင်တဲ့ အဓိပ္ပာယ် ကျောင်းသားဆိုတာ ဂုဏ် ရှိတယ်၊ အဲဒီတော့ ကျောင်းသားအယောင် ဆောင်ပြီး ထမင်းစားတာတွေ ဖြစ်လာတယ်။ ကျောင်းသားဆိုတဲ့ဂုဏ်က မသေးတော့ သူက ကျောင်းသားအယောင်ဆောင်ပြီး ဘာမှ အလုပ် မရှိဘူး။ ကျောင်းသားအလုပ်ကို လုပ်ရင် ကျောင်းတက်၊ စာမေးပွဲ အောင်အောင်ကြိုးစား၊ စာမေးပွဲကျသွားတယ်၊ ကျသွားရင် ကိုယ်က ညံ့လို့ကျသွားရင် ကျူရှင်တက်ရင်လည်း ကျူရှင်မှာ ကြိုးစားရမယ်။

အဲဒီလို စာကိုလည်း မကြိုးစားဘူး၊ ကျောင်းလည်းမှန်မှန် မတက်ဘူး၊ စာမေးပွဲ အောင်ရာအောင်ကြောင်းလည်း အားမထုတ်ဘူး၊ အားမထုတ်ဘဲနဲ့ လက်ဖက်ရည်ဆိုင်မှာ တဟားဟား၊ ကျားထိုးရင်း တဝါးဝါး၊ ဂစ်တာ တဒေါင်ဒေါင်တီးနေတယ်။ အဲဒါနဲ့ အချိန်ကုန် နေမယ်ဆိုရင် သူသည် အယောင်ဆောင်။ သူ့ကိုယ်သူ ကျောင်းသားလို့ လှည့်စားနေတယ်။ ပတ်ဝန်းကျင်ကိုလည်း သူ ကျောင်းသားပါလို့ အယောင်ဆောင်နေတယ်။ မိဘဆီကထမင်းကို အချောင်ညာစားတယ်။

http://www.cherrythitsar.org



ဒါကြောင့် မင်းဟာ ဘဝကို တကယ် တိုးတက်ချင်စိတ် ရှိလား၊ မရှိဘူးလားဆိုတာ သိချင်ရင် ကျောင်းသားဖြစ်လို့ရှိရင် ကိုယ့်ကိုယ်ကို အဲဒီအချက်တွေကို ပြန်ကြည့်ပါ။ မညှာမတာတွေးပါ။ ကိုယ့်ကိုယ်ကို လူတွေက ညှာညှာတာတာတွေးတာနော်။ အဲ မညှာမတာ တွေးတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုကျ ပေါ့ပေါ့တွေးချင်တယ်။

ငါဟာ ကျောင်းသားယောင်ဆောင်သလား၊ ဒါဟာ ပထမအချက်။ ကျောင်းမနေတော့ဘူး။ အခြေအနေ မပေးဘူး။ ကျောင်းမနေနိုင်ပါဘူး ဆိုလို့ရှိရင်တော့ မင်း ဘာလုပ်သလဲ။ အိမ်မှာ မိဘဆီမှာ စားလိုက် သွားလိုက်၊ သို့မဟုတ် တစ်နေရာမှာ တိုးတက်ရာ တိုးတက်ကြောင်း ဆိုကြပါစို့ မော်တော်ကားဝပ်ရှော့ပ် တစ်ခုမှာ ကားပြင်နေသလား၊ ထမင်းစားကျွန်ခံ လုပ်နေသလား။ သို့မဟုတ်ရင် ဆိုက်ကားနင်းနေသလား၊ သို့မဟုတ်ရင် ဆံပင်ညှပ် သင်နေသလား။ တစ်ခုခု မင်း ဘာလုပ်နေသလဲ။ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပါ။ အဲဒီလိုဆိုရင် မင်းဟာ ဘဝမှာ တိုးတက်ချင်တဲ့လူ ဟုတ်သလား မဟုတ်ဘူးလား ဆိုတာ သိလာလိမ့်မယ်။ အဲဒီလို ယောင်ပေယောင်ပေဖြစ်နေရင် မင်းဟာ ဘဝကို တိုးတက်ချင်တာ မဟုတ်ဘူး၊ ဒါသေချာတယ်။

ကောင်းပြီ။ တိုးတက်ချင်စိတ် ပေါ်လာအောင် ဘာလုပ်ရသလဲဆိုတာကို ပြောမယ်။ တိုးတက်ချင်တဲ့စိတ် ပေါ်လာချင်လို့ရှိရင် အရေးကြီးပြီနော်၊ တိုးတက်ချင်တဲ့စိတ် တကယ်ပေါ်လာချင်လို့ရှိရင် မင်းပတ်ဝန်းကျင်မှာ မင်း ဘယ်လောက်ထိအောင် အရေးပါသလဲ၊ မင်းပတ်ဝန်းကျင်မှာ မင်း အရေးမပါလို့ရှိရင် မင်းပတ်ဝန်းကျင်မှာ အရေးပါနေတဲ့လူတွေ ဘယ်သူတွေ ရှိတယ်ဆိုတာ အဲဒါတွေ ပြန်ကြည့်ပါ။ အဲဒီလို ငါက တစ်သက်လုံး ဖြစ်နိုင်ပါ့မလားဆိုတာ ဆန်းစစ်

http://www.cherrythitsar.org



ကြည့်ပါ။ မဖြစ်နိုင်တော့ဘူးဆိုတာ သိရင်၊ အဲဒီဥစ္စာ ငါမလုပ်နိုင်တော့ဘူးဆိုတာ သိရင် မင်း စိတ်တစ်မျိုးဖြစ်လာလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ နည်းနည်းလေးမခံချင်တဲ့ စိတ်လေးတွေရှိတယ်။ ကိုယ့်ကို မကြောစေချင်ဘူး။ အဲတော့ လှည့်တွက်ပါ။ အဝေးကြီး သွားမတွက်နဲ့။ ဗိုလ်ချုပ်အောင်ဆန်းလိုဟာမျိုးကို သွားမတွက်ပါနဲ့။ ကိုယ်နဲ့ ကွာလွန်းတော့ မနာလိုရမှန်း မသိဘူး။

ဟုတ်တယ်။ လောကကြီးမှာ မနာလိုခြင်း၊ ဝန်တိုခြင်း၊ အားကျခြင်းတို့ဟာ သူ့စိတ်လေးနဲ့သူ မဟုတ်လား။ ဟိုး ထိပ်ဆုံးက လူနဲ့ အောက်ဆုံးက သူတောင်းစား၊ သူတို့ချင်း ဘယ်တော့မှ မနာလိုမဖြစ်ဘူး။ အောက်ဆုံးက သူတောင်းစားဟာ ရှင်ဘုရင်တစ်ပါးကို၊ နိုင်ငံခေါင်းဆောင်ကြီးတစ်ယောက်ကို ဘယ်တော့မှ မနာလိုမဖြစ်ဘူး။ သူတို့ သူတောင်းစားအချင်းချင်းကျတော့ ဟိုကောင် ပိုရတယ်ဆိုပြီး မနာလိုဖြစ်တယ်။

အဲဒီတော့ ပထမဆုံးစပြီးတွက်ကြည့်ဖို့က

အဲဒီလို အောင်မြင်ချင်တဲ့စိတ်ပေါက်လို့ရှိရင် မင်းပတ်ဝန်းကျင် မင်းအဆင့်လေ့ကားထစ်မှာ နည်းနည်းမြင့်တဲ့၊ ဩဇာရ အရေးပါ အရာရောက်တဲ့သူကို ရှာကြည့်။ သူဟာ တဖြည်းဖြည်း ဩဇာပိုကြီးလာသလား၊ ငါဟာ သူလို ဩဇာကြီးလာနိုင်သလား၊ မင်း တွက်ကြည့်။ ဩဇာမကြီးနိုင်တော့ဘူးဆိုတာသိရင် မင်း စိတ်ထဲမှာ နည်းနည်း မခံချင်ဖြစ်လာတတ်တယ်။

ငါဟာ ညံ့နေပြီဆိုတာ သိလိုက်ပါ။ ဘာကြောင့်ဆိုတော့ ကိုယ့်ကိုယ်ကို ညံ့နေပြီဆိုတာသိရင် ကောင်းတယ်၊ မသိရင်မကောင်းဘူး။ တရုတ်စကားပုံတစ်ခုရှိတယ်။ တရုတ်စကားပုံဆိုလို့ ကျုပ်က

http://www.cherrythitsar.org



တရုတ်လိုတတ်တယ် မထင်ပါနဲ့။ တရုတ်လိုကတော့ ကျုပ်လည်း မတတ်ဘူး။ အင်္ဂလိပ်လို ရေးထားတာကို ဖတ်ဖူးတာ။

He, who knows not and knows not that he knows not is a fool; shun him.

ထားပါတော့။ ကျွန်တော်စောစောကပြောခဲ့တဲ့ တရုတ်စကားပုံပေါ့။ အဲဒီစကားပုံရဲ့ အဓိပ္ပာယ်က

အကြင်သူသည် မသိ၊ မိမိ မသိကြောင်းကိုလည်း မသိ။ ထိုသူသည် လူမိုက်တည်း၊ ရှောင်ပါ။ အကြင်သူသည် မသိ၊ မိမိ မသိကြောင်းတော့ သိ၏။ ထိုသူကား လူရိုး၊ ကူညီလိုက်ပါ။ အကြင်သူသည် သိ၏။ သို့သော် မိမိ သိကြောင်းကိုတော့ မသိ။ ထိုသူသည် အိပ်ပျော်နေသူ၊ နှိုးလိုက်ပါ။ အကြင်သူသည် သိ၏၊ မိမိ သိကြောင်းကိုလည်း သိ၏။ ထိုသူကား ပညာရှိ၊ ဆည်းကပ်ပါ။

အဲ ပထမဦးဆုံး မိမိ မသိသေးကြောင်းကို သိအောင်ကြိုးစား။ အရေးကြီးတာ ကိုယ်ညံ့နေတာကို ကိုယ်သိရမယ်။

ကိုယ်ညံ့နေတာကို သိအောင် ကြိုးစားရမယ်။ ကိုယ်ညံ့နေတာ ညံ့မှန်း မသိရင် ဘယ်တော့မှ မတိုးတက်ဘူး။ အဲဒီတော့ မင်းဘဝမှာ ရည်မှန်းချက် တိုးတက်ချင်တဲ့စိတ် မရှိသေးရင်ကိုယ့်ထက်မြင့်တဲ့သူကို မင်းပတ်ဝန်းကျင်းမှာ ရှာကြည့်ပါ။ လူရှိသေရှင်ရှိသေ ဩဇာရှိတဲ့လူ ငါဖြစ်နိုင်သေးသလားဆိုတာ ပြန်တွက်ပါ။ တွက်လိုက်လို့မှ မဖြစ်နိုင်ဘူးလို့ အလားအလာကို မင်းသိရင် မင်းတိုးတက်ချင်စိတ် ပေါ်လာလိမ့်မယ်။

အဲဒီ တိုးတက်ချင်စိတ်ပေါက်လာရုံနဲ့ ဒီအတိုင်း မပြီးဘူး။ အဓိဋ္ဌာန်ချရတယ်။ ဟိုအရင်တစ်ခါတုန်းကလည်း ဒီမှာပဲ ပြောခဲ့ဖူး

http://www.cherrythitsar.org



ပါတယ်။ မျိုးဆက်သစ်တိုးတက်ရေးမှာလည်း ကျွန်တော် ရေးထားပါတယ်။

အဲဒီအထဲမှာ အရေးအကြီးဆုံးဖြစ်တာက ထပ်ပြီး ကျွန်တော်ပြောပါရစေ၊ ဆုတောင်းတာနဲ့ ဆုပန်တာ၊ အဲဒီမှာ ပြောခဲ့ပါတယ်။ သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာဘုရားရှင်မှာ ဆုပန်တဲ့အခါမှာ အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရားလို ဘုရားဖြစ်ပါရစေဘုရားလို့ ဆုတောင်းတာဟာ တပည့်တော် ထီပေါက်ရပါလို၏လို့ ဆုတောင်းတာမျိုး မဟုတ်ဘူး။

ဒီပင်္ကရာ ဘုရားရှင်ကလည်း ဖြစ်စေသတည်း 'ဝမ်းတူးသရီးအပ်ချလောင်း' လို့ လုပ်ပေးနိုင်တာမျိုး မဟုတ်ဘူး။ အရှင်ဘုရားလိုဘုရားစင်စစ် ဖြစ်အောင် ကြိုးပမ်းအားထုတ် ပါရမီဖြည့်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုတာ။

အဲဒီဥစ္စာကို ဆုပန်တယ်လို့ ခေါ်တယ်။ ရိုးရိုးဆုသွားတောင်းလို့ဖြစ်တာ မဟုတ်ဘူး။ ကျောင်းသားတစ်ယောက် စာမေးပွဲအောင်ချင်တဲ့စိတ်ရှိလား မရှိလားဆိုတာ ဘုရားရှေ့မှာ သွားပြီး အဲဒီလို ဆုပန်ကြည့်ပါ။

ဒီနေ့ စာမေးပွဲ မုချအောင်ကိုအောင်ရမယ်၊ ကြိုးစားပါ့မယ်လို့ ဘုရားရှေ့မှာ အဓိဋ္ဌာန်ပြုဝံ့သလား။ အဓိဋ္ဌာန်ဆိုတာ ပေတံပဲ။ လွယ်တယ် မထင်နဲ့။ ဘုရားရှေ့မှာ ဘုရားတပည့်တော်ဟာ ပုထုဇဉ်ပါဘုရား၊ ဘုရားတပည့်တော်ကို ခွင့်လွှတ်ပါ။ အဓိဋ္ဌာန်လေး ပြန်ပြီးပြင်ပါရစေ မလုပ်နဲ့။

ကောင်းပြီ၊ အဲဒီအဓိဋ္ဌာန်က ဘာနဲ့ဆိုင်သလဲဆိုတော့ သတ္တိနဲ့ဆိုင်တယ်။ သတ္တိနော်၊ လောကကြီးတစ်ခုလုံးကို သတ္တိနဲ့ ဖန်တီးထားတာ။ သတ္တိရှိတဲ့လူတွေ ဖန်တီးထားတာ။ ဆာဝီလျံဆလင်းက

http://www.cherrythitsar.org



ဆိုရင် (ကျွန်တော် မျိုးဆက်သစ်ထဲမှာဆိုရင် အပြည့်အစုံ ဘာသာ ပြန်ပေးလိုက်တယ်။) သတ္တိဆိုတာဟာ အရည်အချင်းတစ်ခု မဟုတ်ဘူး၊ ဒီအရည်အချင်းတကာတို့ရဲ့ ဇာစ်မြစ်၊ လူတို့ရဲ့ အရည်အချင်းထဲမှ သတ္တိရှိတယ်ဆိုတာသည် အရည်အချင်းအားလုံးပေါင်းတို့၏ Main power station ကြီးတဲ့။ အဲဒါ ဘာကြောင့်လဲဆိုတော့ အဲဒီ သတ္တိဆိုတာ မရှိရင် ဘာမှမပေါ်နိုင်တော့ဘူး။ သစ္စာရှိချင်သလား၊ ရိုးသားချင်သလား၊ သတ္တိရှိမှ။ ရိုးသားတာလည်း သတ္တိမရှိရင် မလွယ်ဘူး။ သတ္တိရှိရတယ်။ သတ္တိမရှိရင် ဘာမှကို မဖြစ်တော့ဘူး။ ရိုးသားတယ်ဆိုတာ 'သူလိုလူ' ထဲမှာ ဂျာနယ်ကျော်ဦးချစ်မောင်ကို ဂျာနယ်ကျော်မမလေးက သူတို့ သမီးရည်းစားမဖြစ်မီကပေါ့၊ စတွေ့ကြတော့ သူကလည်း မတင်တင်ပေါ့။ သူက

'ဦးချစ်မောင်တဲ့၊ ဦးချစ်မောင်ဟာ ဘယ်ဂုဏ်ကို အမြတ်တနိုးဆုံးလဲ၊ ဘယ်ဂုဏ်ကိုရဖို့ ကြိုးပမ်းပါသလဲ'

ဦးချစ်မောင်က

'မတင်တင်တဲ့၊ ကျွန်တော် ရိုးဂုဏ်ကိုရဖို့ ကြိုးစားပါတယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ဘာသာတရားက မြင့်မြတ်ကောင်းမွန်သလောက် ရိုးဂုဏ်မှာနည်းတယ်လို့ ထင်ပါတယ်၊ ရိုးဂုဏ်ကို ရဖို့ကိစ္စအတွက်ဟာ မလွယ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ မလွယ်သော်လည်း မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်လို့ ကျွန်တော် ရအောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်'

ကျွန်မမှာ ထိုအဖြေကို နှစ်သက်လွန်းသောကြောင့် အိမ်ပြန်ရောက်လျှင် ရောက်ချင်းပဲ ဒိုင်ယာရီတွင်ရေးပြီး မင်နီဖြင့် တားထားလိုက်ပါသည်။ အဲဒီတော့ ကျွန်တော်က အဲဒီမှာ ခပ်ငယ်ငယ်က ဖတ်ရတာနော်။

http://www.cherrythitsar.org



ကျွန်တော်က ဒီစာကို အလွတ်ရထားတာ။ ဘယ်လောက် စွဲခဲ့သလဲ စဉ်းစားကြည့်ပေါ့။ ဒါပေမယ့် အဲဒီမှာ ဦးချစ်မောင်ပြောတဲ့ ရိုးဂုဏ်ဟာ ရဖို့မလွယ်ပါဘူးဆိုတာ ကျွန်တော် သာမန်လောက်ပဲ ထင်ခဲ့တယ်။ ငယ်ငယ်တုန်းက မသိဘူး။ အခုကြီးတော့မှ ရိုးဂုဏ်ကို ရဖို့ မလွယ်ဘူးဆိုတာ ဟုတ်ပါလား၊ ရိုးသားတဲ့ဥစ္စာနော်။ ရိုးရိုးသား သား လုပ်လို့ရှိရင် တစ်ခါတလေ ငတ်တာ၊ အဲဒီအငတ်ခံနိုင်တဲ့ သတ္တိ၊ လွယ်တယ်မထင်နဲ့။ ရိုးရိုးသား အမှန်အတိုင်းပြောလိုက်ရင် လူမုန်းများချင်တယ်၊ များတာ။ ဒါပေမယ့် အဲဒီလို လူမုန်းခံပြီး ပြောဝံ့တဲ့သတ္တိဟာ လွယ်တယ်မထင်နဲ့။ ဒါကြောင့် လူငယ်တွေကို သတ္တိမွေးဆိုတာ အဲဒါကို ပြောတာ။ ပထမဦးဆုံး သတ္တိက ခုနက အဓိဋ္ဌာန်ချလိုက်ဖို့ ဘဝတိုးတက်ရမယ်ဆိုတဲ့ အဓိဋ္ဌာန်ချဖို့ကို ပထမဆုံး သတ္တိ။ အဲဒီ သတ္တိ မရှိရင် မောင်ရင် နောက်ဆုတ်လိုက်ပါ။

ဘာကြောင့်လဲဆိုတော့ လောကကြီးမှာ သတ္တိရှိတဲ့လူအတွက် သာနေရာပေးပါတယ်။ လောကကြီးတစ်ခုလုံးက သတ္တိရှိတဲ့လူတွေ ဖန်တီးထားတာပါ။ သိပ် အားမငယ်ပါနဲ့။ မင်းသတ္တိ တော်တော်ရှိပါ တယ်။ ဘုရားလောက် မလိုပါဘူး။ ဘုရားက လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်းကို စိန်ခေါ်ပြီး ပါရမီဖြည့်လိုက်တဲ့ သတ္တိ၊ အဓိဋ္ဌာန်ပြုလိုက် တဲ့ သတ္တိ၊ အဲဒီလောက်ထိအောင် မလိုပါဘူး။ ဆရာမင်းဆွေ တစ်ခါတုန်းက ရေးခဲ့သလိုပဲ၊ ဘာဝတ္ထုမှန်းတော့ ကျွန်တော် မမှတ်မိ တော့ဘူး။ အဲဒီအထဲမှာ ကြိုးစားက ဘုရားဖြစ်နိုင်၏၊ ဘုရားအလုပ် ထက် ခက်သောအလုပ် ဘာမျှမရှိ၊ ရှေ့တွင်တိုးလေတက်လေ ကြံစည်လေတဲ့။ ကြိုးစားပါ။ ဘုရားအလုပ်ထက် ခက်သောအလုပ် လောကမှာ ဘာမျှမရှိဘူး။ မင်း သတ္တိရှိရင် စိန်ခေါ်ကြည့်၊ လုပ်ကြည့်ပါ။ ဖြစ်တယ်၊ ယုံစမ်းပါ။ ဘဝကိုတိုးတက်ရမယ်ဆိုတဲ့ စိတ်ကလေးရှိရင်

http://www.cherrythitsar.org



လုပ်ကြည့်ပါ။ တကယ် တိုးတက်ရမယ်ဆိုတဲ့ ဥစ္စာ၊ အခြားသူကို ပြောလို့ရှိရင် နည်းနည်းခပ်ပေါ့ပေါ့ ဖြစ်သေးတယ်။ ငါကိုယ်တိုင် ပြောတာ။ ငါ တော်တော်နိမ့်ကျတဲ့ ဘဝကြီးက တက်လာရတာ။ တက္ကသိုလ်ဆိုတာ အိပ်မက်တောင် မမြင်ခဲ့ဘူး။ စိတ်ထဲမှာမပြောနဲ့ အိပ်မက်တောင် မက်လို့မရနိုင်တဲ့ ဘဝ။ ဒါပေမယ့် နောင်တစ်နေ့ ကျတော့ တက္ကသိုလ်မှာ ဆရာဖြစ်ခဲ့ရတယ်။ အကောင်းစား။ ဆရာ တောင်မှ ပေါ့တီးပေါ့ဆ ဆရာမျိုး မဟုတ်ဘူးနော်။ နောက် အခု ဒီစင်ပေါ်မှာ ဒီမှာ စကားပြောနေတဲ့ အဆင့်ကို ရောက်လာခဲ့သေး တယ်။

ထားပါ။ အဲဒါတွေကို ပြောနေရင် အတ္ထုပ္ပတ္တိတော်ကြီး ဖြစ်သွားလိမ့်မယ်။ အဲဒီတော့ သတ္တိသိပ်ကောင်းဖို့လိုတယ်။ မာသလား၊ ပျော့သလား။ လောကကြီးမှာ မာတဲ့လူအတွက် နေရာရှိတယ်။ ပျော့တဲ့လူအတွက် နေရာမရှိဘူး။ သံချွန်ကို သစ်သားပေါ်မှာ ဒိုင်းခနဲ ရိုက်လိုက်တာ၊ သံချွန်ဝင်သွားတာက သစ်သားကပျော့လို့၊ သံချွန်အတွက် နေရာဖယ်ပေးလိုက်ရတာ။ အဲဒီသံချွန်ကိုကျောက်တုံး ပေါ်မှာ ရိုက်ထည့်လိုက်ရင် ဒိုင်းခနဲ ကွေးသွားတာပေါ့။ ကျောက်တုံး က ဖယ်မပေးဘူး။

ဆောရီး၊ I'm sorry ပဲ။ ဒါ့ကြောင့် မင်း ပျော့သလား၊ မာသလား။ ပျော့ရင် နေရာဖယ်ပေးလိုက်ပါ၊ မာရင် နေရာယူပါ။ အဲဒီတော့ မင်းကိုယ်မင်း သတ္တိမွေးပါ။ သတ္တိဆိုလိုက်တဲ့ ကိစ္စဟာ ကျင့်ယူလို့ရတယ်။ ဒါပေမယ့်လို့ နှစ်မျိုးရှိတယ်။ ကာယသတ္တိနဲ့ စိတ္တသတ္တိ။ သို့မဟုတ် (moral courage) စာရိတ္တသတ္တိ၊ နှစ်ခုရှိ တယ်။ ကာယသတ္တိအကျင့်က လွယ်တယ်။ စိတ္တသတ္တိက ကျင့်တာ ခက်တယ်။ ကာယသတ္တိကျတော့ ရန်မဖြစ်ဝံ့တဲ့ ကလေးကို ဂျူဒိုတို့၊

http://www.cherrythitsar.org



ကာရာတေးတို့ တော်အောင်သင်ပေးထားလိုက်လို့ ဂျူဒိုခါးပတ်နက် ဖြစ်လို့ရှိရင် ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး။ ယုံကြည်လာတယ်။

စာရိတ္တသတ္တိမှာ အဲဒီလိုယုံကြည်မှုက ဘယ်ကမှရသလဲဆိုတော့ ခုနက ပြောခဲ့တဲ့ စာဖတ်ခြင်း၊ တိုးတက်ချင်တဲ့စိတ်မျိုး ပေါ်တဲ့ အတွက် စာဖတ်ခြင်း၊ ပညာရှိတို့၏ စကားကို နားထောင်ခြင်း၊ အဲဒီလိုလုပ်ပြီးတော့မှ ကိုယ့်စိတ်ကို ကိုယ်မွေးယူ၊ မွေးယူ၊ အဆင့်မြင့် သထက် မြင့်အောင် စိတ်ကိုမွေးယူပါ။ အဲဒါမှ သူက မြင့်လာတာ။ စိတ်ကလဲနော် ကြွက်သားရှိတယ်၊ လူမှ ကြွက်သားရှိတယ် မထင်နဲ့။ စိတ်လည်းကြွက်သားရှိတယ်။ စိတ်ရဲ့ကြွက်သားက မြင်ရတာမျိုးမဟုတ် ဘူး။ လူရဲ့ကြွက်သားကကျတော့ အလေးက အောက်ကိုဆွဲချတယ်၊ ကိုယ်က ဆွဲမတယ်။ နောက်တော့ လက်မောင်းတွေဘာတွေကြီးလာ တယ်။ အဲဒီလိုပဲ၊ စိတ်ရဲ့သတ္တိကျတော့ အခက်အခဲတွေတွေ့ရင် အဲဒါကို ရင်ဆိုင်၊ ပြန်စစ်ကြည့်။

ကျောင်းသားတွေကို ပြောမယ် ဆိုလို့ရှိရင် ပုစ္ဆာတစ်ပုဒ်၊ ခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်ကို တွက်ကြည့်။ တွက်ကြည့်လို့ မရတော့မှ လက်လျှော့။ ကိုယ်ကိုယ်တိုင် အကြိမ်ကြိမ် တွက်လို့ မရတော့မှ လက်လျှော့။ ဆရာ့ကို မေး။ အဲဒီလို သင်္ချာတစ်ပုဒ်ရဲ့ စိန်ခေါ်မှုကို လက်ခံဝံ့တဲ့ သတ္တိမျိုးကို ကြာရှည်မွေး။ အဲဒါဟာ စိတ်ကြွက်သားရဲ့ သတ္တိရဲ့ နည်းပဲ။ အဲဒီလို သတ္တိမျိုးမွေးပါ။ အဲဒီသတ္တိမရှိရင်တော့ ဖြင့်ရင် မင်းနောက်ဆုတ်ပေးလိုက်ပါနော်။ အဲဒီလို သတ္တိမွေးဖို့ကိစ္စဟာ ပင်ပန်းတယ်နော်။

ကျောင်းစာဆည်းပူးတာမှာတောင် ဆရာကိုချည်း အားကိုးမနေ ပါနဲ့၊ မင်းကိုမင်း ခိုင်းစမ်းပါ၊ ကိုယ့်ဘာသာကိုယ် စဉ်းစားစမ်း

http://www.cherrythitsar.org



ပါနဲ့။ ငယ်ငယ်မှာ ကိုယ့်ကိုယ်ကို ခိုင်းရတယ်နော်။ ငယ်ငယ်မှာ ကိုယ့်ကိုယ်ကို မခိုင်းရင် ကြီးလာရင် သူများခိုင်းတာ ခံရတတ်တယ်။

မောင်ရင်တို့ ငယ်ငယ်မှာ ခိုင်းပါ။ ကိုယ့်ကိုယ်ကို အဲဒီခိုင်းတဲ့ ဥစ္စာရယ်၊ ကိုယ့်ကိုယ်ကို ကိုယ့်အမိန့်ကို နားထောင်တာ သတ္တိ။ လူတွေဟာ ကိုယ့်အမိန့်ကို ကိုယ်နားထောင်တယ် မထင်နဲ့နော်။ သူများခိုင်းတဲ့ အမိန့်ကိုသာ ကျိုးနွံတာ။ ကိုယ့်ကိုယ်ကို ကိုယ့်အမိန့်ကို ကိုယ်ကျိုးနွံတဲ့လူ တော်တော်နည်းတယ်။ သူများခိုင်းတာသာ 'ဟုတ်ကဲ့' ဘာညာဆိုတာပြောတာ ဟုတ်လား၊ သူများခိုင်းမှ။ ကိုယ့်ဘာသာ ကိုယ်ကျတော့ မနက်ခုနစ်နာရီ၊ ငါးနာရီ အိပ်ရာထရမယ် ဆိုလို့ရှိရင် မနက်ငါးနာရီ နှိုးစက်က နှိုးတော့ ကိုယ်က မထချင်။ နေပါစေ၊ ရပါတယ်။ အဲဒီနှိုးစက် ပိတ်လိုက်ရော။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကိုကိုယ် မကျိုးနွံလို့။ ကိုယ့်ကိုကိုယ် မကျိုးနွံရင် ကိုယ်ခိုင်းတာ ကိုယ့်ကိုကိုယ် မကျိုးနွံရင် သူများကို ကျိုးနွံအောင် ဘယ်တော့မှ မခိုင်းနိုင်ဘူး။ မိမိကိုယ်ကိုမိမိ မအောင်သမျှ ကာလပတ်လုံး လောကကြီးကို မအောင်နိုင်ဘူးဆိုတာ ပုံသေယံုပါ။

ဒါကြောင့် ပထမဦးဆုံး ကိုယ့်ကိုကိုယ် ကျိုးနွံတဲ့သတ္တိ၊ ကိုယ့်ကိုယ်ကို အားကိုးတဲ့သတ္တိ၊ စိန်ခေါ်ခြင်းကို လက်ခံဝံ့တဲ့သတ္တိ၊ ရန်ဖြစ်လို့ စိတ်ခေါ်တာ မဟုတ်ဘူးနော်။ အခက်အခဲ မေးခွန်းပုစ္ဆာ၊ စာပေ၊ ကိုယ်လုပ်နေတဲ့ သင်ခန်းစာတွေရဲ့ စိန်ခေါ်ခြင်းကို လက်ခံဝံ့တဲ့သတ္တိ။ တစ်ဆိတ်ကလေးရှိ ဆရာကို အားကိုးတဲ့ဟာမျိုး မလုပ်ဘဲနှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်အားကိုးရပ်ချင်တဲ့သတ္တိ။ အဲဒီသတ္တိမျိုး ဖြစ်အောင်မွေးပါ။

အဲဒီလို မွေးလာတဲ့လိုက်ရင် ခုနကတုန်းက အမိဋ္ဌာန်ပါ ထပ်ပြီး ခိုင်လာလိမ့်မယ်။ ကောင်းပြီ။ ပထမဦးဆုံး ဘဝနဲ့

http://www.cherrythitsar.org



ပတ်သက်ပြီးတော့ ခုနက သတ္တိရယ်၊ ဘ၀တိုးတက်ရမယ်ဆိုတာ ရယ်၊ အဲဒါကို ပြောပြီးတဲ့နောက် အရေးအကြီးဆုံးတစ်ခုကို ပြော တော့မယ်။ တကယ်ဆိုတော့ ဒါကစတောင် ပြောရမှာ။ သို့သော် ခုနက ရှေ့က အမိန့်ခွန်ပြောချင်လို့ ရှေ့က တင်လိုက်တာ။

ခု နောက်ပြောရမှာက မင်း ကြီးပွားချင်သလား၊ တိုးတက်ချင် သလား။ ကြီးပွားချင်ပါတယ်၊ ဘ၀မှာ အောင်မြင်ချင်ပါတယ်၊ တိုးတက်ချင်ပါတယ်ဆိုရင် အသက်ရှည်ပစေနော်။ အစောကြီးသေ ကြည့်ပါလား။ ဘ၀ မရှိတော့ဘူး။ ဘ၀ဆိုတာ အသက်ကိုပြောတာ။ အဲဒီ အသက်ကလေးထွက်သွားတော့ သွားပြီ၊ ဘ၀ဆိုတာ မရှိတော့ ဘူး။ ဘ၀မှာ တိုးတက်ချင်ရင် အရေးကြီးဆုံးက ဘာလဲဆိုတော့ အသက်ရှည်အောင်လုပ်ပါ။

အသက်ရှည်ဖို့ဆိုတဲ့ကိစ္စက ခပ်ငယ်ငယ်တွေဟာ လူငယ် တွေဟာ ကလေးတွေပေါ့၊ ကျွန်တော်တို့လည်း ဒီလိုပဲ၊ ကျွန်တော်လည်း ငယ်ငယ်က ဒီအတိုင်းပဲ၊ ကိုယ် ဘယ်တော့မှ မသေမှာလို့ပဲ။ သေတယ်ဆိုတာ လူကြီးတွေကိစ္စပေါ့။ ဒါ ကိုယ်နဲ့ မဆိုင်ဘူး၊ အဲဒီလို အောက်မေ့တာ။ အခု ငါတို့တင် မဟုတ်၊ မင်းတို့လည်း ဒီအတိုင်း ဖြစ်နေတာ။ ကိုယ့်ဘာသာကိုယ် ပြန်စစ်ကြည့်။ သေတယ်ဆိုတာ လူကြီးမှာပေါ့၊ တို့နဲ့ မဆိုင်ဘူးလို့ အောက်မေ့တာ။ တို့နဲ့ မဆိုင်ဘဲ သေမှသေနေကြတာ အများကြီး။

အဲဒီတော့ အသက်ရှည်အောင် ဘာလုပ်ရမှာလဲ။ ကျန်းမာရေးကို ဂရုစိုက်ပါ။ ကျန်းမာရေးကို ဂရုစိုက်တယ်ဆိုတာ ဘာလဲ။ အစား အသောက် အနေအထိုင် အသက်ကို ဉာဏ်စောင့်တယ်ဆိုတာ သိထားနော်။ ရုတ်တရက်ဆိုလို့ရှိရင် ဒီ အမွေနဲ့ မဆိုင်ဘူးလို့ ထင်ရတယ်။ အရေးကြီးဆုံးနော်။ ဒီကိစ္စမှာ ဘ၀မှာ အသက်မရှိရင်

http://www.cherrythitsar.org



ဘဝမရှိဘူး။ အဲတော့ ကျန်းမာရေးကို ဂရုစိုက်။ ဂရုစိုက်တဲ့အထဲမှာ ဘာ သိပ်အရေးကြီးသလဲဆိုတော့ အပျော်အပါး၊ ကြပ်ကြပ်သတိထားပါ။ အခုကျတော့ မူးယစ်ဆေးဝါးကို ရောက်သွားပြီ။

ခုနက အပျော်အပါးဆိုတဲ့ ဥစ္စာ။ 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့' စာအုပ်မှာဆိုရင် ကျွန်တော်ရေးထားတယ်။ အဲဒီ မောင်ရင်တို့ ခေတ်မှာဆိုရင် အရက်ကိစ္စ၊ ဒါဟာ ခေတ်စားသလို ဖြစ်နေတယ်။ ဒီလို ခေတ်စားနေတဲ့ အဖြစ်ဟာ ကလေးတွေရဲ့ အပြစ်လည်း မဟုတ်ဘူး။ ဒီအရက်က ဖြစ်လာတဲ့ ကိစ္စဟာ လူကြီးတွေရဲ့ အပြစ်ဖြစ်တယ်။ လူကြီးတွေကြောင့် ဖြစ်ရတာ။ ကျွန်တော်တို့လို လူကြီးတွေပေါ့။ ကျွန်တော်တို့လို လူကြီးတွေကလည်း ဘာကြောင့် ဖြစ်လာတယ်ဆိုတော့ ကျွန်တော်တို့ထက်ကြီးတဲ့ လူကြီးတွေကြောင့် ဖြစ်လာတာ။ အဲဒီတုန်းက ဘာကြောင့်ဖြစ်လဲဆိုတော့ အဲဒီအရက်ကို သောက်သောက်သွားမိကြတာ ဘာကြောင့်လဲဆိုတော့

ဒုတိယကမ္ဘာစစ်ကြီး။ စစ်ဖြစ်တယ်ဆိုတာ ကလေးတွေကြောင့် ဘယ်တော့မှ စစ်မဖြစ်ဘူး။ အဲဒီ လူကြီးအရူးတွေကြောင့် စစ်ဖြစ်တာ၊ ဟုတ်လား၊ ဟုတ်တယ်လေ။ ကမ္ဘာမှာရှိတဲ့ ဒုတိယကမ္ဘာစစ်ကြီး၊ ဟစ်တာလာအာဏာရူးလို့ စစ်ဖြစ်ခဲ့တာ။ လူကြီးတွေကြောင့် စစ်ဖြစ်တာ၊ အဲဒီလူကြီးတွေကြောင့် စစ်ဖြစ်တော့ အောင်သင်းတို့က တောရွာတွေပြေး။ တောပြေးရင်း တောက ပေတေတေကောင်တွေနဲ့တွေ့၊ ဒီတော့ ထန်းရည်လေး ဘာလေးသောက်၊ အဲဒီကတစ်ဆင့် တစ်ဆင့် တက်လာတာ။ သိလား။ အဲဒီကနေ ကြီးလာတဲ့အခါကျတော့ အရက်ဖြစ်လာတာပေါ့။

အဲဒီတော့ လူကြီးတွေက အဲဒီလိုပျက်တော့ ကလေးတွေက ကျတော့ ပတ်ဝန်းကျင်မှာ အရက်သောက်တာ အထူးအဆန်း မဟုတ်

http://www.cherrythitsar.org



တော့ဘူး၊ ရိုးသွားပြီ။ ဒါပေမယ့် အရက်သောက်တာက ရိုးသွားပေမယ့်၊ အရက်သောက်တာဟာ လူရဲ့စိတ်ထဲမှာ ရိုးသွားပေမယ့် အရက်ရဲ့ ဂုဏ်သတ္တိဟာ ရိုးမသွားဘူး။ သူဟာ အမြဲတမ်း ဩဇာအာဏာရှိတယ်။ ဘာကြောင့်လဲဆိုတော့ အရက်သောက်တဲ့ ဥစ္စာ သောက်ပြီးလို့ရှိရင် အရက်မှာ မနေဘူး။ နောက်တစ်ဆင့် တက်တယ်။ အဲဒီနောက် တစ်ဆင့်က အပျော်အပါး ဘာညာဆိုတဲ့ကိစ္စ ဖြစ်ချင်ဖြစ်မယ်။ အိမ်ကြီးအိမ်ကြားသွားတဲ့ကိစ္စ ဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ်လို့ရှိရင် ခုနက မူးယစ်ဆေး ဖြစ်ချင်ဖြစ်မယ်။ ဘိန်းဖြူ ဖြစ်ချင် ဖြစ်မယ်။ တကယ်ပါ၊ ကျွန်တော် တကယ်ကြုံခဲ့တာပါ။ စာအုပ်ထဲမှာ ဖွင့်ဟ ဝန်ခံထားတယ်၊ ဖတ်ကြည့်ပါ။ ကြော်ငြာရသေးတယ်။

အဲဒီထဲမှာ ရေးပြီးသားဆိုတော့ ဒီနေရာမှာ အချိန်မကုန်စေချင်လို့ မပြောတော့ပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် သွားတာဟာ အရက်က အရက်ရဲ့ ဂုဏ်သတ္တိဟာ တစ်ပြားသားမျှ မလျော့ဘူး။ ဧကော၊ တစ်ခွက်သောက်မူကား၊ သုညံ၊ ဆိတ်ငြိမ်၏။ အရက်မှိန်းပြီး ငြိမ်ကျသွားတာပေ့ါ။ အဲဒါက အရက်သမားတွေရဲ့ ဂါထာ။ ဘုရား ဟော ပါဠိတော် ဘာပါဠိနဲ့မှ မဆိုင်ဘူး။ အရက်သမားတွေ မူးမူးနဲ့ တောင်ပြောမြောက်ပြော လုပ်ထားတဲ့ ပါဠိ။ အဲ ဒွိယော၊ နှစ်ခွက် သောက်မူကား၊ သူရံ၊ ရဲရင့်၏။ ဘာလဲကွ၊ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ အသည်းကို ကြော်စားမယ်၊ ဘယ်ခွေးကိုမှ လူမထင်ဘူး ဘာညာပေ့ါ။ တြိယော၊ သုံးခွက်သော်မူကား၊ သုနခေါ၊ ခွေးဖြစ်၏တဲ့။ ဒီတော့ သူတို့စကားအတိုင်း အရက်ရဲ့ ဂုဏ်သတ္တိက ဟိုတုန်းကလည်း ဒီအတိုင်းပဲ၊ အခုလည်း ဒီအတိုင်းပဲ။ မောင်ရင်တို့ အရက်သောက်တဲ့ ဥစ္စာ သတိထား။ မင်းတို့ခေတ်မှာ အဲဒီကနေ သတိထားဆိုတာ အဲဒီကနေ နောက်တစ်ဆင့် တက်တတ်လို့ ပြောနေတာ။ ဟိုသင်္ဇာ

http://www.cherrythitsar.org



ဆရာတော်ဘုရားကြီး ပြောသလိုပဲ။ အရက်က အရေးမကြီး ဘူးတဲ့၊ အဲ ချိုထောင်လေးလိုပဲကွ၊ သူ့ကြောင့် ဒီပြင်ဟာတွေဖြစ်ဖြစ် ကုန်ကြလို့ ပိုအရေးကြီးတယ် ဆိုတဲ့စကား။ အဲဒီဟာ တစ်ချက် သတိထားပါ။

ကျန်းမာရေး၊ ကျန်းမာရေးမှာ အထူး သတိထားဖို့က အရက်။ အရက်က ဘာဖြစ်လို့လဲဆိုရင် အရက်ထက်ဆိုးတဲ့ ဘက်ကို သူက သွေးဆောင်ပြီး ခေါ်သွားလိမ့်မယ်။ သူက ဒလန်။ မကောင်းတဲ့ဆီကို သွားဖို့အတွက် ဓားပြတိုက်ဖို့လို့အတွက် ခိုးဖို့လို့အတွက် ရန်ဖြစ်ဖို့လို့ အတွက် အဲဒါအတွက်ကို သူက ဒလန်လုပ်တာ။ အရက်က ဒါကြောင့် မို့ အဲဒါကို သတိထား။ အရက်ကြောင့် သေတတ်တယ်နော်။ မော်တော်ကားပေါ်က လိမ့်ကျတာတွေကို ပြောတာမဟုတ်ဘူး။ အလကားနေရင်း အာချောင်ပြီး ပြောလို့ ဓားနဲ့အထိုးခံရပြီး သေရတာ တွေ တစ်ပုံကြီးနော်။

နောက်တစ်ခုက အသက်ရှည်ဖို့အတွက် အဲဒီ အပြင် ကြပ်ကြပ် သတိထားဖို့က ရန်ကုန်လိုဟာမျိုးမှာ သာပြီး သတိထားရတယ်။ အဲဒါ ဘာလဲဆိုတော့ မတော်တဆ ထိခိုက်မှု၊ ဘတ်စ်ကားကူးတာက အစ၊ ဘတ်စ်ကားစီးတာကအစ မောင်ရင်တို့ လက်က တွဲလောင်းလေး ဘာလေး ညာလေးနဲ့ ခိုစီးကြ။ အဲဒီလိုနဲ့ တဖုန်းဖုန်းသေနေတာတွေ အများကြီး။ အရေးပေါ်မှာ နေ့စဉ်ရောက်တယ်။ ဟုတ်လား။ ဆေးရုံ အရေးပေါ်ဌာနမှာ။ အဲဒီတော့ ပြောချင်တာက မတော်တဆ ဖြစ်မှု၊ အဲဒီ မတော်တဆမှုမှာက မင်းတို့ သိပ်သတိပေးချင်တာက ဘာလဲဆိုတော့ ပျော်ရင်းကနေ မတော်တဆဖြစ်မှု၊ သင်္ကြန်တွင်းမှာ နော်၊ နှစ်စဉ် နေ့တိုင်း နေ့တိုင်း ဆယ့်ငါးဦးထက်မနည်း ရောက်တယ်၊ အရေးပေါ်မှာ။ တချို့က လူစဉ်မမီတော့တဲ့ထိ ကျိုးသွားတယ်၊ ပဲ့သွားတယ်၊ မျက်စိကွယ်သွားတယ်။ နည်းနည်းပါးပါး ဖလားလေးနဲ့

http://www.cherrythitsar.org



ခုတ်လိုက်လို့ နဖူးပဲ့သွားတယ်။ ဒါမှမဟုတ် တချို့ ကားမှောက်သွားတယ်။ အပျော်လွန်တာတွေ။ ပျော်တာ။ သကြ်န်တွင်းက သုံးလေးရက်၊ အဲဒီ သုံးလေးရက်က ဘဝပျက်သွားတယ်။ အဲဒါကြောင့် မင်းတို့ကြပ်ကြပ် သတိထား။ မတော်တဆ မဖြစ်သွားစေနဲ့။ အသက်ဉာဏ်စောင့်တာ သတိ။ ဒါ မတော်တဆဖြစ်တာ။

လူတွေက တချို့တော်တော်များများဟာ သူများဖြစ်တဲ့ကိစ္စကို၊ သူများထိပေါက်ရင် ကိုယ်ပေါက်လိမ့်မယ်လို့ ထင်တယ်။ သူထိပေါက်ရင် ငါပေါက်လိမ့်မယ်လို့ ကံကို ယုံတယ်၊ အားကိုးတယ်။ ဒါကြောင့်လည်း ထိုးနေကြတယ်။ ထီထိုးနေတယ်။ ဒါပေမယ့်လို့သူများကားတိုက်လို့ရှိရင် ငါလည်းကားတိုက်နိုင်ပါလားလို့ ဘယ်တော့မှ မတွက်ဘူး။ အဲဒီကျရင် ကိုယ်တွက် တစ်ကွက်ချန်ထားတယ်။ ဟုတ်လား။ သူလည်း သဘာဝပဲ။ အဲဒီတော့ မင်းတို့သိထားဖို့က သကြ်န်တွင်းမှာ အဲဒီလို ဒုက္ခတွေ ဖြစ်တတ်သလို ကိုယ်လည်းဖြစ်သွားတတ်တယ်၊ ငါလည်း ဖြစ်သွားနိုင်တယ်၊ သတိထားပါ။ ဆိုလိုတာက သူများ ဖြစ်တာကို ကိုယ်လည်းဖြစ်တယ်။ သူများကောင်းတာဖြစ်သလို ကိုယ့်မှာလည်း ကောင်းတာဖြစ်နိုင်တယ်။ ဒါကိုတော့ လက်ခံတယ်။

အဲဒီလိုပဲ သူများမှာ ဒုက္ခရောက်သလို ကိုယ်လည်း မတော်တဆ ရောက်ချင်ရောက်နိုင်တယ်ဆိုတာကို အဲသလိုသိလို့ရှိရင် သတိကပ်လိုက်။ မင်း အသက်ရှည်လာလိမ့်မယ်။ အဲဒီလို မင်းလုပ်ကြည့်ပါ။

ဒါကြောင့် ဘဝတိုးတက်ဖို့အထဲမှာ အရေးကြီးတာက အသက်ရှည်ဖို့ တော်တော်အရေးကြီးတယ်နော်။ နောက်တစ်ခုက လူငယ်စိတ်ဓာတ်၊ မျိုးဆက်သစ်ထဲမှာလည်း ပြောတယ်။ အပေါင်း

http://www.cherrythitsar.org



အသင်း။ မင်း ကြီးပွားချင်သလား၊ တိုးတက်ချင်သလား။ မင်း ပေါင်းနေတဲ့ လူတွေရဲ့ အလားအလာ ဘယ်လောက်ရှိသလဲဆိုတာ ကြည့်။ အဲဒီလူတွေက ဘာလုပ်သလဲဆိုတာကိုကြည့်။ မင်း အဲဒီထက် များများ မြင့်လို့မရဘူး။ အလွန်ဆုံးမြင့် လက်တစ်လုံးပဲ။ ဒီထက် မြင့်လို့ မရဘူး။ ပတ်ဝန်းကျင်ကကောင်တွေ အကုန်လုံးက ဘာမှန်းမသိ ညာမှန်းမသိ၊ စာမဖတ် ပေမဖတ် ပေါ့လားဝါးလား လုပ်နေတယ်၊ မင်း အဲဒီကောင်တွေနဲ့ ပျော်နေတယ်ဆိုရင် မင်းဟာ တိုးတက်ဖို့ အလားအလာ မရှိတော့ဘူး။ သို့သော် တစ်ခုရှိတာက ကြပ်ကြပ် သတိထားဖို့က တစ်နေ့တုန်းက ဆရာကြီး ဦးအေးမောင်ကို အင်တာ ဗျူးလုပ်တယ်၊ စာပေဗိမာန်က ဆရာကြီးဦးအေးမောင် ဆိုတာက သိပ်တော်တဲ့ ပုဂ္ဂိုလ်ကြီး။ သူ ပြုခဲ့တဲ့ ကျမ်းတွေက အလေးအနက် တွေချည်းပဲ။ အဲဒါနဲ့ သူ့ရဲ့ ဗီဇနဲ့ ပတ်ဝန်းကျင် အကြောင်းနဲ့ ပတ်သက်ပြီး မေးခွန်းတစ်ခု မေးလိုက်တယ်။ မေးလိုက်တာက 'ဆရာကြီးလို့၊ ဗီဇနဲ့ပတ်ဝန်းကျင် လူငယ်တစ်ယောက် တိုးတက်ဖို့ အတွက် ဘယ်သင်းက ပိုပြီးအရေးကြီးသလဲ' ပေါ့။

သူက

'ပတ်ဝန်းကျင်ဆိုတာလည်း ပါတယ်၊ ဗီဇဆိုတာလည်း ပါတယ် ကိုအောင်သင်း'

သူပြောတဲ့အချက်ကနော်

'ဥပမာ ဆိုပါတော့၊ ကလေးတစ်ယောက် ငယ်ငယ်တုန်းက သန္ဓေကောင်းတယ်၊ သူ့ပတ်ဝန်းကျင် မိဘကလည်း ကောင်းတယ်၊ စိတ်ကောင်းလည်း ရှိတယ်၊ ဒါပေမယ့် တစ်နေ့ ကျောင်းသွားရင်း ကျောင်းမှာနေရင်းကနေ နည်းနည်းလေး ကြီးလာတော့ မကောင်းတဲ့

http://www.cherrythitsar.org



အကောင် တစ်ယောက်နဲ့ ပေါင်းမိလို့ ပျက်သွားတယ်ဆိုပါတော့၊ သူ့ကို ပတ်ဝန်းကျင်ကဖျက်တယ်လို့ ဆိုမှာပေါ့'

'ဟုတ်တယ်ဆရာ၊ အဲဒီလိုပဲ ပြောရမှာပေါ့'

'မဟုတ်ဘူး ကိုအောင်သင်း၊ မကောင်းတဲ့ အပေါင်းအသင်းကို ကြိုက်နေတာကိုက သူ့မှာ ဗီဇလေးပါလာတယ်၊ အဲဒါ မပါရင် သူ ဘယ်ကြိုက်လို့ရမလဲ၊ ဆိုလိုတာက ဂေါဏေန ဂေါဏော၊ နွားဆိုတာက နွားနဲ့ပဲ တွဲတယ်၊ ချိုကုပ်ရှိရာကို ချိုထောင်မလာ ဆိုတာလိုပေါ့၊ သူက ချိုကုပ်နဲ့သွားပြီးတော့ တွဲတဲ့ကိစ္စကိုက သူကလည်း ချိုလေး နည်းနည်းကုပ်လို့ ဖြစ်မှာပေါ့' တဲ့။

ပြန်စစ်ဆေးပါ။ မင်းမှာ ပတ်ဝန်းကျင် အဲဒီလို မကောင်းတဲ့ ညံ့တဲ့အပေါင်းအသင်းတွေနဲ့ မင်းတွဲရတာ ပျော်မွေ့နေပြီဆိုရင် မင်းမှာ အဲဒီဗီဇလေးပါတယ်။ နည်းနည်းလေးဖြစ်ဖြစ်၊ ငွေ့ငွေ့လေးဖြစ်ဖြစ် ပါတယ်။ အဲဒီဗီဇကို ချက်ချင်း ပျောက်အောင် လုပ်ပါ။ ပျောက် အောင်လုပ်လို့တော့ မရဘူးပေါ့နော်။ ပြုပြင်ပေးပါ။ ဖုံးဖိထားပါ။ အဲဒီမှာ မကောင်းတဲ့ ပတ်ဝန်းကျင်နဲ့ သွားတွေ့တယ်။ ပတ်ဝန်းကျင် ချက်ချင်းပြောင်းပစ်ပါ။ အဲဒီလို မဟုတ်ဘဲနဲ့ မပြောင်းနိုင်ဘူး ဆိုရင်တော့ဖြင့် အဲဒီ မင်းပတ်ဝန်းကျင်ထဲမှာပဲ မင်း မြုပ်ပေတော့။ ဘဝတိုးတက်ဖို့ မလုပ်ပါနဲ့တော့။ သူတို့ ကြားထဲမှာပဲ မင်းနေသွား တော့။ နေသွားတော့။ ဒီအတိုင်းက မတက်နဲ့တော့။ ကိစ္စမရှိဘူးနော်။ လောကကြီးကလည်း မင်းလိုလူမျိုးတွေကို သိပ် မလိုချင်ပါဘူး။ အစောကြီး သေသွားလည်း မပူပါဘူး။ တကယ်ပြောတာနော်။ လောကကြီးကလည်း ညံ့တဲ့လူတွေ စောစောသေရင် နှမြောတယ်များ ထင်နေသလား။ ကောင်းတဲ့လူတွေ စောစောသေရင်သာ နှမြောတာ။ ဟုတ်လား။ ပြောချင်တဲ့အဓိပ္ပာယ်က မင်း အဲဒီဘဝထဲမှာ မြုပ်သွားတာ။

http://www.cherrythitsar.org



နောက်တော့ လောကကြီးမှာ နိုင်းတဲ့လူနဲ့ အနိုင်းခံရတဲ့လူဟာ အနိုင်းခံရတဲ့လူဟာ ပိုများတယ်။ အဲဒီတော့ မင်း အဲဒီ အနိုင်းခံရတဲ့ လူထဲ ပါသွား၊ သွားပါ၊ ရပါတယ်။ မင်းအတွက် ဘာမှ မလိုပါဘူး။ အောက်တန်းကျဖို့ဆိုတာ ကြိုးစားနေဖို့ မလိုပါ ဘူး။ တစ်နေ့ ငါဟာ အောက်တန်းကျရမယ်ကွလို့ အဓိဋ္ဌာန်ဖို့ မလိုပါဘူး။ ဒီအတိုင်း ကျသွားမှာပါ။ ဒါကြောင့်မို့လို့ အပေါင်းအသင်း ပတ်ဝန်းကျင်ကို သတိထားပါ။ အပေါင်းအသင်း ပတ်ဝန်းကျင်က ငါပြောရဦးမယ်၊ ငါခပ်ငယ်ငယ်တုန်းက ကျောင်းပြေးတာ။ ငယ်ငယ်တုန်းက တော်တော့်ကို လိမ္မာတာ။ စာတို့ဘာတို့ တော်တော့်ကို ကြိုးစားတာ။ ခြောက်တန်းရောက်တဲ့ အခါကျတော့ ထွန်းဝေဆိုတဲ့ ကောင်၊ ခုထိ မှတ်မိတယ်။ ဒီကောင် သေသလား ရှင်သလား မသိပါဘူး။ တောကကောင်ပါ။ တစ်နေ့ကျတော့ သူက တောမှာ နည်းနည်း လူရတတ်ပေါ့။ အိမ်ကပိုက်ဆံ ခိုးလာတာနဲ့ တူတယ်။ ငွေတစ်ကျပ် ပါလာတယ်။ ငွေတစ်ကျပ်ဆိုတော့ မင်းတို့ စိတ်ထဲမှာ ပေါ့ပေါ့ ထင်နေတယ်။ ငွေတစ်ကျပ်ဆိုတဲ့ ပိုက်ဆံဟာ ငါတို့ခေတ်မှာ သုံးလို့ မကုန်ဘူး။ တစ်ကျပ်ဆိုတာ ဘိုးဘိုးအောင် ပိုက်ဆံ ကျနေတာပဲ၊ သုံးလို့ကိုမကုန်နိုင်ဘူး။ အဲဒီမှာ လက်ဖက်ရည်လည်း သောက် တတ်တာ မဟုတ်ဘူး။ ဟိုတယ်လည်း တက်တတ်တာမဟုတ်ဘူး။ တို့က ထမင်းသုပ်စား၊ ကြံရိုးစုပ်တာ ရှိတာကိုး။ နောက် ကမြင်းကြော ထပြီး သံပတ်ပေးတဲ့မော်တော်ကားလေး သုံးမူးပေးရတယ်၊ အဲဒါ ဝယ်ပြီး ဘုရာပေါ်သွားပြီးတော့ ကျောင်းပြေးတယ်။ အဲဒီကောင် စပြီးပေးလိုက်တဲ့ထရိန်နင်က နောက် ကျောင်းပြေးချင်လာတယ်။ ဒါပေမယ့် သူ့ကိုကြိုက်လိုက်တဲ့ ကိစ္စမှာ ကိုယ့်မှာလည်း ဗီဇနည်းနည်း ပါလာလို့ပေါ့။

http://www.cherrythitsar.org



နောက်ကျတော့မှ ကျောင်းပြေးတဲ့ ဥစ္စာ။ အသက်ကြီးမှ ပြန်ထိန်းယူရတယ်။

အဲဒီတော့ မင်းကိုယ်မင်း အပေါင်းအသင်းကို သတိထားပါ။ အပေါင်းအသင်းအသစ်တစ်ယောက်ကို တွေ့ရင် အကျင့်သစ်လေးတစ်ခု တိုးလာတတ်တယ်။ သတိထားနော်။ မင်းပတ်ဝန်းကျင်မှာ အပေါင်းအသင်းတစ်ယောက်တိုးလာလို့ရှိရင် အထူးသဖြင့် အဲဒီကောင်က born leader လို့ခေါ်တဲ့ နည်းနည်းကို ဦးဆောင်တတ်တဲ့ကောင်၊ အာကောင်းတဲ့ကောင်။ အဲဒီအပေါင်းအသင်းတစ်ယောက် တိုးလာလို့ ရှိရင် မင်းကိုယ်မင်း ပြန်စစ်ဆေးရမှာက အဲဒီကောင်ကြောင့် နောက်ထပ် မင်းအလေ့အထသစ် ဘာလုပ်မိသလဲဆိုတာတွက်ထား။ ဘုရားသွားမိသလား၊ ပုတီးစိပ်မိသလား၊ ကျောင်းတက်မိသလား၊ ဥပုသ်စောင့်မိသလား။ ဘုရားပေါ်သွား တံမြက်လှည်းမိသလား။ သို့မဟုတ် ဘုရားပေါ်က ခိုတွေကို သွားပစ်မိသလား။ သို့မဟုတ်လို့ရှိရင် ဘုရားပေါ်က အတွဲတွေ လိုက်ချောင်းကြည့်သလား၊ အဲဒါမျိုးတွေပေါ့။ အဲဒီ ဘယ်လိုအကျင့်မျိုးတွေ ပေါ်လာသလဲဆိုတာ ပြန်စစ်ဆေး။ အဲဒီအကျင့် အကောင်းဘူးဆိုရင် ဒီကောင်ကြောင့် ငါ ဒီအကျင့်ပေါ်လာတာပဲ။ သူ့ကို သတိထားပါ။ ခွာပစ်ဖို့ မဟုတ်ပါဘူး၊ သူ့ကို သတိထားပါ။ သူခေါင်းဆောင်တဲ့ဥစ္စာ သိပ်မလိုက်နဲ့။ လူတွေဟာ အပြောကောင်းတဲ့လူတွေ ခေါင်းဆောင်ရာနောက်ကို လိုက်တတ်တယ်။ ခပ်ငယ်ငယ်မှာ ပိုဆိုးတယ်။ အဲဒီ ပြေးတဲ့ကောင်၊ ပေတဲ့ကောင်၊ တေတဲ့ကောင်တွေဟာ များသောအားဖြင့် အပြောကောင်းတဲ့ လူတွေများတယ်။ ဟာဘယ်လိုချလိုက်တာ၊ ငါ ဘယ်လို 'ပေးထည့်' လိုက်တာ။ ဒါတွေ ဘာတွေ လာတာ။ လာတဲ့အခါကျတော့၊ သူက ဟန်နဲ့ပန်နဲ့ ပြောတဲ့အခါကျတော့ ကိုယ်ကတော့ မလုပ်ဘူးပေါ့၊

http://www.cherrythitsar.org



သူနဲ့ရောပြီး လိုက်မယ်၊ ဟီးရှိုးလိုဖြစ်မယ်။ ဒီကောင်က ကိုယ့်ကို ဟီးရှိုးဖြစ်မယ်။ သူနဲ့ရောပြီး ဝါးရမလို ဘာလို ဖြစ်တယ်။ ဒါ့ကြောင့် အပေါင်းအသင်း သတိထားပါ။ အသစ်တစ်ယောက် တစ်ယောက် တိုးလာတိုင်း တိုးလာတိုင်း ကိုယ့်မှာ တိုးလာတဲ့ အလေ့အထသစ်၊ အလေ့အကျင့်သစ်ကို သတိထားပါ။ ဒါ အရေးကြီးပါတယ်။

နောက် ပြောရဦးမယ်။ အဲဒီဥစ္စာ မင်္ဂလာသြဝါဒစကားတွေ ဘာတွေပါ။ မင်္ဂလာသြဝါဒစကားတွေ ဘာတွေ မပြောတတ်ပါဘူး။ တို့က ရှုရှီရှုရက်တွေ မလုပ်တတ်ပါဘူး။ ဥုံတွေဘာတွေ မလုပ်တတ်ပါဘူး။ မလုပ်တတ်တော့ တစ်ခါတလေ သြဝါးစကားတွေ ဘာတွေ ပြောစမ်းပါဆိုတော့ ပြောရတာပေါ့။ အဲဒီလင်မယားကို ကျွန်တော် ထည့်ပြောမယ်။ လင်ရဲ့ အပေါင်းအသင်းကို သတိထား။ လင်ကလည်း မယားရဲ့ အပေါင်းအသင်းကို သတိထား။ ဘယ်အပေါင်းအသင်း တစ်ယောက်တိုးလာမှ ဘာအကျင့်ပေါ်လာသလဲဆိုတာ။ ငါ့ယောကျ်ား ဟာ ဘယ်အပေါင်းအသင်းပေါ်လာတော့မှ ဗီလီယက်ထိုးလာတယ်၊ သို့မဟုတ် ကျားကစားလာတယ်၊ သို့မဟုတ်စစ်တုရင်ကစားလာတယ်၊ သို့မဟုတ် ဘီယာလေးဘာလေးစုပ်လာတယ်၊ အရက်သောက်လာတတ်တယ်၊ အိမ်ပြန်နောက်ကျလာတယ်၊ ဒါသတိထား။ နည်းနည်းလေး ခြေလှမ်းဖောက်လာလိုက်လို့ရှိရင် အဲဒါကို သတိပေး။

မိန်းမကိုလည်း သတိထားကြည့်။ ဘယ်မိန်းမအပေါင်းအသင်းက ဘယ်မိန်းမရောက်လာမှ သူဟာ အိမ်တကာလည်ပြီး အတင်းပြောသလား၊ ဒါမှမဟုတ် အိမ်နေပြီး ဘာမှမလုပ်ဘဲ အလကားနေရင်း သန်းဥဆွဲနေသလား၊ အဲဒါမျိုးတွေပေါ့။ သတိထားကြည့်။ ကျွန်တော် အဲဒီလို ပြောရတယ်။

http://www.cherrythitsar.org



အဲဒီအတိုင်းပဲ။ မင်းပတ်ဝန်းကျင် အပေါင်းအသင်းကို သတိထား။ မကောင်းလို့ရှိရင် မကောင်းတာတွေထဲမှာ ပျော်မွေ့နေရင် မင်းမှာ အဲဒီ ဗီဇလေး ပါတယ်ဆိုတာ သိပါ။ အဲဒီဗီဇကို ငုပ်သွားအောင် လုပ်ပါ။ တတ်နိုင်သမျှ ချိုးနှိမ်ထားပါ။ လုံးဝပျောက်သွားအောင်တော့ လုပ်လို့ မရဘူး။ ဒါကြောင့်မို့လို့ ကိုယ့်ကိုကိုယ် ပြန်သတိထားပါ။ အပေါင်းအသင်း သတိထားပါ။ အထူးသဖြင့် အသစ်တိုးတိုးလာတိုင်း သတိထားပါ။ အဲဒီ အပေါင်းအသင်းထဲမှာ စကားပြောကောင်းပြီး ဩဇာညောင်းအောင် လုပ်တတ်တဲ့ အပေါင်းအသင်းမျိုးဖြစ်လာလို့ရှိရင် ပိုပြီး သတိထားပါ။ တွေ့ကြလို့ရှိရင် ကောင်းချင်လည်းကောင်းသွားနိုင်တယ်နော်၊ သိပ်ကောင်းတယ်။ ဆိုးချင်ရင်လည်းဆိုးသွားနိုင်တယ်။ ဒါ့ကြောင့် ဒါကို သတိပြုပါလို့ ပြောချင်တာ။

နောက်တစ်ချက်။ ပထမ အပေါင်းအသင်းနဲ့ပတ်သက်လို့၊ နောက်တစ်ခုက လူငယ်တွေ ဥစ္စာရယ် ပညာရယ် ဘာရှာမလဲဆိုတာ၊ ဒီနေ့လူငယ်တွေရဲ့ ပြဿနာက အဲဒါ သိပ်အရေးကြီးနေတယ်။ ကျောင်းနေတော့ ဘာလုပ်ရမှာလဲ။ ဟုတ်လား။

အကုန်လုံး ဒီသင်ခန်းစာကို ဟိုတစ်ခါလည်း ကျွန်တော်ပြောခဲ့ပါတယ်။ ဟိုပွဲတွေမှာလည်း ပြောခဲ့ပါတယ်။ ဒီ သူ့ကျွန်ဖြစ်တဲ့ကိစ္စကို။ ဘာကြောင့် ဖြစ်တာလဲ။ သုံးကြိမ် အင်္ဂလိပ်နဲ့ စစ်တိုက်တာသုံးကြိမ်စလုံးရှုံးတယ်။ ဘာဖြစ်လို့ရှုံးလဲ။ ပညာမတတ်လို့ ရှုံးတာ။ ဒါပဲ။ ဗန္ဓုလလောက် မျိုးချစ်စိတ် ရှိဦးမလား။ ဗန္ဓုလလောက်ဘယ်သူ သတ္တိကောင်းဦးမလဲ။ ဟိုက 'ထုန်း' ဆိုတော့ သေရော။ ကိုယ်ကမှ ပြန်မ 'ထုန်း' နိုင်ဘဲ။ ခံခဲ့ရတာပေါ့။ အဲဒါ ကျွန်တော်ပြောချင်တာက ဒီ ဒါတွေကို ကျွန်တော်တို့ လူငယ်တွေက သင်ခန်းစာယူရမယ်။

http://www.cherrythitsar.org



ရှေ့ကို ပညာနည်းတယ်နော်၊ စစ်မတိုက်ဘဲနဲ့ကို ထပ်ကျွန်ဖြစ်ဦးမယ်။ စစ်တိုက်ဖို့ မလိုတော့ဘူး။ ခုခေတ်က စစ်မတိုက်ဘဲနဲ့ နယ်ချဲ့တဲ့ခေတ်။ ဟုတ်လား။ ရှေးတုန်းက စစ်တွေဘာတွေတိုက်တယ်။ အခုကတော့ စစ်တိုက်တဲ့ဥစ္စာမှာ နယ်ချဲ့တဲ့ဥစ္စာမှာ ဘာမှ လက်နက်တွေ ဘာတွေနဲ့ လုပ်မနေတော့ဘူး။ လက်နက်နဲ့ နယ်ချဲ့တဲ့ဥစ္စာက ခြေထောက်ညောင်းတယ်။ ပခုံးအောင့်တယ်။ ကျည်ဆန်ကုန်တယ်။ ပြီးတော့ ဖက်ဆစ် နယ်ချဲ့နဲ့ နာမည်ပျက်သေးတယ်။

ကျွန်တော် ဒါကြောင့်မို့ ခုဖတ်နေတဲ့စာတွေ၊ ကျွန်တော် ဖတ်နေတာ တော်တော်ကြာပြီ။ ကျွန်တော် တစ်နေ့နေ့မှာ ရေးရဦးမှာပဲ။ ဗမာလူမျိုးတွေ အသုံးမကျတဲ့အကြောင်းကို ရေးထားတဲ့စာတွေကို ကျွန်တော် အကုန်ရှာဖတ်နေတယ်။ ဟုတ်တယ်။ တစ်ခါတလေကျ ကျွန်တော် အဲဒီလိုဖတ်ရတာ၊ အဲဒီလိုဖတ်ရမှ ကိုယ်မကောင်းမှန်းသိ၊ ကိုယ်ညံ့မှန်းသိရတယ်။ နို့မဟုတ်ရင် ကိုယ့်ဘာသာကိုယ် တို့မြန်မာ သာကီမျိုးဟာမို့ ဘာညာနဲ့ ဖွတ်လုပ်ချင်လုပ်နေတာ။ အဲဒီတော့ ပြောချင်တာတွေက ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့တဲ့ဥစ္စာက ပညာမတတ်လို့ ကျွန်ဖြစ်ခဲ့တယ်။ ဒါကိုတော့ သတိထားရမယ်။ အဲဒါ ဘာကြောင့်လဲ ဆိုတော့ လူလိမ္မာတို့မည်သည်မှာ တစ်ပါးသူရဲ့ အမှားကနေ သင်ခန်းစာကို ရတယ်။ လူမိုက်တို့မည်သည်မှာ ကိုယ်တိုင်မှားမှ သင်ခန်းစာရတယ်။ ပို၍ မိုက်မဲသောသူတို့ကား ကိုယ်တိုင်မှားပါလျက်နှင့်ပင် သင်ခန်းစာကို မရကြကုန်တဲ့။ ကျုပ်တို့က အဲဒီနောက်ဆုံး အချက်မှာ ပါနေတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ မိုက်ပြီးပြီ။ အဲတော့ လူငယ်တွေကို မမိုက်နဲ့၊ မင်းတို့သိ။ ရှေ့ဆက်ပြီးလုပ်ကြ။ ပညာ သိပ်အရေးကြီးတယ်။ အဲတော့ ပညာဟာ ခုချိန်မှာ အရေးမကြီးသေးဘူးနော်။ မင်းတို့ကို

http://www.cherrythitsar.org



ကြိုတင်ပြောလိုက်မယ်။ နောက်ဆယ့်ငါးနှစ်မှာ မြန်မာပြည်မှာ ပညာတတ်တဲ့ကောင်တွေက ဦးဆောင်လိမ့်မယ်။ ရှေ့ကို ရောက်လာလိမ့်မယ်။ ယုံကြည်ပါ။ အဲဒါကို ဘာကြောင့်လဲဆိုတော့ ပညာတတ်တဲ့ကောင်တွေဟာ ဘယ်တော့မှာ နောက်ကမနေဘူး၊ မှတ်ထား။ ရှေ့ကရောက်လာလိမ့်မယ်။ အဲဒီအပြင် ပညာတတ်တဲ့ လူတွေ လိုလာမယ်။ အခု ပညာတတ်တဲ့လူတွေ တဖြည်းဖြည်း နော်၊ တိုင်းပြည်တိုးတက်တာနှင့်အမျှ သူတို့ကို ရှေ့ကတင်ရမှာပဲ။ အဲဒီ သူတို့က ရှေ့ကဦးဆောင်ရမှာပဲ။ ဒါကြောင့် နောက်ဆယ့်ငါးနှစ် ရှိရင် ပညာသမားတွေ ရှေ့တန်းရောက်လာလိမ့်မယ်။ ဒါကြောင့် ခုကတည်းက ကြိုးစားပမ်းစားသင်ပါ။ မင်းတို့အရွယ်မှာ ပညာကို အစွမ်းကုန် ရှာစမ်းပါ။ ပိုက်ဆံရှာရမယ့်အရွယ် မဟုတ်သေးဘူး။ ပိုက်ဆံရှာတာ လူကြီးတွေ ရှာလိမ့်မယ်။ သူတို့ဘာသာသူတို့၊ ဟုတ်လား။ လူကြီးတွေ ချမ်းသာတဲ့ဥစ္စာကိုလည်း သူတို့ကို အထူးသဖြင့် လူငယ်တွေ အရေးအကြီးဆုံးက ကမန်းကတန်း မချမ်းသာချင်နဲ့ကွ။ ဟုတ်လား။

လူငယ်မှာနော်၊ သဘာဝကျတဲ့ဥစ္စာက လူငယ်မှာ နာမည်ကြီးချင်တယ်။ ကျော်စောချင်တယ်။ လူကြီးကနော်၊ လောဘ ကြီးတယ်။ ငယ်ငယ်ကတည်းက လောဘကြီးရင် အဲဒီကောင် သိပ်မကောင်းဘူး။ ကြီးလာတဲ့အခါ လောဘသိပ်ကြီးတဲ့အခါ သူက နည်းနည်း ဘာဖြစ်မှာ ဘာဖြစ်မှာနဲ့ တွေးပူပြီး လန့်ပြီး လောဘကြီးနေတာ။ လူငယ်က ရှေ့မှာ အများကြီးရှိသေးတယ်။ ရှေ့မှာ ရှေ့မှာ နှစ်ပေါင်းများစွာလွန်ပြီးတော့ ကျော်စောချင်တယ်။ ဒါ သဘာဝကျတယ်။ အဲတော့ လူငယ်မှာ အရေးအကြီးဆုံးက ပညာနဲ့ပတ်သက်ရင် ထူးချွန်အောင် အစွမ်းကုန် ကြိုးစားစမ်းပါ။ မင်းတို့ကို အကျိုးပေးပါလိမ့်မယ်။ ခဏာပါ။

http://www.cherrythitsar.org



ဒါကြောင့်မို့လို့ ကြိုးစားပမ်းစား ယုံယုံကြည်ကြည်နဲ့ ပညာကို သင်ပါ။ ဒီကနေ့ သင်တဲ့ဥစ္စာ မင်းကို တစ်နေ့ကျရင် အကျိုးပေးပါ လိမ့်မယ်။ စိမ့်ပြီး အကျိုးပေးလိမ့်မယ်။ ယုံပါ။ အဲဒါကြောင့် အရေး တကြီး မချမ်းသာချင်ပါနဲ့၊ ပညာကို ကြိုးစားသင်ပါလို့ ပြောချင် တယ်။ ကောင်းပြီ။ အဲဒါ ကျောင်းနေတဲ့ လူငယ်တွေကို ပြောတာ။ ကိုင်း ကျောင်းတောင်မနေနိုင်းဘူးဆိုတော့ အဲဒီ ကလေးက ဆင်းဆင်း ရဲရဲဖြစ်နေ၊ မိဘက ချို့တဲ့နေ၊ ကျောင်းမတက်နိုင်တော့ဘူး။ အခြေ အနေက မပေးတော့ဘူးပေါ့။ မင်းလည်း ငယ်သေးရင် ပညာရှာပါ။ ထမင်းစားကျွန်ခံလို ပညာကိုရှာရတာမျိုးချည်းပဲ။ ဒီအတိုင်းချည်းပဲ။ လောကကြီးမှာ သူများခိုင်းတာခံချင်မှ ကိုယ်က သူများခိုင်းနိုင်တဲ့ အဆင့်ကို ရောက်မှာ။ မြန်မာစကားတစ်ခုရှိတယ်။ သူများဖိနပ်ကို ကိုင်မှ ကိုယ့်ဖိနပ်ကို ကိုင်မယ့်သူပေါ်တယ်။ ဒါ အမှန်တွေ။

ဆိုကြပါစို့။ မင်းတို့ ဒီနေ့ ဝပ်ရှော့တွေမှာ တော်တော် ကြီးပွားနေတဲ့ ဝပ်ရှော့တွေကို သွားကြည့်ပါ။ သူတို့တစ်တွေဟာ ဘယ်မှာလုပ်ခဲ့တာလဲ။ အဲဒီဝပ်ရှော့ဆရာတွေက ဟော့ကောင် ရေနွေးတည်စမ်း၊ ဆေးလိပ်မီးတို့လိုက်စမ်း၊ ဆီချေးအပေပေနဲ့ သွား ရတာ။ မော်တော်ကားဗိုက်အောက်ကို ပက်လက်ဝင်လှန်ခဲ့ရတဲ့ ကောင် တွေချည်းပဲ။ အဲဒီကောင်တွေက ဖြစ်တယ်။ ဘော်ဒီထုတဲ့ကောင်တွေ ကို သွားကြည့်စမ်း။ အဲဒီလိုက စတာ။ အကုန်းလုံးဟာနော်၊ ဒီမယ် အစတော့ရှိတာပေါ့၊ ဘယ်ဟာမဆို အစတော့ရှိတာပေါ့။ ဟုတ်လား။ ဘုရားတည်ခဲ့တာတောင် အောက်ခြေကစတာ။ ဒါပေမယ့် အောက်ခြေ က နေရာတကာ စတယ်မထင်နဲ့။ ရေတွင်းတူးတော့ အပေါ်က စရတာ။ ရေတွင်းတူးတာ အောက်ကစတူးလို့ မရဘူး။ အဲဒီတော့ ဘယ်ဟာမှာပဲ ဖြစ်ဖြစ် အစတော့ရှိရမှာပဲ။ သို့သော်လည်း တစ်နေရာ

http://www.cherrythitsar.org



တော့ စရမှာပဲ။ တစ်ခါကလည်း ပြောခဲ့ဖူးပါတယ်။ ကွဲတောင်မှ မွေးကတည်းက ချိုပါရင် မွေးလို့မရဘူး။ ဟုတ်လား။

အဲဒီအစပထမမှာ ပထမ ထမင်းစားကျွန်ခံလုပ်ပါ။ အရိပ်လာမှာ နေပူကစောင့်ပါ။ အရိပ်လာမှာ နေပူကစောင့်ရတာ။ အခုဆိုလို့ရှိရင် ဒဂုံတို့ဘာတို့ နေရိပ်လာမှာ နေပူကစောင့်နေကြရတာ။ မဟုတ်ဘူးလေ။ သူတို့ကလည်း သူတို့ရှေ့မှာ အရိပ်လာမှာ နေပူကစောင့်ခဲ့ကြတဲ့လူတွေ ရှိတယ်။ ဥက္ကလာတို့၊ သာကေတတို့၊ အခု အရိပ်ရှိလာတယ်။ သူတို့လည်း နေပူက စောင့်ခဲ့ကြရတာပဲ။ လောကကြီးမှာ ဒီအတိုင်းပဲ စောင့်ကြရတာပဲ။ အဲဒီဥစ္စာအတွက်ကို ခဏတဖြုတ်တော့ သတ္တိ ကောင်းကြရတယ်။ ခဏတဖြုတ်တော့ သတ္တိမွေးရတယ်။ မွေးစမ်းပါ။ အဲဒီကိစ္စအတွက်ကို မင်း ပညာသင်ပါ။ ကျောင်းမနေနိုင်လို့ရှိရင် ခုန မင်း ဘာပညာသင်ချင်သလဲ၊ ဘာဝါသနာပါလဲ ကြည့်ပါ၊ ဟုတ်လား။ ဆိုက်ကားနင်းတဲ့လူဟာ အဲဒီအတိုင်း နေသွားရင် တစ်သက်လုံး နင်းသွားရမယ်။ ဘာလို့ဆို သူက ပညာမပါဘူး။ ဒါပေမယ့် အဲဒီကောင်ကနေ ဆိုက်ကားပြင်လို့ရှိရင် ဒီကောင်က ပညာပါလာပြီနော်။ ဘဝ တိုးတက်ဖို့အခွင့်။ အဲဒီကနေ ဆိုက်ကား ပြင်ဆိုင်ထောင်။ ဆိုက်ကားပြင်ဆိုင်ကနေ တက်ရင် မော်တော်ဆိုင်ကယ် ရောက်လာမယ်။ ပညာပါတဲ့ကောင်ဟာ တဖြည်းဖြည်း တက်သွား မယ်။ ပညာမပါဘဲ ထမင်းစားရုံလေး ဥစ္စာရရုံလေးသွားနေလို့ကတော့ မင်း ဘယ်တော့မှ တက်မှာမဟုတ်ဘူး။ မင်းကျောင်းမနေခဲ့လို့ရှိရင် ပညာရှာပါ။ တစ်နေရာမှာ ရှာပါ။ အဲဒီအချိန်မှာ အငေါက်ခံပါ အဆဲခံပါ၊ သူများကို လုပ်ကိုင်ပေးပါ။ ကိုယ့်ဆရာကို၊ ကိုယ့်ကို ပညာပေးတဲ့ဆရာကို ရိုရိုသေသေ ဆက်ဆံပါ။ ရေပူရေချမ်းကမ်းလှမ်း ပြီး အလုပ်အကျွေးပြုပါ။ မင်းကို ပညာမှန်သမျှ အကုန်ပေးပါလိမ့်မယ်။

http://www.cherrythitsar.org



အဲဒါမှ အလုပ်ချင်လည်း ဗေဒင်သွားသင်ပေါ့။ မြန်မာပြည်က ဗေဒင်ပညာက ခေတ်စားနေတာ။ အဲဒီလိုဆိုလည်း ရတယ်။ ပြောချင်တဲ့ အဓိပ္ပာယ်က ပညာတစ်ခုခုတော့ လုပ်ပါ။ ပိုက်ဆံရဖို့ချည်း ရပ်မထားနဲ့။ ရပ်ထားလို့ရှိရင် တစ်သက်လုံး အဲဒီပိုက်ဆံလောက်နဲ့ပဲ ဘဝ စခန်းသွားရလိမ့်မယ်၊ ဘဝအဆုံးသတ်လိမ့်မယ်။ သဘောပေါက်။ ပြောချင်တာက ကျောင်းနေရင်လည်း ပညာရှာ။ ကျောင်းမနေနိုင်ရင် လည်းပဲ ပညာရှာပါ။ ဒါ အရေးကြီးတယ်။

နောက်တစ်ခု၊ ပညာရှာတာဟာ ဘာကြောင့်လဲဆိုတော့ ပညာရှိဖို့။ ပညာရှိဖို့ဆိုတာက ပညာရှိကြီး ဘယ်သူပဲ၊ ဦးပေါ်ဦးတို့၊ ဘာပဲညာပဲ။ အဲလို ပညာရှိကြီးမျိုးတွေ၊ ဆော့ခရတ္တိတို့လို၊ အဲဒီလို ဖြစ်ဖို့လို့ မဟုတ်ဘူး။ ပညာရှိတယ်ဆိုလိုက်တော့ သူ့အတိုင်းအတာနဲ့ ပရိသတ်က အဲဒီလို ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးမျိုးတွေလည်း ရှိတယ်။ ဒါပေမယ့်လို့ သူတို့လို ကမ္ဘာလောကကြီးတစ်ခုလုံး ဘဝကြီးတစ်ခု လုံး မြတ်စွာဘုရားသခင်လို သံသရာကြီး တစ်ခုလုံးကို လှမ်းပြီး ဆင်ခြင်နိုင်တဲ့ ပညာမျိုး မဟုတ်သော်လည်း ကိုယ့်ဘဝ ပတ်ဝန်းကျင်နဲ့ နီးစပ်ရာမှာ ပညာရှိအောင်။

ဘယ်လိုပညာလဲ။ အရေးအကြီးဆုံးက အချက်နှစ်ချက်ရှိတယ်။ တစ်အချက်က အကျိုးအကြောင်းဆင်ခြင်မှု၊ အဲဒါရဲ့ အပေါင်းက ဗဟုသုတရှိဖို့။ အဲဒီနှစ်ခု ကျိုးကြောင်းဆင်ခြင်ဉာဏ်နှင့် ဗဟုသုတ အဲဒီနှစ်ခုပေါင်းမှ ဘဝမှာ အဆင်ခြင်ဉာဏ် ပြည့်စုံသောသူ တစ်ယောက် ဖြစ်မယ်၊ ပညာဉာဏ် ပြည့်စုံသောသူ တစ်ယောက် ဖြစ်မယ်။ တကယ်လို့ အဲဒီ အပေါ်မှာ တစ်ခုခု ချွတ်ယွင်းနေလို့ရှိရင် အဲဒီဥစ္စာ နာသွားလိမ့်မယ်။

http://www.cherrythitsar.org



အဲဒီတော့ အလွယ်ဆုံးပြောရလို့ရှိရင် မင်းတို့ စုံထောက်မောင်စံရှားဝတ္ထုတွေ၊ အဲဒီ စုံထောက်မောင်စံရှားဝတ္ထုမှာ ကျိုးကြောင်းဆင်ခြင်ဉာဏ်က ဖတ်ဖူးတယ်မဟုတ်လား။ သူငယ်မ၊ သဘောဆိုပါတော့။ သူငယ်မ မြင်းရထားနဲ့ လာတယ်ထင်တယ်။ မြင်းရထားနဲ့လာခဲ့တာ ဆိုလို့ရှိရင် ဘယ်လိုလုပ်သိတာလဲ။ ထားပါတော့။ ကျွန်မ အံ့ဩလိုက်တာရှင့်။ ဘယ်လိုကြောင့်များ သိလိုက်ပါလိမ့်။ ဒီလိုလေ။ သူငယ်မရဲ့ အင်္ကျီမှာ ရွှံ့လေးတွေ နည်းနည်းစဉ်နေတယ်။ အဲဒီဘက် နယ်ကလာတယ် ပြောလိုက်တော့ အခုဘယ်နယ်ကလာရင် အဲဒီဘက်က ရွှံ့တွေက အဲဒီအရောင်လေးတွေ ရှိနေတယ်။ အဲတော့ သူငယ်မ အရေးတကြီး မနက်အစောကြီး ထလာတယ်ဆိုတာ သိလိုက်တယ်။ ဒါလေးပါ။ ပြောချင်တဲ့အချက်လေးက ပထမ တစ်ချက်က အဲဒီရွှံ့စက်ကို သူ မြင်တယ်။ သတိထားမိတယ်။ ဒုတိယ အချက်က ဒီရွှံ့စဉ်တာကိုထောက်ခြင်းအားဖြင့် သူသည် မြင်းရထားနဲ့ လာတာ။ တကယ်လို့ မြင်းရထားနဲ့မလာဘဲ ခြေကျင်လာမယ်ဆိုရင် ရွှံ့စဉ်ရင် အင်္ကျီမှာရွှံ့စဉ်စရာ အကြောင်းမရှိဘူး။ မြင်းရထားနဲ့လာတာ။

ကောင်းပြီ။ အဲဒါဟာ ကျိုးကြောင်းဆင်ခြင်တာ။ သို့သော် ဘယ်နယ်က ဘယ်ဘက်က မြေကြီးရဲ့ အရောင်ဟာ ဒီရွှံ့မျိုး ရှိတယ်ဆိုတာကို ဗဟုသုတ သူ့မှာရှိတယ်။

ပြောချင်တဲ့ အဓိပ္ပာယ်က ကျိုးကြောင်းဆင်ခြင်ဉာဏ်ရယ်၊ ဗဟုသုတရယ် မရှိလို့ရှိရင် လောကမှာ မကြီးပွားနိုင်ဘူး။ အဲဒီဥစ္စာတွေကို သတိထားပါ။ အဲတော့ ကျိုးကြောင်း ဆင်ခြင်ဉာဏ်ဟာ ဘယ်နေရာမှာ အကျိုးပေးသလဲဆိုရင် ပြောတိုင်း မယုံဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဘိုးတော်လေး ခုနစ်နှစ် လောက်တဲ့။

http://www.cherrythitsar.org



ဒီလပဲ 'ကြီးပွားရေး'ထဲ ပါလာတယ်။ ခုနစ်နှစ်သားလေး ဘိုးတော်လေးပေါ့။

ဘာပဲဘာညာပဲ ဆိုပြီး သွားကြ။ ခုနစ်နှစ်သားကလေးကနေ ရေ ရေနှစ်ပြီးတော့ ကုရမယ်ဆိုလို့ ရေနှစ်ပြီး ရွှံ့ဗွက်ထဲနှစ်တာ ကလေးသေရော။ အဲဒီဥစ္စာ ဘာဖြစ်သလဲဆိုတော့ ဉာဏ်မရှိတာ။ ကျိုးကြောင်းဆင်ခြင်ဉာဏ်။ ဖြစ်နိုင်၏ မဖြစ်နိုင်၏၊ ကျိုးကြောင်းဆင်ခြင်မှုနည်းတာ။ အဲဒီ ကျိုးကြောင်းဆင်ခြင်ဉာဏ် နည်းပါးတဲ့လူတွေ ရှိနေသမျှကာလပတ်လုံး လူလိမ်တွေ ကြီးပွားတယ်။ ဒါကြောင့် ဒီ ပီယဆေးတွေ ဘာတွေရောင်းတဲ့ဥစ္စာ တစ်ခါတုန်းက ကျွန်တော်တို့ ခပ်ငယ်ငယ်တုန်းက ကျွန်တော်တို့ တောင်တွင်းကြီးမှာ အောင်ရှမ်းတင်ဆိုတဲ့ ပီယဆေးဆိုပြီးရောင်းတဲ့လူရှိတယ်။ ရောင်းတဲ့အခါကျတော့ ဟိုကောင်က လာပြီးတော့ သူ့ပီယဆေးပေးမယ်ဆိုတာ မပေးလို့ လာပြီးတော့ ဖဆပလ တိုင်တယ်။

အဲတော့ ကျွန်တော်က ဖဆပလမှာ စည်းရုံးရေးမှူးပေါက်စ လုပ်နေတယ်။ ကျွန်တော်က ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်။ ချွတ်ကရား။ စည်းရုံးရေးမှူးဆိုတော့ ကြီးကြီးကျယ်ကျယ် သွားထင်နေမှာစိုးလို့။ အမှန်တော့ ဖျာလိပ်ခွေးမောင်းလုပ်နေတာ၊ အဲဒီဟာမျိုး။ ရေနွေးအိုးတည်ရတယ်၊ ဘာလုပ်ရတယ်ပေါ့ဗျာ၊ ဒါပါပဲ။ ထမင်းထုပ်ကောက်နည်း၊ လူစုနည်း၊ ကြွေးကြော်သံ တိုင်နည်း နည်းနည်းတတ်တယ်။ အဲဒီလောက်တတ်တယ်။ အဲဒီတော့ အဲဒီမှာ လာပြီးတော့ ဒီကောင်က ပီယဆေးကို ပေးမယ်ဆိုလို့ ပိုက်ဆံယူပြီးတော့ မပေးလို့ဆိုပြီးတော့ လာပြီးတိုင်တယ်။ ပြောတဲ့အခါကျတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ အတွင်းရေးမှူးက စဉ်းစားတယ်။ 'မဟုတ်ဘူး၊ မင်း လိုက်တိုင်မနေနဲ့၊ တရားစွဲလို့လည်း

http://www.cherrythitsar.org



မရဘူး၊ ဟိုစဉ့်အိုးကွဲတစ်ခုကိုပေးပြီး ဒါပီယဆေးပါလို့ပေးတော့ တို့က ဘာလုပ်နိုင်မှာလဲ’တဲ့။ ကဲ ဟုတ်လား မဟုတ်လား ကိုယ်က ချင့်ရမှာပေါ့။ ဒါပေမယ့် လူတွေက ဒီအတိုင်းပဲ။ ယုံနေကြတာပဲ။ အဲဒီမှာ ကျွန်တော် အောင်ရှမ်းတင်၊ အခု အောင်ရှမ်းတင်က ဒါမျိုးမှာ အင်မတန် ကျွမ်းကျင်တဲ့လူတွေ။ တစ်နေ့မှာ သတင်းစာထဲမှာ ပါလာတယ်။ သတင်းစာဖတ်လိုက်တယ်။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှာ အတူတူထိုင်နေတာနော်။ ကျွန်တော်က ဒီဘက်အတွင်းကခုံ၊ သူက ဟိုဘက်ကခုံ။

‘ဟ ပွတယ်ဟေ့၊ စားကြောတစ်ခုတော့တွေ့ပြီ၊ စားကြော တစ်ခုတော့ တွေ့ပြန်ပြီ’

ဘာပါလိမ့်မလဲပေါ့။ ဖိုးဦးတောင် ပြုခြင်း။ ပြည်မြို့နားက ဖိုးဦးတောင်ပြုကျတာ။ ဖိုးဦးတောင်ပြုကျတာ သူက ဘယ်လို စားပေါက်တွေ့နေတာလဲ မသိဘူး။ ကျွန်တော်လည်း စဉ်းစားလို့ မရတော့ဘူး။ နောက်ဆယ်ရက်လောက်ရှိတဲ့အခါကျတော့ဗျား၊ လည်ရောင်းနေတာ၊ တိုက်နွားလေးတွေ၊ နွားရုပ်လေးတွေ သေးသေး လေးတွေ။ အဲဒီနွားရုပ်လေးတွေမှာ ဆေးလေးတွေဆိုးပြီး လည်ပင်းမှာ ကြိုးနီလေးတွေပတ်လိုက်လို့။ ပြီးတော့ ‘တိုက်နွားတွေ၊ တိုက်နွားတွေ သာမန်မြေနဲ့ လုပ်တာ မဟုတ်ဘူး။ ဖိုးဦးတောင် တောင်ပြုမြေ’၊ ဘယ်မြေ ဘယ်မြေနဲ့ နာမည်တွေလျှောက်အော်။ အဲဒီမြေအပေါင်းနှင့် စုပြီးလုပ်ထားတဲ့မြေ။ တစ်သက်လုံး တစ်ခါမှ ရချင်မှရတဲ့ တောင်ပြုမြေ။ အဲဒီမြေ ရတဲ့အခိုက်မို့ လုပ်ထားတာ။ ဆဋ္ဌသင်္ဂါယနာတင်တဲ့ ဆရာတော်ကြီးများရဲ့ ခွင့်ပြုချက်အရ၊ အံမာ။ ဒီကဘုန်းကြီးတွေသာ ဘာမှမသိတာ။ ‘ဈေးခေါ်ကောင်းတယ်။ မျက်နှာပွင့်တယ်၊ ပီယ ကောင်းတယ်’ ဘာညာနဲ့ လျှောက်ပြီး ပြောလိုက်တာ၊ နည်းတာ

http://www.cherrythitsar.org



မဟုတ်ဘူး။ အဲဒီမှာ 'သို့သော် ကြပ်ကြပ် သတိထား၊ အမဲသား ကိုးရက်မစားမှ ရောင်းမယ်၊ ဒီအတောအတွင်း အမဲသားစားလို့ တစ်ခုခုဖြစ်သွားရင် လုံးဝ တာဝန်မယူဘူး'။ အဲဒီအချိန်မှာ အမဲသား ရောင်းခွင့်ပိတ်ထားတယ်။ ဝယ်စားချင်လည်း မလွယ်ဘူး။ ဒါပေမယ့် ကျွန်တော့် မျက်စိရှေ့မှာ တစ်ရုပ်တစ်မတ်၊ တစ်ရုပ်တစ်မတ်နဲ့ ဝယ်သွားကြတာ၊ ကြည့်လေ။

အဲဒီတုန်းက တစ်မတ်က မနည်းဘူး။ လက်ဖက်ရည်တစ်ခွက် ဖိုးပါ။ ကြည့်စမ်း၊ ကြည့်စမ်း။ ဒါ ဘယ်လိုအဓိပ္ပာယ်လဲ။ ဒီလူ အမြဲတမ်း ဒီလိုပဲ တောင်တွင်းကြီးမြို့မှာ လုပ်စားနေတယ်။ ဒီလိုပဲ ဝယ်နေကြတာပဲ။ အဲ ဒါဘာလဲ။ ဟုတ်လောက်သည် မဟုတ်လောက် သည် ချင့်ချိန်ကြ၊ အဲဒီလို မချင့်ချိန်တဲ့ဥစ္စာ။ ချင့်ချိန်နိုင် မချင့်ချိန် နိုင်တဲ့ ကိစ္စဟာ ဘယ်နေရာမှာ သိပ်အရေးကြီးသလဲဆိုတော့ လူအုပ်ကြီး ဖြစ်လာပြီဆိုရင် ကိုယ်ပါ ပါသွားတတ်တယ်။ သတိထား။ ချင့်ချိန်နိုင်တဲ့လူ၊ မချင့်ချိန်နိုင်တဲ့လူ အဲဒီအခါမှာ သိပ်သတိထားရ တယ်။ အဲဒီလိုဟာမျိုး မဖြစ်စေနဲ့။ To get nowhere follow the crowd တဲ့။

ဘယ်ကိုမှမရောက်ချင်ရင် လူအုပ်ကြီးနောက်ကိုလိုက် တဲ့။ ဟုတ်တယ်လေ၊ လူအုပ်ကြီးရဲ့ နောက်ကိုလိုက်ရင် ဘယ်ကိုမှ မရောက် တော့ဘူး။ ဘာလို့လဲဆိုရင် အခု ဒီကဆင်းလိုက်ရင် ခင်ဗျားက လူအုပ်ကြီးနောက် လိုက်သွားရင် လူအုပ်ကြီးက ဟိုဘက်ထွက်သွားရင် လိုက်သွား။ ဟိုဘက်ကို တချို့၊ ဒီဘက်လည်းတချို့။ နောက်ဆုံးကျ တော့ ခင်ဗျားပဲ ကျန်ခဲ့မယ်။ ပြီးတော့ အဲဒီကျတော့ ဘယ်ရောက်နေမှန်း မသိ။ ဒါကြောင့်မို့လို့ အဲဒီလိုဟာမျိုး မဖြစ်စေချင်လို့၊ ကျိုးကြောင်း ဆင်ခြင်ဉာဏ်ရအောင် လုပ်ပါလို့ပြောရတာ။ ရရုံနဲ့ ပြီးသလားဆို

http://www.cherrythitsar.org



တော့ မပြီးသေးဘူး။ ဗဟုသုတရှိရမယ်။ ခုနက ပြောသလို ဘယ်ရွှံ့က ဘယ်မြေက လာသလဲဆိုတာ၊ ဘယ်ရွှံ့မျိုးဆိုတာ ဗဟုသုတရှိမှ သူ့ရဲ့ စဉ်းစားဆင်ခြင်ဉာဏ်က ပိုကောင်းတယ်။ ဒါကြောင့်မို့ ဗဟုသုတရှိအောင် လုပ်လို့ပြောတာ။

အဲဒီတော့ ဗဟုသုတလည်းရှိအောင် ကျိုးကြောင်းဆင်ခြင်ဉာဏ်လည်း ကောင်းအောင် ဘာလုပ်ရမလဲဆိုတော့ စာဖတ်ရတယ်။ စာများများ ဖတ်ပါ။ ဟိုဝတ္ထု ဒီဝတ္ထု ဝတ္ထုလောက်နဲ့တင် တင်းတိမ်မနေနဲ့။ ကဗျာလောက်နဲ့တင် တင်းတိမ်မနေနဲ့။ အဲဒီ ဝတ္ထုတို့ ကဗျာတို့ ဆိုတာ နှလုံးသားကို ရည်ရွယ်တာ။ အတွေးအခေါ်နဲ့ သုတက ဦးနှောက်ကို ရည်ရွယ်တာ။ ဦးနှောက်က ကောင်းချင်ရင် သုတကို ဖတ်ပါ။ နှလုံးသားကို လွမ်းချင်ရင် ဝတ္ထုကိုဖတ်ပါ။ အဲတော့ ကိုယ်က ဘာနဲ့သွားမလဲ။ ဘဝကိုကြီးပွားချင်ရင် နှလုံးသားကို အားကိုးလို့ မရဘူး။ ဦးနှောက်ကို အားကိုးရတာ။ ဦးနှောက်ဖွံ့ဖြိုးဖို့ သိပ် အရေးကြီးတယ်။ လူတော်တော်များများဟာနော် ဒီကာယဗလ လေ့ကျင့်ခန်းတွေ ကာယဗလလေ့ကျင့်တာတွေ body beauty ကိုယ်ခန္ဓာလှပအောင် သိပ်ကြိုးစားကြတယ်။

မိန်းကလေးတွေဆိုလို့ ရှိရင်လည်းပဲ ဒီ လှပအောင် 37-21-37 ဖြစ်အောင် သူတို့လည်း ကြိုးစားပြီး မှန်ရှေ့မှာ ဟိုလှည့်လိုက်၊ ဒီလှည့်လိုက်။ ဒါပေမယ့်လို့ ဒီဉစ္စာတွေ ဘယ်လောက်ပဲလှလှ ဟုတ်လား၊ ကာယဗလ ဘယ်လောက်ပဲကောင်းကောင်း အသက် ၄၀ ကျော်သွားရင် သူတို့ဉစ္စာ ဘာမှ သိပ်အဓိပ္ပာယ် မရှိတော့ဘူး။ မိန်းကလေးတွေလည်း ဒီလိုပဲ။ အိပ်ထောင်ကျသွားပြီးတော့ ကလေး တစ်ယောက်နှစ်ယောက်ရပြီးတော့ 37-47-37 အဲဒီလို ဖြစ်ချင် ဖြစ်သွားကြတယ်။

http://www.cherrythitsar.org



အရင်တုန်းကတော့ ဂီတာရှိတ်ပေါ့၊ နောက်တော့ ပီပါရှိတ်၊ အဲလိုဖြစ်သွားကြတယ်။ အဲလိုခဏတဖြုတ် နှစ်အနည်းငယ်အတွင်းသာ လျှင် အားကိုးရတဲ့ အသုံးကျတဲ့ ကိုယ်ခန္ဓာလှပမှုဖို့ကျတော့ လူတွေ ဟာ ခန္ဓာကိုယ်သန်စွမ်းဖို့အတွက်ကျတော့ လူတွေဟာ အဲလောက် ကြိုးစားကြပေမယ့် တစ်သက်လုံး မွေးကတည်းကစ သေသည်အထိ သုံးနေရတဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကျတော့ သိပ်မကြိုးစားကြဘူး။ အဲဒါ ကိုတော့ သတိထားပါ။ ဦးနှောက်ဖွံ့ဖြိုးရမယ်။ ကိုယ်ခန္ဓာ ဗလ ကောင်းတာ၊ ဗလကောင်းတော့ ဘာလုပ်၊ ကာရာတေးတို့ ဂျူဒို ဘာညာ၊ ကာယသတ္တိကောင်းတယ်။ ခန္ဓာကိုယ်တော့ ကောင်းတယ်။ အလွန်ဆုံးဖြစ် ဘော်ဒီဂတ်ပေါ့။ ဒီထက်ပိုပြီး ဘာဖြစ်မှာလဲ။ အဲတော့ ဦးနှောက်ဖွံ့ဖြိုးမှ ဦးနှောက်သန်မာမှ ခေါင်းဆောင်ဖြစ်မှာ။ ခေါင်းဆောင်ဖြစ်ချင်လို့ရှိရင် စာဖတ်။

စာဖတ်တဲ့အခါကျတော့ စာဖတ်နည်းကို ပြောရဦးမယ်။ ဘာစာဖတ်ရမလဲဆိုတာ မမေးနဲ့။ အဲဒါ ပြောဖို့ သိပ်ခက်တဲ့ကိစ္စ။ ဟာ ဒီစာသိပ်ကောင်းပါတယ်ဆိုလို့ သွားဖတ်လိုက်၊ ပြီးတော့၊ ဆရာရယ် ဘာစာကြီးမှန်းလဲ မသိဘူး။ ဘာလုပ်ရမှန်းကို မသိတော့ ဘူး။ အဲတော့ လုပ်တဲ့နည်းကို အရင်က ဆောင်းပါးလေးတစ်စောင် နှစ်စောင်တော့ ရေးဖူးတယ်၊ အခုတော့ ဒီမှာ ထည့်ပြောလိုက်ဦးမယ်။ အခုတော့ အမွေဆိုတဲ့ သဘောဆိုတော့ အကုန်လုံး တတ်နိုင်သမျှ ဘဝအတွက် စုစုပေါင်းပေါင်းလေးပါအောင်လို့ ကျွန်တော် ထည့်ပြော တာပါ။ မဂ္ဂဇင်းတွေရှိတယ်၊ အဲဒီ မဂ္ဂဇင်းအဟောင်းတွေ အပါအဝင် ပေါ့။ အားလုံး မဂ္ဂဇင်းဆယ်မျိုးဖတ်မယ်ပေါ့။ အဲဒီ မဂ္ဂဇင်းဆယ်မျိုး မှာ ဖတ်လိုက်လို့ရှိရင် တစ်နှစ်အတွက်ဆို အုပ်တစ်ရာ့နှစ်ဆယ်ပေါ့။ အဟောင်း ထဲက ပြန်ဖတ်။ အသစ်က စောင့်နေဦးမယ်။ မလွတ်စေနဲ့။

http://www.cherrythitsar.org



အဟောင်းထဲက ပြန်ရှာ။ ဖတ်တဲ့အခါ အဲဒီအထဲမှာ ကဗျာတွေ ဝတ္ထုတွေကို ဘေးချိတ်ထား၊ ဆောင်းပါးတွေကိုချည်း အရင်ဖတ်။ ဆောင်းပါးတွေကိုချည်း ဖတ်ကြည့်လိုက်ရင် ဘာသွားတွေ့ရမလဲဆိုရင်၊ ဘယ်စာရေးဆရာဟာ ဘာစာမျိုးတွေ ရေးလေ့ရှိတယ်၊ ဘယ်စာမျိုးကို ငါကြိုက်တယ်။ ဟော စာရေးစရာကိုလည်း တွေ့လာလိမ့်မယ်၊ သိလာလိမ့်မယ်။ ကိုယ့်ကိုယ်ကိုလည်း သိလာလိမ့်မယ်။ အဲဒီတော့ ငါ ဘယ်စာမျိုးကြိုက်တယ်၊ အလိုလိုနေရင်း ဘယ်စာမျိုးဖတ်ရမယ် ဆိုတာ သိလာလိမ့်မယ်။

မိမိကိုယ်ကို အောင်နိုင်စေတဲ့ သတ္တိကိုပေးတဲ့ စာမျိုး၊ အဲဒီ စာမျိုးတွေကို ကြိုးစားပမ်းစားဖတ်နော်။ ကိုယ့်ဘဝ တိုးတက်မှုကို အဲဒီကျလို့ရှိရင် တွေ့လာလိမ့်မယ်။

အဲဒီတော့ စာဖတ်ဖို့လို့အတွက်ကို စာဖတ်ရမယ်ဆိုလို့ ခက်နေတာကိုက မြန်မာပြည်မှာ စာဖတ်ဆိုတာ ဘယ်သွား ဖတ်ရမှာလဲ။ စာကြည့်သင်းက မဖွံ့ဖြိုးသေးဘူး။ အဲဒီ မဖွံ့ဖြိုးတဲ့ထဲမှာ အခုက စာအုပ်ဈေးတွေက ကြီးနေတော့ ကိုယ့်ဘာသာကိုယ် ဘယ်လိုလုပ် ဝယ်နိုင်မှာလဲ။ မဝယ်နိုင်တော့၊ အဲဒီတော့ အကြံဉာဏ် ပေးချင်တာက မင်းတို့ ဆယ်ယောက်အစုလောက် စာဖတ်သင်း လေးတွေလုပ်။ ဝယ်လိုက်ပြီးတော့ ပြန်ရောင်း။ မလိုတဲ့စာအုပ်လေးတွေ ပြန်ရောင်းလိုက်၊ ဝယ်လိုက် ပြန်ရောင်းလိုက်။ မလိုရင် ပြန်ရောင်း လိုက်။ လိုချင်တဲ့ စာအုပ်ကို ကိုယ့်အချင်းချင်းက တစ်ဝက်ဈေးနဲ့ ပြန်ယူ။ မင်းယူချင်သလား၊ ယူချင်ရင် တစ်ဝက်ဈေးနဲ့ ပြန်ယူ။ ကိုယ်လည်း ဖတ်ပြီး၊ သူလည်း ဖတ်ပြီးပေါ့။ အဲဒီလိုလုပ်လို့ရှိရင်တော့ မင်းတို့ စာကြည့်သင်းလေးတွေ လောလောဆယ် ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။

http://www.cherrythitsar.org



အဲဒါကို အရေးတကြီး မြန်မြန်လုပ်နော်၊ မြန်မြန်လုပ်ဖို့ အရေးကြီးတယ်။ အဲဒီဥစ္စာ မင်းတို့စု၊ အမြန်ဆုံး အကောင်အထည် ဖော်ရမယ်နော်။ သိပ်နှေးနေရင် အချိန်က ရပ်နေတာမဟုတ်ဘူး။ မင်းအသက်ကကြီးသွားမှာ။ အဲ အရေးတကြီးကိုလုပ်ဖို့။ အဲဒီဟာ အတွက်ဆို စာဖတ်ပါ။ အဲဒီအတွက်ကို ကြိုးစားစမ်းပါ။ အဲဒီဟာမှ ကျိုးကြောင်းဆင်ခြင်ဉာဏ်ရော၊ ခုန ဗဟုသုတပါ ခိုင်မာလာမယ်။

နောက်တစ်ခု၊ နောက်ထပ်ခေါင်းစဉ်တစ်ခု ပြောင်းမယ်။ အဲဒါ လူငယ်နဲ့ အချစ် အိမ်ထောင်ရေး။ မျက်လုံးတွေပြောင်ပြက်ပြီး ဝမ်းသာလာကြတယ်။ ဒီဥစ္စာ သိပ်အရေးကြီးဆုံးပဲ။ လာမှလာပါ့ မလားလို့။ လူငယ်နဲ့အချစ်က လာတွဲနေတယ်။ ဟုတ်လား။ ကိုစောချစ် ဆိုတာ လယ်တွင်းသားစောချစ်ဆိုတာ ကျွန်တော်ကတော့ စောစော ချစ်ခဲ့လို့ ထင်ပါရဲ့၊ နာမည်ကိုက စောချစ်လို့။ သူပြောသလို စောစောချစ်တဲ့လူနဲ့ နည်းနည်းနောက်ကျပြီး ချစ်တဲ့လူ ဒါပဲကွာတယ်။ ချစ်တာကတော့ ပေါ်တာချည်းပဲ။ 'လူရယ်လို့ ဖြစ်လာကြရင် ချစ်တာကတော့ သင်စရာ မလိုပါဘူး' ဆိုတဲ့ သီချင်းလိုပဲ။ ချစ်တာ သင်စရာမလိုဘူး။ ဒါပေမယ့် အချစ်မှာ မျက်စိမရှိဘူးနော်။ မှန်တယ်။ ဒါပေမယ့် ဦးနှောက်ကတော့ မျက်စိရှိရမယ်။ အဲတော့၊ သတိထားဖို့ က ကျောင်းသား ကျောင်းသူတွေ၊ အထူးသဖြင့် ကျောင်းသား ကျောင်းသူတွေ ပိုပြီးသတိထားရမယ်။ ငယ်ငယ်ရွယ်ရွယ်မှာ သွား ပြီးတော့နော် အချစ်စိတ်ကို အလိုလိုက်မိရင် အဲဒါကို သိပ်သာယာလို့ ရှိရင်တော့ ပညာရေးဘက်မှာ နှေးသွားတတ်တယ်။ အဲဒါတော့ ကြပ်ကြပ်သတိထား။ တော်တော့ကို အာရုံလျော့တာ။ ဘာဖြစ်လို့လဲ ဆိုတော့ သူကနော် အမယ်လေး သွားလေရာ လာလေရာ စာလည်း ဒီစိတ်၊ အိပ်လည်းဒီစိတ်၊ စား၍မျှမဝင်၊ အိပ်၍မျှမပျော် ဘာညာနဲ့။

http://www.cherrythitsar.org



တကယ် ပြောတာ။ ဒါ သူများကပြောတာမဟုတ်ဘဲ ကိုယ့်ဘာသာ ကိုယ် ကြုံခဲ့တဲ့ကိစ္စပါ။ ကိုယ်လည်းပဲ ဒီလို ကျော်ဖြတ်ခဲ့တဲ့ ဘဝ။

သို့သော်လည်းပဲ၊ တစ်ခုရှိတာက အဲဒီဥစ္စာကိုချည်း အာရုံရောက် နေလို့ရှိရင် တစ်ဖက်မှာ လစ်ဟင်းသွားလိမ့်မယ်။ အဲဒါကို သတိထား ကြည့်ဖို့လိုတယ်။ နောက်တစ်ခုက အဲဒီအချစ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောရလို့ရှိရင် အိမ်ထောင်ရေးပါ ပါလာလိမ့်မယ်နော်။ အဲဒီဖြစ်နိုင်မယ် ဆိုလို့ရှိရင်ဖြင့် လူငယ်တွေမှာ ပညာသင်တုန်း အထူးသဖြင့် ဆယ်တန်း မအောင်ခင်မှာ အချစ်ပေါ်လို့ရှိရင် ခဏ အချိုသတ်ထားလိုက်ပါ။ အသာလေးသတ်ထားလိုက်ပါ။ နေဦး ခဏနေဦးလို့ပြော။ ပြောလို့ ရှိရင် ကိုယ့်ကိုယ်ကို သတိနဲ့ ထိန်းပြောလို့ဆိုလို့ရတယ်။ ကြောက်စရာ ကောင်းတာက အဲဒီ ရုပ်ချောတဲ့ ကောင်မလေးနော်၊ နောက်ပြီး အပြောအဆိုမှာ ပေါ်ပြူလာပေါ့၊ ရေပန်းစားနေတဲ့ ကောင်မလေးတွေ မှာ အန္တရာယ်သိပ်ရှိတယ်နော်။ သိပ်ကြောက်ဖို့ကောင်းတယ်။ မိန်းက လေးတစ်ယောက် စန်းပွင့်လွန်းအားကြီးရင် ဆယ်တန်းအောင်ဖို့ သိပ်ခက်သွားပြီသာ အောက်မေ့ပေတော့။

ယောကျ်ားလေးတစ်ယောက်ဟာ မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေပြီဆိုရင် အဲဒီကောင် ဆယ်တန်းအောင်ဖို့ သိပ်ခက်သွားပြီ။ အဲဒီ ဆယ်တန်းအောင်တယ် မအောင်ဘူးဆိုတာ၊ စွံတယ် မစွံဘူး ဆိုတာက မိန်းကလေးတစ်ယောက် စွံတယ်၊ ယောကျ်ားလေးတစ် ယောက် စွံတယ်၊ စွံပြီး အိမ်ထောင်ကျတယ်၊ အိမ်ထောင်ကျသွားရင် ပြီးရော၊ ပြီးပြီ။ ဒီကောင် ဘာမှ မဟုတ်တော့ဘူး၊ ဒီစန်းကုန်ရော။ မိန်းကလေးတွေကော အိမ်ထောင်ကျသွား။ အိမ်ထောင်ကျသွားရင် ပြီးပြီပေါ့။ မင်နီတားဖျက်လိုက်ပြီ။ ဒီကောင်မ မရှိတော့ဘူး။

http://www.cherrythitsar.org



တို့ငယ်ငယ်တုန်းကလည်း ဒီအတိုင်းပဲ။ ကိုယ်ကြိုက်တဲ့ ကောင်မ တွေကို List စာရင်းလုပ်ထားတာ။ အိမ်ထောင်ကျသွားရင် မင်နီတား လိုက်တယ်။ တားပြီးဖျက်ထားတယ်၊ Cancel ဟုတ်လား။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်ကြိုက်လို့မှ မရတော့ဘဲနဲ့ ဘာလုပ်မှာတုံး။ အဲတော့ ပြောချင်တဲ့အဓိပ္ပာယ်က မင်း အိမ်ထောင်ကျပြီးတာနဲ့ တစ်ပြိုင်နက် ပြီးသွားပြီ၊ မင်နီတားတော့ မင်း ဘာမှ မဟုတ်တော့ ဘူးနော်။

အဲဒီမှာ ဘာရောက်လာသလဲဆိုတော့ မင်းမှာမွေးလာကြတဲ့ သားသမီးတွေ ရောက်လာတော့မှာ။ အဲဒီအခါကျမှ စာ ပြန်ပြီး ကြိုးစားချင်လို့က သိပ်မလွယ်တော့ဘူး။ ဖြစ်ခဲ့တာတွေရှိပါတယ်။ ဒါပေမယ့် သိပ်ခက်သွားတယ်၊ သိပ်ပင်ပန်းသွားမယ်။ ဒါကြောင့်မို့ ပညာသင်နေတဲ့အခါမှာ အိမ်ထောင်မကျအောင် အချစ်ကို အချိုသတ် ထားပါ၊ အကောင်းဆုံးပဲလို့ ပြောတာနော်။ အထူးသဖြင့် စန်းပွင့်ရင် သိပ်သတိထားနော်။ လှတဲ့မိန်းကလေးတွေ ကြပ်ကြပ်ဂရုစိုက်ပါ။ အဲဒီမှာ ကိုယ်က လှတယ် လှတယ် ကြွတကြွတ မလုပ်နဲ့။ ကြွနေ တာကနေ ရွသွားတတ်တယ်။ ကြွတာနဲ့ ရွတာက တစ်ဆက် တည်းသွားတာကို၊ ကြွကြွရွရွ။ အဲဒီတော့ မျက်နှာပွင့်တာ အဟုတ်ကြီး မထင်နဲ့။ ယောကျ်ားလေးတွေလည်း ဒီအတိုင်းပဲ။

အဲတော့ အိမ်ထောင်ဘက်ရွေးတဲ့အခါကျတော့ အချစ်ကနေ တစ်ဆင့်တက်ရမှာ။ အိမ်ထောင်ဘက် ရွေးတော့မယ်၊ ရွေးလိုက်မယ် ဆိုရင် အိမ်ထောင် ရွေးပြီးဆိုလိုက်တဲ့အခါကျတော့ အချစ်ကတခြား၊ အိမ်ထောင်ဘက် ရွေးတာတခြား။ ဒါပေမယ့်လို့ ဒီဟာနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ genetic engineering မျိုးဖောက်တဲ့ ပညာ၊ ဗီဇဖောက်တဲ့ပညာ၊ ခုဆိုရင် အဲဒီပညာ သိပ်မြင့်နေပြီ၊ ကမ္ဘာမှာ။

http://www.cherrythitsar.org



ဗီဇဖောက်တဲ့အခါကျတော့ ဥပမာ သစ်ပင်တစ်ပင်စိုက်ရင် ဟိုသစ်ပင်နဲ့ဒီသစ်ပင် မျိုးကောင်းချင်ရင် ဘယ်လိုဘယ်လိုစပ်၊ နောက်တော့ သူ့ရဲ့အသီးအပွင့်တွေ သိပ်ကောင်းတယ်၊ အသစ်အသစ်တွေ ဗီဇကောင်းတွေပေါ့။ အဲဒီလိုပဲ၊ ဒီတိရစ္ဆာန်နဲ့ ဒီတိရစ္ဆာန်နဲ့ အချင်းချင်းကို မျိုးစပ်ယူတယ်။ ဟိုမျိုးနဲ့ဒီမျိုးနဲ့ မျိုးစပ်ယူတယ်။ ခေတ်လောကဓာတ်နည်းတွေနဲ့၊ သိပ္ပံနည်းပညာတွေနဲ့ပေါ့။ စပ်တဲ့အခါကျတော့ နွားဆိုလည်း နွားမျိုးပေါ့။ သိပ်အမျိုးကောင်းပေါ့။ လူဟာ အဲလို စပ်လို့မရဘူး။ တိရစ္ဆာန်တွေ မျိုးဖောက်သလို ဖောက်လို့မရဘူး။ ဘာကြောင့်ဖောက်လို့မရသလဲဆိုတော့ လူတွေချစ်တဲ့ဥစ္စာ ဗီဇကိုတွက်တာ မဟုတ်ဘူး။ ဒီ ကောင်မလေး ရုပ်ချောသလား၊ ပိုက်ဆံရှိသလား၊ ဒါကြည့်တာ။ ဒါပေမယ့် ဟာ ဟိုကောင်မလေး ဘယ်လိုနေတယ်၊ ဟိုကောင်လေး ဘယ်လိုနေတယ်၊ ဘာညာ။ ဒါပေမယ့် သူ့ဗီဇကို ဆန်းစစ်တာမဟုတ်ဘူး။ ဘယ်လိုလဲဆိုတာ ပြန်စဉ်းစားတာမဟုတ်ဘူး။ သင့်သလိုတွေ့လို့ သင့်သလိုကြိုက်ကုန်ကြတာ။ ပြန်တွက်ကြည့်။

ဒါ တစ်ခါတုန်းက ကျွန်တော်ရေးဖူးပါတယ်။ အဲဒါ ပဲခူးကို ပစ်ကနစ် (ပျော်ပွဲစား) ထွက်တာ အပြန်ကျတော့ ဖြစ်သွားပြီ။ အဲဒီကျမှ ဟိုကောင်က ဂျီအောလော်ဂျီက၊ ဒီကောင်မလေးက မြန်မာစာက။ ကျွန်တော်တို့ ခေါင်းဆောင်ပြီး ကျွန်တော်တို့က ပစ်ကနစ်တွေ ဘာတွေ သွားနေကျဖြစ်တော့ ဒီကောင်တွေ လုပ်တာရှားတာ မြင်လိုက်ရင် ဘယ်ကောင် ဘယ်သူ့ ချိန်နေလဲဆိုတာ သိတာပေါ့။ အဲဒီတော့လည်း ဟေ့ကောင် ဒီလိုမချိန်နဲ့ဆိုလို့ ပြောလို့ရတာ မဟုတ်ဘူး။ သူတို့က လိုင်စင်ရ၊ သူတို့က ခွင့်ပြုချက် ရပြီးသား။ ခွင့်ပြုချက်ကို သူတို့ဟာသူတို့ ပေးပြီးသား။ ကိုယ်က တားလို့မရတာမဟုတ်ဘူး၊ တက္ကသိုလ်အဆင့် ကိုး။ အဲဒီမှာ နောက်ကျ ကျွန်တော်က အသာမေးကြည့်တယ်။

http://www.cherrythitsar.org



'ဟဲ့ကောင်မလေး ဒီနေ့ နင့်သူငယ်ချင်းလဲ မလာဘူး၊ ဟိုကောင်လေးနဲ့ သူနဲ့ ကြည်သွား ပြီလား' ဆိုတော့ ကြည်သွားပြီဆရာတဲ့။ ဘယ်မှာ တွေ့တာလဲ။ ပဲခူး ပျော်ပွဲစားသွားတုန်းက တွေ့တာ။ နောက် နှစ်ရက်ကြတော့ အဆောင် သွားတယ်၊ သုံးရက်ကြာတော့ ကြိုက် တယ်။ ကိုင်း ဒီကောင့်မိဘ ဘယ်သူလဲဆိုတာ သိသလား၊ မသိဘူး။ ဒီကောင့်စိတ်ဓာတ် ဘယ်လိုလဲ ဆိုတာ သိသလား၊ မသိဘူး။

မိန်းကလေးတွေ ကျွန်တော်ရေးချင်တာက ထဘီဝယ်တာ လောက်တောင် လင်ယူတာ မရွေးဘူးဆိုတာ ကျွန်တော် ရေးခဲ့ဖူး တယ်။ ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်နဲ့၊ ကိုယ့်ရည်းစားနဲ့ စိန်ဂွန်းဈေး ခုတော့ မင်္ဂလာဈေးပေါ့၊ သို့မဟုတ် ဗိုလ်ချုပ်ဈေးပေါ့။ သူ လုံချည်ဝယ်မလို့ဆိုတာကို ခင်ဗျား တစ်ခေါက်လောက် အဖော် လိုက်ကြည့်၊ သိတယ်။ နည်းတဲ့ပညာအောက်မေ့မနေနဲ့။ ထဘီ ဝယ်တာ၊ အောင်မယ်လေး ကိုင်ကြည့်လိုက်၊ ပွတ်ကြည့်လိုက်၊ အသား စမ်းကြည့်လိုက်၊ ဘေးကပ်ကြည့်လိုက်။ ပြီးတော့မှ အဲဒီလိုမကသေး ဘူး။ အိမ်မှာကျန်ခဲ့တဲ့ အင်္ကျီ ဘယ်နှစ်ထည်နဲ့ ဝတ်သင့်လဲ၊ ဒီအဆင်မျိုး အိမ်မှာ ရှိပြီးသားလား၊ ဆင်တူရိုးမှား အဆင်မျိုး မလိုချင်ဘူး။ အိမ်မှာမရှိသေးတဲ့ အဆင်မျိုးမှ။ ဒါမှ ကွဲကွဲပြားပြား၊ ဝတ်လာတော့မှ ဘေးကမြင်မှာပေါ့။ အဲဒီလို အကုန်တွက်တာ။

အဲလင်ယူတာကျတော့ ကိုယ့်အိမ်က မိဘ အဆင်ပြေပါ့မလား ဆိုတာ ဘယ်တော့မှ မစဉ်းစားဘူး။ သူ့မိဘက ဘယ်လိုလဲဆိုတာ မစဉ်းစားဘူး။ ဒါပေမယ့် ထဘီဝယ်တဲ့အခါကျတော့ စကော့ဈေးကို သက်စေ့ ပတ်ကြည့်ပစ်တယ်။ ရှာလပတ်ရှည် သုံးခွက်လောက် သောက်ရတယ်။

http://www.cherrythitsar.org



ကျွန်တော် ပြောချင်တာက မိန်းကလေးတွေတင်ပဲလား၊ ယောကျ်ားလေးတွေကရော၊ ဒီအတိုင်းပဲ။ ယောကျ်ားလေးတွေကရော၊ သကြံန်တွင်းမှာ ကောင်မလေးက အကလည်း ကောင်းတယ်၊ မျက်နှာလေးပွင့်တယ်၊ အဆိုလည်း ကောင်းတယ်။ ကိုယ့်ကို ခဏခဏ ကြည့်တယ် ဆိုတော့ အဲဒါ ကြိုက်တယ်ထင်တယ်။

ဘယ်ကမှန်းလဲမသိ။ ဘယ်သူမှန်းလဲမသိ။ မြင်မြင်ချင်းပဲ ချစ်မိ ကြိုက်မိတယ်။ တကယ် ချစ်မိကြိုက်မိတာ။ ပြီးတော့ ညား သွားရော။ ဘယ်သူမှန်းလဲ မသိဘူး၊ ဘယ်ကမှန်းလဲ မသိဘူး။ သူ့ဗီဇက ဘာလဲမသိဘူး၊ သူ့မျိုးရိုးလည်း မသိဘူး၊ သူ့အဖေက ဘာလဲမသိဘူး။ ပြီးတော့မှ သူ့အဖေနဲ့ မတည့်တာနဲ့၊ မအေနဲ့ မတည့်တာနဲ့၊ ညီအစ်ကိုမောင်နှမတွေနဲ့ တစ်ထွေးကြီးကို ထောက်ရမှာ ဘာညာနဲ့။ အဲဒီကျတော့မှ မျက်ရည်စမ်းစမ်းစမ်းစမ်းနဲ့ ပေါင်းရမှာ ခက်၊ မပေါင်းရမှာ ခက်နဲ့။ မပေါင်းပြန်တော့လည်း မျက်နှာများ တယ်လို့ ပြောမှာကတစ်မျိုး။ ဟာ အဲဒီလိုနဲ့ပဲ ယက်ကန် ယက်ကန်နဲ့ ပါသွားရော။ ပြောချင်တာက အိမ်ထောင်ပြုတယ်ဆိုတဲ့ ဥစ္စာက တစ်သက်လုံးမှာ တော်တော် အရေးကြီးတယ်ဆိုတဲ့ ကိစ္စကြီး။ အဲဒီ အရေးကြီးတဲ့ကိစ္စကို ပေါ့ပေါ့တန်တန် လာလုပ်နေတယ်။ ပြန်စဉ်းစား ကြည့်။

တကယ် ခင်ဗျားစဉ်းစားကြည့်၊ တော်တော်သဘောပေါက်ဖို့ ကောင်းတယ်။ ဒါကြောင့်မို့ ကျွန်တော်က ကောင်မလေးတွေကို ပြောတယ်။ ပြောရမှာ မကောင်းပါဘူးဗျာ။ မကောင်းပေမယ့် ပြောရ မှာပဲ။ ဒီမယ် တစ်ခါတလေကျတော့ အဲဒီလိုပေါ့၊ သမီးရည်းစား ခွာပြဲတယ်ဆိုတာဟာ လင်မယားပြတ်စဲရတာထက် ပိုကောင်းတယ်။ သစ္စာဖောက်တာ မဟုတ်ဘူး။ မျက်နှာများတယ်ပြောပြော။ ဒါပေ

http://www.cherrythitsar.org



မယ့် ခဏခဏ ချာပြံနေရင်တော့လည်း မကောင်းဘူးပေ့ါ။ ဟို အရက်သမားပြောသလို 'အမယ် အရက်ဖြတ်တာများ ခက်လွန်လွန်းလို့ ကွာတဲ့၊ တို့က နေ့တိုင်းဖြတ်နေတာ၊ ညနေကျတော့မှ ပြန်ပြန်သောက်တယ်' သူကတော့ ဖြတ်လိုက်တာပဲ၊ အရက်ကို။ ခဏခဏကို ပြတ်နေတာ သိပ်လွယ်တာပေ့ါ။ အဲဒီလိုပဲ ခဏခဏ ချာပြံနေတော့ ဘယ်ကောင်းပါ့မလဲ။

အဲတော့ ပြောချင်တာက ယောက်ျားလေးတွေလည်း ဒီလိုပဲ၊ မိန်းကလေးတွေလည်းဒီလိုပဲ။ မိန်းကလေးကလည်း ဒီလိုပဲ။ ယောက်ျားလေးတွေ ဟိုမှာ ဂစ်တာနဲ့ဘာနဲ့၊ ဟိုပွဲမှာ အဆိုကောင်းလိုက်တာ၊ ဒီပွဲမှာ စတိတ်ရှိုးမှာ အဆိုကောင်းလိုက်တာ၊ ဘာညာနဲ့ မဒီပျို ဝိုင်းဝိုင်းလည်။ အဲဒါနဲ့ ကြိုက်ချင်ကြိုက်ကြတယ်။ အဲဒါနဲ့ ဝိုင်းဝိုင်းလည် ဖြစ်ချင်နေကြတယ်။ သူ ဘယ်လိုလဲ၊ သူ့စိတ်ဓာတ်၊ သူ့စရိုက်၊ သူ့သဘော ဘယ်လိုလဲ၊ မစဉ်းစားဘူး သူနဲ့က တစ်လမ်းလုံး သွားရမှာ၊ အထူးသဖြင့် မိန်းကလေးတွေကျတော့ ပိုအရေးကြီးတယ်။

ယောက်ျားလေးတွေမှာကျတော့ အိမ်ထောင်ပြုတယ်ဆိုတဲ့ဥစ္စာ ဘဝမှာ အရေးကြီးဆုံး ကိစ္စများထဲက တစ်ခုကို လုပ်လိုက်တာ၊ ဘဝရဲ့အရေးကြီးဆုံး ကိစ္စတစ်ခုကို လုပ်ရတာ။ အဲဒါကို သတိထား။ ယောကျ်ားလေးများက အရေးကြီးဆုံး ကိစ္စထဲမှာ တစ်ခုနော်။ အိမ်ထောင်ပြုတာ။ ဒါနဲ့တင် မပြီးသေးဘူး။ နောက်ပိုင်းမှာ ကိုယ်က ကုန်းရုန်းထမ်းပိုးပြီးကျွေးရဦးမှာ။ ကိုယ့်မျိုးဆက်ကို ကောင်းအောင် လုပ်ရဦးမှာ။ အဲဒီထဲမှာ စောစောက ဆွေမျိုးစဉ်ဆက် ဆိုလိုက်တဲ့ ဥစ္စာကို ပြောဦးမယ်။ ဆရာကြီး ဦးအေးမောင်ရဲ့ ဖိုမသဘာဝနှင့် ဗီဇပတ်ဝန်းကျင်က ဖတ်ဖို့ကောင်းတယ်နော်၊ ကြပ်ကြပ် ဖတ်ဖို့

http://www.cherrythitsar.org



ကောင်းတယ်နော်။ အဲဒီ စာအုပ်။ ဖိုမ သဘာဝနော်။ ဖိုသဘာဝနဲ့ ဗီဇပတ်ဝန်းကျင်တို့ အဲဒီစာအုပ်တွေထဲမှာ ပါတယ်။

အဲဒီထဲမှာ ဘာပြောလဲဆိုရင် အိမ်ထောင်ကျပြီးလို့ရှိရင် သားသမီး ရဦးမှာပဲ။ ဒီအတိုင်းနေမှာ မဟုတ်ဘူး။ ပထမဆုံး ဥပမာ စိတ်ရောဂါဖြစ်တဲ့ မျိုးဆက်ရှိတဲ့လူဟာ ဒါစဉ်းစားရမှာ။ သူ တို့မှာ ငုပ်ဗီဇ၊ သူ့မှာ မဖြစ်ဘူးနော်။ မင်း နဂိုဗီဇက နောက်နှစ်ဆက်လောက် မှ ပြန်ပေါ်ချင်ပေါ်မှာ။ အဲဒါကို တစ်ခါတစ်ရံမှာ သူကလည်း စိတ်ဒီလို ဖြစ်တတ်တယ်။ ဟိုကလည်း စိတ်ကယောက်ကယက် ဖြစ် တတ်တယ်၊ အဲဒါကို နှစ်ယောက်ပေါင်းပေးလိုက်တော့ သွားရော။ အဲဒီဗီဇမျိုးကျတော့ ဆရာဝန်များနဲ့တောင် ညှိနှိုင်းမေးမြန်းသင့်တယ်၊ ဆွေးနွေးသင့်တယ်လို့ ပြောထားတယ်။ အဲဒီတော့ အိမ်ထောင်ပြုတဲ့ ကိစ္စကို အရေးကြီးတယ်ဆိုတဲ့အထဲမှာ ထည့်ထားပါ။ ဒီနေရာမှာတော့ အိမ်ထောင်ပြု သင်တန်းကြီးပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အရေး ကြီးတဲ့ကိစ္စလို့တော့ ထည့်ပြီး စဉ်းစားပါ။ ပြောချင်တာက မျိုးဆက် ထိအောင် လှမ်းကြည့်ရမယ်။ ကိုယ်နဲ့ ကိုယ့်မိန်းမနဲ့တင် ပြတ်သွားမှာ မဟုတ်ဘူး။ နောက်ထပ် မျိုးဆက်သစ်က လာဦးမှာ။ အဲဒီ မျိုးဆက်သစ်ကို တိုးတက်ရစ်ဖို့ ကိစ္စမဟုတ်ဘဲနဲ့ မျိုးဆက်သစ်က ဒုက္ခရောက်ရမှာစိုးလို့ ပြောရတာ။ အဲဒီကျပြီဆိုလို့ရှိရင် ကိုယ်နဲ့သူနဲ့ ပေါင်းပြီး လောကထဲမှာ ကလေးတွေကို ဒုက္ခရောက်အောင် ခေါ်လိုက် သလိုဖြစ်သွားမှာ စိုးလို့ပြောတာ။ ဒါကြောင့်မို့ သတိထားပါလို့ ပြောတာ။

နောက်တစ်ခုက လူငယ်နဲ့ ကိုယ်ကျင့်တရား။ ခုနကတုန်းက ရိုးသားဖို့လိုအပ်တယ်လို့ ပြောတဲ့ဥစ္စာ၊ ဦးချစ်မောင်ပြောတဲ့ဥစ္စာကို ပြောခဲ့ပြီ။ အခုတော့ လူငယ်တွေ ရိုးသားဖို့လို့ ပြောနေရတာ။

http://www.cherrythitsar.org



စာရိတ္တကောင်းဖို့လို့။ ဘာဖြစ်လဲဆိုတော့ လူငယ်တွေက ပျက်ဖို့လို့ တော်တော် တာစူနေကြတာ။ ပျက်ဖို့လို့တာစူတဲ့အထဲထဲမှာ သိသိ သာသာကြီး ပျက်တဲ့ဥစ္စာ ဘာလဲဆိုတော့ မူးယစ်ဆေးဝါး သုံးတာတို့လို၊ အရက်သောက်တာတို့လို၊ အဲလို ဟာမျိုးတွေက သိသာတာပေါ့၊ မြင်သာတာပေါ့။ ဒီကလေး ပျက်စီးနေတယ်၊ ဘာညာ ပြောမှာပေါ့။ ဒါပေမယ့် အဲဒီလိုလုပ်တာထက် ကြောက်စရာကောင်းတဲ့ အလုပ် တစ်ခုက ဘာလဲဆိုတော့ ပိုက်ဆံရပြီးရော၊ ဘယ်ကရရ ပြီးတယ် ဆိုတာမျိုး။ လောကကြီးမှာ ကိုယ်ရပိုင်ခွင့် မဟုတ်တဲ့ မရထိုက်တဲ့ အခွင့်အရေး၊ မရထိုက်တဲ့ ငွေကြေး ယူကို မယူချင်နဲ့။ အဲဒီလိုကို တောင့်ထား။

နို့မဟုတ်ရင် မင်းတို့ တစ်နေ့ကျရင် ဒုက္ခရောက်လိမ့်မယ်။ မင်းတို့ 'ကုန်းလားရုန်းလား ပြဿဒါး' ဆိုတာ ကြားဖူးကြလား။ဟိုအရင်တုန်းက ငါ ရေးခဲ့ဖူးသေးတယ်။ ဒီမှာ ခုလည်း ပြောလိုက်ရ ဦးမယ်။

ဘုန်းကြီးတစ်ပါးရှိတယ်။ ပြဿဒါးတို့ ရက်ရာဇာတို့ပေါ့။ အဲဒါတွေဘာတွေ ပြောတဲ့အခါကျတော့ အဲဒီဘုန်းကြီးနဲ့ မတည့်တဲ့ ရွာထဲက လူကြီးတစ်ယောက်က ဆွမ်းလည်းမလောင်းဘူး၊ အဲဒီကို လာလည်း မလာဘူး။ အဲဒီဘုန်းကြီးက သူ့ကို အမြင်ကတ်တယ်။ အဲဒီလို ဖြစ်နေတဲ့အခါကျတော့ ဘုန်းကြီးက ရက်ရာဇာတို့ ဘာတို့ ရွေးပေးတယ်။ ဟေ့ ရက်ရာဇာတို့ ဘာတို့ လုပ်မနေနဲ့။ ငါတော့ ပြဿဒါးချမယ်ကွ။ သူ့လယ်ကို စထွန်တာ ပြဿဒါးကို စထွန်တာ။ ကောက်စိုက်တယ် ပြဿဒါး၊ ပျိုးကြဲတယ် ပြဿဒါးကြဲတယ်၊ ပေါင်းလိုက်တယ် ပြဿဒါးလိုက်တယ်၊ ပြဿဒါး ပြီးရောကွာ။ လယ်ကလည်း ကောင်းလိုက်တာပြောမနေနဲ့တော့၊ ကောင်းလိုက်တာ

http://www.cherrythitsar.org



ပြဿဒါးချည်းပဲ။ နောက်ဆုံးကျတော့ ကောက်ရိတ်တာ ပြဿဒါး ရိတ်တာ။ ရိတ်လည်းပြီးရော အဲဒီကောက်လှိုင်းတွေ လှည်းပေါ်တင်၊ ဘုန်းကြီးကျောင်းရှေ့က ဖြတ်မောင်း။ 'ရုန်းလိုက်စမ်းကွ။ ကုန်းလား ရုန်းလား ပြဿဒါးကွ၊ ကုန်းလား ရုန်းလား ပြဿဒါးကွ'။

ဘုန်းကြီးက ကွမ်းစားပြီး ခံနေရတယ်။ အဲဒါနဲ့နေတော့ လယ်တွေဘာတွေပြီးလို့ စပါးတွေဘာတွေ ကျီတွေထဲသွင်းပြီးတော့ နေသားတကျဖြစ်၊ နောက်ခုနစ်ရက်လောက်လည်း ကြာတော့ အဲဒီ ကျီကြီး မီးထလောင်တော့ အဲဒီတော့ ရွာဦးကျောင်းက ဘုန်းကြီးက ထအော် ရော။ 'လောင်လား ပြောင်လား ပြဿဒါးကွ၊ လောင်လား ပြောင်လား ပြဿဒါးကွ'။

အဲတော့ ပြောချင်တာက အဲဒါနဲ့ ပတ်သတ်ပြီးတော့ ကျွန်တော် ပြောခဲ့တာ ပုံပြင်ပါ။ အဲဒါ ကျွန်တော့်ဆရာ တောင်တွင်းကြီး သခင်ကျော်စိန်က ပြောတယ်။ 'အောင်သင်းတဲ့၊ အဲဒါကို ရုတ်တရက် ကြည့်လိုက်ရင် ဟာသပဲ၊ ဘဝမှာ ဒီအတိုင်းပဲနော်၊ မဟုတ်တဲ့နည်းနဲ့ ရရင် ရတဲ့ကောင်ဟာ ကုန်းလားရုန်းလားရတယ်၊ ပြဿဒါးပိုက်ဆံ၊ အဲ တစ်နေ့ကျတော့ လောင်လားပြောင်လားပဲ' တဲ့ ဟိုတစ်လောကတုန်း က ကျွန်းသစ်တွေဘာတွေ ဝုန်းဝုန်းနဲ့ လောင်လားပြောင်လားထဲ ပါသွားလိုက်တာ အကုန်တစ်သီကြီးလေ၊ ကြားလိုက်မှာပေါ့။ ကြောက်စရာ။

ကျွန်တော်ပြောချင်တာ ဒါကြောင့်မို့ မောင်ရင်တို့ ပြဿဒါး ပိုက်ဆံမရှာနဲ့၊ ရက်ရာဇာ ပိုက်ဆံကိုရှာပါ။ ငါပြောတဲ့ အဓိပ္ပာယ်ကို နားလည်ပါ။ ရသင့်ရထိုက်တဲ့ ရက်ရာဇာ၊ ရက်ရာဇာကိုရမှ မောင်ရင် လည်း 'ရာဇာ' ဖြစ်မှာ။ နို့မို့ဆိုရင် ဘဝလည်း ပြဿဒါးဘဝကြီး

http://www.cherrythitsar.org



ဖြစ်သွားမှာ။ ဒါကြောင့်မို့ ကုန်းလားရှန်းလား မလုပ်ပါနဲ့လို့ ပြော တာ။ သွားပြီး အားမကျနဲ့။

နောက်တစ်ခုက ဘာလဲဆိုတော့ အရင်လည်း ဒါလေးတွေကို ထည့်ထည့်ပြောပါတယ်။ 'ရွှေသဇ္ဇာ' ဆိုတဲ့ စာရေးဆရာမ။ ကျွန်တော် သူ့ဝတ္ထုလေးတစ်ပုဒ်၊ အကြိုက်ဆုံးဝတ္ထုလည်း ရွေးခဲ့ဖူးတယ်၊ ကြိုက် လည်း ကြိုက်တယ်။ ကျွန်တော့်ရင်ထဲမှာ စွဲခဲ့ဖူးတဲ့ အဲဒီဝတ္ထုလေးက **'မလွှတ်ကြမ္မာ'** တဲ့။ ဝတ္ထုရဲ့ သဘောလေးက ဘာလဲဆိုတော့ သေခါနီးဆဲဆဲ ဒီလူတစ်ယောက်ရဲ့ဘဝ။ အဲဒီလူတစ်ယောက်၏ ခံစားမှုတွေကိုရေးသွားတာ။ သူက မလှုပ်နိုင်တော့ဘူး၊ သေတော့ မယ်ဆိုတာ သူ့ဘာသာသူသိတယ်။ မလှုပ်နိုင်တော့ဘူး။

အဲဒီမှာ သူ့ စိတ်ကို အနှောင့်အယှက်ဖြစ်ဆုံးက ယင်ကောင် တစ်ကောင်ဟာ ဝဲဝဲ ပြီးတော့ နားနားမှာ ဝဲလိုက်၊ ဒီဒီနဲ့လာလိုက်၊ ဟိုနားလာလိုက်၊ ဒီနားလာလိုက်နဲ့ ပျံသွားလိုက်။ အဲဒီလိုဖြစ်နေတော့ သူက သေခါနီးမှာ စိတ်အနှောင့်အယှက်ဖြစ်တယ်။ ဒါပေမယ့် ဒီအသံကြီးကို သူ မကြားချင်ဘူး။ ဒါပေမယ့် သူ မမောင်းနိုင်ဘူး။ သူ့ 'လက်' ကလည်း မမောင်းနိုင်ဘူး။ သူ့အနားမှာ အိမ်ဖော် ကောင်မ လေးရှိတယ်။ အဲဒီ အိမ်ဖော်ကောင်မလေးဟာ ဆေးရုံမှာ လူနာလာ စောင့်တာ။ ဒါပေမယ့် လူနာ ဘာမျှမလှုပ်တဲ့အခါကျတော့ သူက လည်း ရုပ်ပြဖတ်နေတယ်။ အဲဒီကောင်မလေးကို ယင်ခြောက်ပေးစမ်း လို့လည်း မပြောနိုင်ဘူး။ အဲဒီလို ဖြစ်တဲ့အချိန်ကျတော့မှ သူ့မိန်းမက တော်တော်ကို သူ လုပ်ကျွေးပြုစုထားတဲ့မိန်းမက ရက်ရှည်ကျတော့ မစောင့်နိုင်တော့ဘူး၊ အနားမှာလည်း မနေနိုင်တော့ဘူး။ အိမ်ဖော်နဲ့ပဲ ထား။ ထမင်းပို့တဲ့အခါ ခဏလာလိုက်၊ ဆရာဝန်ကို ပိုက်ဆံလေး ဘာလေးပေးလိုက်၊ ဒါနဲ့ပဲ ဒါပဲလုပ်နေတယ်။ ဒါပဲ လုပ်နေတော့မှ

http://www.cherrythitsar.org



သူ့အမေပြောတဲ့ စကားကို ပြန်ပြန်သတိရတယ်။ သူ့အမေက တစ်ခါတစ်ခါပြောတာလေးတွေ။

'သားရယ်၊ ငါ့သားတဲ့၊ မင်း မဟုတ်တာတွေ လုပ်လွန်းပြီတဲ့၊ များလွန်းနေပြီငါ့သားရယ်တဲ့၊ မလုပ်ပါနဲ့၊ မရသင့်တဲ့ပိုက်ဆံကို မလုပ်စမ်းပါနဲ့၊ မစားစမ်းပါနဲ့တဲ့'

'ဟာ အမေကလည်းဗျာ၊ ဘေးလူတွေပြောစကားနဲ့'

'ငါ့သားရယ်တဲ့ အမေဆိုတာ ဘေးလူတွေပြောတာကို နောက်ဆုံးမှကြားရတာပါတဲ့၊ သူများတွေပြောလို့ဝတော့မှ အမေ့နားကို ပေါက်တာပါ၊ မဟုတ်ဘဲနဲ့ မပေါ်ပါဘူး၊ မကျော်ပါဘူးသားရယ်တဲ့၊ မင်းဆင်ခြင်ပါ'

ဟာဗျာ အမေကလဲ ဘာညာနဲ့ ပေးစရာရှိတာ ပေးခဲ့တယ်။ ပြန်လာခဲ့တယ်။ ဒါပဲ။

အမေတော့ ထောက်ပံ့တယ်။ ဒီတော့ အမေကလည်း မဟုတ်ပါဘူး၊ ငါတို့မှာ ပြည့်စုံတယ်၊ မပေးနဲ့။ ဒါပေမယ့် သူက ပေးခဲ့တယ်။ နောက်တစ်ခါ 'ငါ့သား မင်းစဉ်းစားနော်တဲ့၊ မင်း စဉ်းစား စဉ်းစား'။ တစ်ခွန်းတည်းပြောတယ်။

'ငါ့သားတဲ့၊ မင်းမိန်းမ စိန်ရွှေလက်ဝတ်လက်စား အတောင့်အတင်းဝတ်နိုင်တဲ့ဥစ္စာကို အမေက မနာလို မဖြစ်ပါဘူး၊ မင်းမိန်းမဘက်က အမျိုးတွေ၊ ယောက်ဖတွေရဲ့ မယားတွေ ကလေးတွေ တစ်အိမ်လုံးတက်ပြီး စားသောက်နေကြတာကို အမေ ဝန်တိုခြင်း မဖြစ်ပါဘူး၊ ဒါပေမယ့် သူတို့အားလုံးစားဖို့ အတွက်ကို ငါ့သားလေး သံသရာမှာ နစ်ရတော့မယ်၊ အဲဒီကျတော့ ဘယ်သူမှ အဖော်ပါမှာ မဟုတ်ဘူး၊ ငါ့သားလေးကို သနားလိုက်တာ' တဲ့။

http://www.cherrythitsar.org



အဲဒီတော့ မောင်ရင်တို့ သတိထားနော်၊ တစ်ယောက်တည်း နော်၊ သံသရာမှာ တစ်ယောက်တည်းနော်၊ မင်းနောက်ကလိုက်မှာ ကုသိုလ်နဲ့ အကုသိုလ်ပဲရှိတယ်။

ကောင်းပြီ။ အဲလိုဆိုတော့ ဆရာရယ် သံသရာဆိုတာ ရှိချင်မှ ရှိမှာ။ ကောင်းပြီ။ တစ်ခုတော့ မင်းတို့ကိုပြောမယ်။ နောက် ဘဝရှိသလား၊ မရှိဘူးလား။ နောက်ဘဝရှိတယ်လို့ ဘယ် သိပ္ပံ ပညာရှင်မှ မပြောသေးဘူး။ အဲဒီလိုပဲ၊ မရှိဘူးလို့လည်း ဘယ်သိပ္ပံရှင် ကမှ မပြောဝံ့ဘူး။ သိပ္ပံ သိပ္ပံနဲ့ သွားပြီး စွတ်အထင်မကြီးနဲ့။ သိပ္ပံပညာရဲ့ ယနေ့တွေ့ရှိချက်ဟာ တစ်ကေရှိတဲ့ မြေကွက်ပေါ်မှာ ပဲစေ့တစ်စေ့ ကျသလောက်ပဲ ရှိတယ်တဲ့။ အဲဒါ ကြပ်ကြပ်သတိထားပါ။

အဲဒီထဲမှာမှ သိပ္ပံနည်းကျ စူးစမ်းတဲ့အခါမှာ တွေ့တဲ့သစ္စာက ဘာဖြစ်လဲဆိုတော့ လူဝင်စားဆိုတဲ့ပုဂ္ဂိုလ် လာဖြစ်နေတယ်။ အခု တော်တော်များများ လက်ခံနေတယ်။ ဟုတ်တယ်၊ လက်ခံတယ်။ သို့သော် ဒီဥစ္စာကို အကုန်လုံး သိပ္ပံရဲ့ ဥပဒေက အကုန်လုံးခြုံပြီး မပြောနိုင်တဲ့ အတွက်ကြောင့်မို့ သူ့ကိုတော့ သိပ္ပံရဲ့ ဥပဒေသနိယာမ ကြီးပေါ့၊ သိပ္ပံရဲ့ ဥပဒေသကြီးအဖြစ် သူ့ကို လက်မခံသေးဘူး။ လက်မခံခဲ့သေးပေမယ့် ဒါကိုတော့ ထည့်စဉ်းစားနေရသေးတယ်။ သိပ္ပံပညာရှင်တွေ ကိုယ်တိုင်က ဒီစူးစမ်းချက်ဟာ သိပ္ပံနည်းကျစူးစမ်း တာတော့ အမှန်ပဲဆိုတာ သူတို့ ဝန်ခံတယ်။

ကောင်းပြီ။ အဲဒီလူဝင်စားဆိုတာ ရှိတယ်ဆိုရင်ကော တစ်မျိုး စဉ်းစားရမယ်။ ကောင်းပြီ။ နောက်တစ်ဆင့် ပြောချင်တာက ဆရာ ကြီး ရွှေဥဒေါင်းပြောသလို နောက်ဘဝဆိုတာ ရှိသလား မရှိဘူး လား မသိဘူး။ မရှိဘူး ရှိတယ် မသိဘူး။ ဒါပေမယ့် မရှိဘူးဆိုပြီး ကိုယ်က ထင်တာလုပ်နေတယ်။ ရှိနေရင် ကိုယ်ကျိုးမနည်းဘူးလား။

http://www.cherrythitsar.org



အဲတော့မှ ကာလာမသုတ် ဘုရားဟောခဲ့တာတွေ၊ ကေသမုတ္တိသုတ်၊ တိုတိုပြောမယ်၊ ကာလာမပုဏ္ဏားတွေနဲ့ တွေ့တယ်။ တွေ့တဲ့အခါကျတော့ ကာလာမပုဏ္ဏားတွေက သူတို့က ဘုရားကိုလည်း သိပ်တွက်တာ မဟုတ်ဘူး။ ဒီဘုရားဆိုတာ စကားပြောလည်းကောင်းတယ်၊ ဘာညာပေါ့ကွာ။ နားထောင်ကြည့်ရအောင်။ သိဒ္ဓတ္ထမင်းသားက နည်းနည်း နာမည်လေးလည်းကြီးတော့ သွားနားထောင်ကြည့်ရအောင်ဆိုပြီး ဒီလိုဟာမျိုးလာတာ။ တချို့ကတော့ လာပြီးတော့ အာလာပသလ္လာပ ပြုသေးတာ။ သူတို့ကတော့ ပညာတတ်ကိုး။ ပုဏ္ဏားတွေ၊ ပညာတတ်တဲ့လူတွေ။ တချို့ကတော့ ခပ်လှမ်းလှမ်းကသွားကြားလေးထိုးပြီး လှမ်းကြည့်နေတာမျိုးပေါ့။ ဘာတွေပြောမလဲ၊ ဒီလိုလာတာ။ သူတို့က အဲဒီလိုလာတော့မှ သိဒ္ဓတ္ထကိုမေးတယ်ပေါ့။ သိဒ္ဓတ္ထအဖြစ်နဲ့ပဲ မင်းသား ပရင့်စ်ပေါ့။ အဲဒီမှာ မင်းနဲ့ တို့ဆီမှာတော့ဖြင့်ရင် အတွေးအခေါ်ပညာရှင်တွေ၊ ဖီလော်ဆော်ဖာတွေပေါ့၊ လာကြတာ များလှပြီတဲ့။ ဒီတစ်ယောက်ကတစ်မျိုး ပြော၊ ဟိုတစ်ယောက်က တစ်မျိုးပြောနဲ့၊ ဟိုတစ်ယောက်ကလည်း အဲဒီကောင်ပြောတာ မဟုတ်ဘူး၊ ငါပြောတာမှ ဟုတ်တယ်။ နောက်တစ်ယောက်ကလည်း မဟုတ်ဘူး၊ ငါမှဟုတ်တယ်။ အကုန်လုံးပြောနေတာ။ သူတို့ချည်းပဲ ပြောနေတာကို ကြာတော့ တို့က ဘာကိုယုံရမှန်းမသိဘူး။ ဘာမှ မယုံချင်သလို ဖြစ်လာတယ်။

ဘုရားက ဟုတ်တယ်၊ ဘာမှ မယုံနဲ့၊ ဘာမှ မယုံနဲ့။ အေးလေ။ မင်းက ဘာပြောချင်လို့လဲ။ ဘာမှမယုံနဲ့၊ သူများပြောတာ။ သူများပြောတာ ဘာမှမယုံနဲ့။ စာထဲပါလို့လည်း မယုံနဲ့။ ကျမ်းထဲပါလို့လည်း မယုံနဲ့။ အဖေပြောလို့လည်း မယုံနဲ့၊ အမေပြောလို့လည်း မယုံနဲ့။ ဒါတော့ဖြင့် ငါတွေးထားတာနဲ့ အကိုက်ပဲဆိုပြီးလည်း

http://www.cherrythitsar.org



မယုံနဲ့။ ဟ ဒါဖြင့် ဘာကိုယုံရမှာလဲ။ ကိုယ့်ဉာဏ်နဲ့ ကိုယ်စဉ်းစားပြီး၊ ဒါတော့ဖြင့် မလွဲမသွေမှန်တယ်၊ ငြင်းလို့မရဘူးဆိုတော့မှပဲယုံ။ ကောင်းပြီ။ ဒါဖြင့် မင်း ဘာပြောချင်သေးသလဲ။ ငါ များများမပြောချင်ဘူး၊ မင်းတို့ကို ငါတစ်ခုမေးမယ်။ ကာလာမတို့၊ သူများပစ္စည်းကို လုတာယက်တာ ခိုးတာ ဖွက်တာ ကောင်းသလား။ ဒါတော့ မကောင်းဘူး။ ဟုတ်တယ်လေ။ သူများပစ္စည်းလုတာ ကောင်းပါတယ်၊ ခိုးတာကောင်းပါတယ်ဆိုရင် ဒီနေ့ ကောင်းမှုလေးတွေ လုပ်သွားလိုက်ဦးမယ်ဆိုပြီး သွားခိုးမှာပေါ့။ အဲဒီလိုဖြစ်နေမှာပေါ့ ဟုတ်လား။ အဲဒါတွေနဲ့ ရှိတာတွေ ပျက်ကုန်မှာပေါ့။ လောကကြီး ပျက်မယ့်တရားကိုး မကောင်းဘူးပေါ့။

ဒါဖြင့်ရင် အဲဒီလုခြင်း၊ ဖွက်ခြင်း၊ ခိုးခြင်းရဲ့အကြောင်းရင်းဟာ ဘာလဲ။ အဲဒီအကြောင်းရင်းက လောဘ။ ဒါဖြင့် ကာလာမတို့၊ လောဘမကောင်းဘူးပေါ့။ ဟုတ်တယ်၊ မကောင်းဘူး။ ကာလာမတို့၊ လောဘမကောင်းလို့ရှိရင် သူ့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အ လောဘ ကောင်းရလိမ့်မယ်။ အေး ဟုတ်တယ်။ အ လောဘ ကောင်းရမယ်။ ကာလမတို့၊ သူများကိုသတ်တာ ညှဉ်းတာ ပုတ်ခတ်တာ ကောင်းသလား။ မကောင်းဘူး။ ဟုတ်တယ်၊ ဒါလည်းမကောင်းဘူးပေါ့။ သူများသတ်တာ ကောင်းပါတယ်ဆို အကုန်လုံးသတ်လို့ သေနေပြီ။ ဘာမှ မရှိတော့ဘူး။ လောကဖျက်မယ့်တရား။ မကောင်းဘူး။ မင်းတို့ ငါ့ကိုအားနာလို့ ပြောတာလား၊ မင်းတို့စာထဲပါလို့ ပြောတာလား။ မဟုတ်ဘူးတဲ့။ ဒါဖြင့်ရင်တဲ့၊ ရှေးအဆက်ဆက်တုန်းက ပညာရှင်တွေ မိန့်ခဲ့တာကြောင့်လား။ မဟုတ်ပါဘူးတဲ့။ ဒါဖြင့်ရင် သူများကိုသတ်တာ ပုတ်တာ ခတ်တာ ညှဉ်းဆဲတာ မကောင်းဘူး ဆိုတာဟာ ဘာဖြစ်လို့ မင်းတို့မကောင်းဘူးလို့ ပြောလဲ။ ဒါ ငါ့

http://www.cherrythitsar.org



ကိုယ့်ပိုင်ဉာဏ်နဲ့ကို ယုံတယ်။ ဟုတ်တယ်။ ဒါဖြင့် အဲဒါရဲ့အကြောင်းရင်းက ဘာလဲ။ အဲဒါရဲ့အကြောင်းရင်းက ဒေါသပဲ။ ဒါဖြင့် ကာလာမတို့၊ ဒေါသ မကောင်းဘူးပေါ့။ အင်း မကောင်းဘူး။ ကာလာမတို့၊ ဒေါသ မကောင်းလို့ရှိရင် ဒေါသရဲ့ ဆန့်ကျင်ဘက် အဒေါသ ကောင်းရလိမ့်မယ်။ ဟုတ်တယ်တဲ့။ အဒေါသ ကောင်းရလိမ့်မယ်။ ကာလာမတို့၊ မှန်လို့လည်း မှန်မှန်းမသိ၊ မှားလို့လည်း မှားမှန်းမသိ။ အဲဒါ ကောင်းသလား။ ဟ အဲဒါဆို မကောင်းဘူး၊ သေချာတယ်။ မင်း ကျမ်းထဲပါလို့လား၊ မဟုတ်ဘူး။ အဖေပြောလို့လား၊ မဟုတ်ဘူး။ အမေပြောလို့လား၊ မဟုတ်ဘူး။ ဘာ့ကြောင့် မင်းမကောင်းဘူးလို့ ပြောလဲ။ ကိုယ့် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတာ မကောင်းဘူးဆိုတာ သေချာသိတယ်။

ဒါဖြင့်ရင် အဲဒါရဲ့ အကြောင်းရင်းက ဘာလဲ။ မောဟ။ ကာလာမတို့၊ မောဟမကောင်းရင် သူ့ရဲ့ ဆန့်ကျင်ဘက် အမောဟ ကောင်းရမှာပေါ့။ ကာလာမတို့တဲ့၊ ငါဟောတဲ့ တရားအချုပ်က ဒါပဲ။ လောဘ၊ ဒေါသ၊ မောဟ တို့သည် မကောင်း။ အ လောဘ၊ အ ဒေါသ၊ အ မောဟတို့သည် ကောင်း၏။ ဒါကြောင့် အ လောဘ၊ အ ဒေါသ၊ အ မောဟဖြစ်အောင် အားထုတ်ကြ။

လောဘ၏ လက္ခဏာသည် ယူခြင်း၊ ငင်ခြင်း၊ လုခြင်း၊ ယက်ခြင်း၊ ခိုးခြင်း၊ အ လောဘ၏ လက္ခဏာသည် ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ ဒေါသ၏ လက္ခဏာသည် ရိုက်ခတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ အ ဒေါသ၏ လက္ခဏာသည် သနားခြင်း၊ မေတ္တာထားခြင်း၊ ကရုဏာထားခြင်း၊ အကုန်လုံးချုံလိုက်တော့ မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဒါပါပဲ။ ငါ့တရားအကုန်ပါ။

http://www.cherrythitsar.org



ကောင်းပြီတဲ့၊ အရှင် အဲဒီလိုဆိုရင်တဲ့၊ ဒါတွေကို အားထုတ်တဲ့ အတွက် ဒါတွေကို လုပ်တဲ့အတွက် ဘယ်လို အကျိုးရှိသလဲ။ ဘုရားက နောက်ဘဝရှိတယ် မပြောဘူးနော်။ မပြောဘူး။ ထည့် မပြောဘူး။ အဲဒီမှာ ကာလာမ၊ အကယ်၍ တခြားသောဘဝသည် ရှိအံ့တဲ့၊ သံသရာဆိုတာသည် ရှိအံ့တဲ့၊ သူသည် ဒီက အကုသိုလ် မပါတဲ့အတွက်ကြောင့်တဲ့ အဲဒီဘဝမှာ သူဟာ ဆင်းရဲစရာအကြောင်း မရှိဘူး။ ကောင်းဖို့ပဲရှိတယ်။ တကယ်လို့ သံသရာမရှိဘူး ဆိုအံ့တဲ့။ သူ့မှာ ဤမျက်မှောက်ဘဝ၌ ကောင်းသောတရားကို ကျင့်သုံး၍ ပတ်ဝန်းကျင်၏ ချစ်ခြင်း၊ ခင်ခြင်း၊ ရိုသေခြင်း၊ လေးစားခြင်းကို ခံရ၍ ကောင်းကျိုးပဲ ရနိုင်၏။ မျက်မှောက်ဘဝ၌ ကောင်းကျိုးပဲ ရနိုင်တယ်။ သံသရာမှာလည်း ကောင်းကျိုးပဲ ရနိုင်တယ်။ ဒါကြောင့် ငါ၏ တရားကို အားထုတ်လို့ရှိရင် နေလည်းနေရဲတယ်။ သေလည်း သေရဲတယ်။ သံသရာမှာလည်း ကြောက်စရာမရှိဘူးတဲ့။

ဒါပါပဲ။ မောင်ရင်တို့ နေရဲ သေရဲအောင် သတိထားကြနော်။ ကောင်းပြီ။

အခု နောက်ဆုံးတစ်ချက်က ကျွန်တော် အန္တရာယ်အကြီးဆုံး တစ်ချက်ကို ပြောတော့မယ်။ ကျွန်တော့အဖို့ တော်တော် အန္တရာယ် ကြီးပါတယ်။ သို့သော် ဟိုကဆဲ ဟိုကငြိုငြင် အဲလိုဖြစ်နိုင် တယ်။ သို့သော် ဆဲချင်ဆဲပါစေတော့၊ ကျွန်တော်ပြောတာကို သဘောကျရင်လည်း တစ်မျိုး၊ ကြိုက်ရင်လည်းတစ်မျိုး၊ ကြိုက်မှ လက်ခံပါ။ မကြိုက်ရင်ပယ်ပါ။ ကိစ္စမရှိဘူး။ အဲဒါ ဘာလဲဆိုတော့ လူငယ်နဲ့ နိုင်ငံရေး။

သိပ်အများကြီးမပြောဘူးနော်။ နိုင်ငံရေးဆိုတော့ ဟိုဝါဒတွေ ဒီဝါဒတွေ ထင်မနေနဲ့။ တစ်ချက်တည်းပဲ။ ကြောက်စရာအကောင်းဆုံး

http://www.cherrythitsar.org



က နိုင်ငံရေးစည်းရုံးမှု။ သိပ်ကြောက်ဖို့ကောင်းတယ်။ ထိုးဖောက်မှု အင်မတန်အားကြီးတယ်။ ပယ်နိုင်ဖို့ခက်တယ်။ ယုံကြည်လွယ်တယ်။ သိပ် အပြောကောင်းတယ်။ သူတို့ဟာ အဲဒီတော့ နိုင်ငံရေးစည်းရုံးမှု ပါသွားတာနဲ့ ဘဝပျက်သွားတာမျိုးရှိတတ်တယ်။ ဘာကြောင့်ပျက် သလဲ၊ ဘယ်လိုပျက်တတ်သလဲ။ ငယ်ငယ်မှာ နိုင်ငံရေးထဲပါသွားရင် ပျက်တတ်တယ်။

ဖြစ်တတ်ပုံကို ပြောမယ်။ ဒါ ကိုယ်တွေ့တွေချည်းပဲနော်။ ကျွန်တော် တွေ့တဲ့ဥစ္စာ ထားလိုက်ဦး။ ကျွန်တော်ကိုယ်တိုင် ကြုံခဲ့တဲ့ ဥစ္စာ။ ကျွန်တော် လူမမည်နဲ့၊ လူမမည်ဆိုတော့ ဘာမှန်းမသိ ညာမှန်းမသိကောင်နဲ့ ကျွန်တော် ပါခဲ့တာ။ ကျွန်တော် နိုင်ငံရေးထဲ ရောက်သွားတယ်။ ကျွန်တော် စရေးတဲ့စာက 'သရက်ထောင်ဖောက်ခဲ့ စဉ်က' နိုင်ငံရေးနဲ့ ရခဲ့တာ။ ကျွန်တော် သရက်ထောင်ဖောက်ပြီး ထွက်ခဲ့တာ။ နောက်ဆုံး ကျွန်တော့်ကိုယ်ကျွန်တော် ပြန်စဉ်းစားကြည့် တယ်။ အူကြောင်ကြောင် စွန့်စားခန်းကြီးတွေ။ ဘာမှ အဓိပ္ပာယ် သိပ်မရှိဘူး၊ အခိုင်းခံရတာ၊ စည်းရုံးရေးလုပ်ပြီး ခိုင်းတာ။ စည်းရုံးတယ် ဆိုတာ ခိုင်းဖို့ခေါ်တာဖြစ်တယ်။ ဒါကြောင့် ခိုင်းဖို့ခေါ်တာလား၊ သတိထားပါ။ ငယ်ငယ်မှာ ပါသွားရင် ဖြစ်တတ်တာကို ပြောတာ။

ကျွန်တော်က အလယ်တန်းပြဆရာလည်း လုပ်ခဲ့ဖူးတယ်။ ၁၉၅၃ ၄–၅ အဲဒီတစ်ဝိုက်လောက်က အလယ်တန်းပြဆရာလုပ်တာ။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဖဆပလအစိုးရ လက်ထက်ပေါ့။ တက္ကသိုလ် ကျောင်းမှာ ကျောင်းသားသမဂ္ဂ၊ တကသ၊ နောက်ကျတော့ ရကသ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ။ အဲဒီမှာလည်း ခုနက အလံနီကရော၊ ဘာကရော အကုန်လုံးထိုးဖောက်။ နိုင်ငံရေး စည်းရုံးမှုထဲ ဝင်တာ။ အဲဒီကနေပြီးတော့ ကျောင်းတွေဟာ

http://www.cherrythitsar.org



တစ်ခါတည်း ဟိုက်စကူးဟူသမျှ သမဂ္ဂဖွဲ့ပေးစေရမယ်၊ ကျောင်းသား သမဂ္ဂ ဖွဲ့ခွင့်ပေးတယ်ဆိုတော့ ဟိုက်စကူးမှာ ကျောင်းသားသမဂ္ဂတွေ ဖွဲ့ကုန်ကြတယ်။ နောက်တော့ အလယ်တန်းပါ။ အလယ်တန်း ကလေးတွေက သူတို့ဘာသာ သူတို့၊ သူတို့ကျောင်းမှာ သမဂ္ဂဖွဲ့ ခွင့် သူတို့ ဘာတောင်းတတ်မှာလဲ။ ကလေးတွေက အလွန်ဆုံး ဆယ့်လေ့ငါးနှစ်တွေပေါ့။ ဒါပေမယ့် သူတို့အတွက်ကိုရအောင် ဘယ်သူက တောင်းပေးလဲဆိုတော့ အထက်တန်းကျောင်းသားတွေက တောင်းပေးတယ်။ အဲဒီ အထက်တန်းကျောင်းသားတွေက ဒီကောင်တွေကို ပြန်အသုံးချတာ။ အဲဒီကျတော့ ဖြစ်တာပြောမလို့နော်၊ သူတို့ကို အသုံးချတဲ့ဥစ္စာကို ဘယ်လောက်ထိအောင် ဘာဖြစ် အောင်တော့ ကျွန်တော် မသိဘူး။ ကျွန်တော် သိခဲ့တဲ့ ဥစ္စာကို ပြောမှာ။

အဲဒီမှာ အလယ်တန်းကလေးတွေက သမဂ္ဂရွေးလိုက်တော့ကာ ကလေးတွေ အစည်းအဝေးလုပ်တယ်။ သူတို့ဘာသာ သူတို့ရွေးလေ၊ ကျွန်တော်တို့က ဆရာ၊ ဘာဆိုင်တုံး။ ကျွန်တော်တို့က ဘေးကနေ ရွေးတဲ့ဟာကို အသာကြည့်နေရုံပဲ။ တင်တယ်။ ဘယ်သူ့တင်မလဲ။ 'သူတို့ကျောင်းသားထဲမှာ အသက်အကြီးဆုံး ပေပေတေတေနဲ့၊ အဲဒီ သတ္တိကောင်းတဲ့ကောင်'။ ကျန်တဲ့ကလေးတွေက ဥမမည် စာမမြောက်တစ်မြောက်နဲ့၊ ဘာမှ သိတာမဟုတ်ဘူး။ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်က ခုနစ်တန်းပဲ။ အဲဒီတုန်းက ခုနစ်တန်းက အလယ်တန်း ကျောင်းပဲ။ အလယ်တန်းက အမြင့်ဆုံးက ခုနစ်တန်း။

အဲဒီမှာတင်တဲ့ ပေတေကောင်တွေက ဥက္ကဌ၊ ဟိုကောင်တွေက အတွင်းရေးမှူးဖြစ်။ ဒီကောင်တွေက ဆရာနဲ့ တေ့တေ့ဆိုင်ဆိုင်၊ ဆရာ ဆရာမနဲ့ ကျောင်းအုပ်ကြီးတွေနဲ့ သူတို့က တရားဝင်စကား

http://www.cherrythitsar.org



ပြောနိုင်တယ်။ ကျွန်တော်တို့ အဲဒီလိုလုပ်မယ်၊ ဒီလိုလုပ်မယ်၊ ကျွန်တော်က အဲဒီအချိန်မှာ ခွင့်ပေးပါ၊ ကျောင်းသားတွေနဲ့ ဘာလုပ်စရာရှိတယ်။ ဒီလိုလာတာ။ အဲဒီတော့ ကျွန်တော်တို့ ဘယ်သွားစရာရှိတယ်ဆို ကျွန်တော်တို့ကျောင်းသားတွေ အတွက်ဆိုသွားကြတာ။ ကျောင်းပြေးတာ မဟုတ်ပေမယ့် သွားချင်ရာ သွားနေရတာ။ နောက်ဆုံးပိတ်ရောက်တော့ ဆရာတွေက ဘာမှကို မပြောဘူး။ လုပ်ချင်ရာ လုပ်။ ဒီအတိုင်းပစ်ထားလိုက်တာ။ အသိပညာရှိသောသူ၊ ဆုံးမထိုက် သောသူ၊ ဆုံးမရန်ဝတ္တရားရှိသောသူတို့က ပစ်ပယ်လိုက်ရင် အဲဒီ ကောင် ဘဝသေပြီသာ အောက်မေ့ပေတော့၊ ဘာဖြစ်သွားသလဲ။ တစ်ယောက်မှကို ခုနစ်တန်းအောင်မလာတော့ဘူး၊ အောင်ကို မလာတော့ဘူး။ ဒီလိုနဲ့ပြီးရော။ ဆယ်တန်းမအောင်ဘူး။ တချို့ကောင်တွေ 'ဟယ်ရီတန်' ကျမှ အောင်တယ်။ ဆယ်တန်းကျတော့ ပြုတ်၊ ရှစ်တန်းထဲကပြုတ်။ အပြင်ကိုရောက်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ပြောချင်တာက အဲဒီ ခပ်ငယ်ငယ်မှာ သူတို့မှာ မလိုအပ်တဲ့ အာဏာ၊ ဂုဏ်၊ အဲဒီအဆင့် ပြောရေးဆိုခွင့်တွေရှိလိုက်ရင် အဲဒီ ဂုဏ်လေးက ဒီပြင်လူတွေမှာ ဘာမှမဖြစ်ဘူး၊ သူ့မှာ သွားဒုက္ခဖြစ်တယ်။ အရိုးမပါတဲ့ဓားကို ကိုင်လိုက်ရသလိုပဲ။ သူ့ လက်ကို ပြတ်သွားတယ်။ ဒါကြောင့်မို့ ငယ်ငယ်မှာ အဲဒါလေးတွေ သတိထားပါလို့ ပြောချင်တယ်။

နိုင်ငံရေးဆိုတာ သိပ်အန္တရာယ်ကြီးပါတယ်။ အဲတော့ ရှေ့ဆိုလို့ရှိရင် ဒီမိုကရေစီ ရောက်လာတော့မယ်။ ဘာညာပါတီတွေ ပေါ်လာမယ်။ လာလိမ့်မယ်၊ အကုန်လုံး အကုန်လုံး လာလိမ့်မယ်။ ကြပ်ကြပ်သတိထားပါ။ ဒါကြောင့် လူငယ်မှာ အထူးသဖြင့် ပြောချင်တာက သိပ် အများကြီးပြောချင်တာ မဟုတ်ပါဘူး၊ နိုင်ငံရေးဝါဒ

http://www.cherrythitsar.org



တွေ၊ ဘာတွေကို မပြောချင်တော့ဘူး။ ခပ်ငယ်ငယ်မှာတော့ဖြင့် သတိထားပါ။ ခပ်ငယ်ငယ်လေးမှာ အဲဒီလို မဖြစ်မိအောင် သတိထား ပါလို့ ကျွန်တော်ပြောချင်တယ်။ နောက်ပြီး ဒါမျိုး မလုပ်ကောင်းဘူး လို့၊ သူတို့လည်း လူမမည်တွေကို အသုံးမချသင့်ဘူး။ ရှက်စရာကောင်း တယ်။ မသုံးစေချင်ဘူး။ အဲတော့ ကျွန်တော်ပြောစရာ ဒီလောက်ပါပဲ။ သိပ်များများ မရှိတော့ပါဘူး။ ပြီးပါပြီ။

ပြီးတော့ ကျွန်တော် အခု နိဂုံးချုပ်ရမယ်ဆိုလို့ရှိရင် ကျွန်တော် က လူငယ်နဲ့ နိုင်ငံရေးကို နောက်ဆုံးမှ ထည့်လိုက်တာပါ၊ ဒါပေ မယ့် တကယ့်နိဂုံးချုပ်ရမှာက ခုန 'ကာလာမသုတ္တန်' နဲ့ ပြန်ပြီး နိဂုံးချုပ်ရမှာပါ။ အဲတော့မှ တကယ် အဆင်ပြေမှာပါ။

တကယ်တော့ မောင်ရင်တို့ လူငယ်တွေ စဉ်းစားရမှာက ခုနပြောသလို သံသရာအတွက်လည်း ကောင်းအောင်၊ ပစ္စုပ္ပန်မှာလည်း ကောင်းအောင် အကျင့် စာရိတ္တ ကောင်းခြင်းသည် ပတ်ဝန်းကျင် အခုလက်ရှိဘဝမှာလည်း လူရိုသေခြင်း ခံရတယ်။ ငယ်လို့ အကျင့် စာရိတ္တမကောင်းရင် မင်းဘာသာမင်း ဘယ်လောက်ချမ်းသာနေနေ မင်းသိက္ခာကိုတော့ ရှိသေမှာ မဟုတ်ဘူး။ လိပ်ပြာ အမြဲတမ်းငယ် နေရမှာကို ပြောချင်တယ်။ ကျွန်တော့် ခဏ နားခွင့်ပြုပါ။ အဲဒီမှာ မေးစရာရှိလည်း မေးပါ။ ကျွန်တော် ဖြေနိုင်ရင်လည်း ဖြေပါ့မယ်။ မဖြေနိုင်ရင်လည်း မဖြေနိုင်ဘူးပေါ့။ ဒါပါပဲ။ အားလုံးကို ကျေးဇူး တင်ပါတယ်လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။

*

ကြာကြာ နားမနေတော့ပါဘူး၊ အားနာလို့ပါ။ ကျွန်တော်တို့ ၁၂ နာရီဆိုရင် ဒီက သိမ်းရတော့မှာမို့ပါ။ အချိန်လွန်ရင်လည်း နည်းနည်း ပါးပါး ဆက်သုံးလည်း ရပါတယ်လို့ ပြောပါတယ်။ သို့သော်လည်း ထမင်းစားချိန်နဲ့ ဘာနဲ့ဆိုတော့ အားလုံးအတွက်လည်း ညောင်းလည်း ညောင်းပါတယ်။ ၁၂ နာရီဆိုရင်တော့ ကျန်တဲ့မေးခွန်းတွေ ရပ်ထား ခဲ့ရပါမယ်။ တကယ်လို့ နောက်ပိုင်းကြုံလို့ရှိရင်တော့ တစ်နေရာကနေ ပြန်ပြီး ဖြေပြရင်လည်း ပြပါမှာ။

အခု ပထမဆုံးမေးတဲ့မေးခွန်း။

**မေး ။ ဆရာရှင့်၊ ဆရာဆွေးနွေးသော သတ္တိသည် အရည်အချင်း အားလုံး၏ ရေသောက်မြစ်ဖြစ်ကြောင်းကို နှစ်သက် လက်ခံပါသည်။ ယနေ့ခေတ်တွင် စားတော်ဆက်များ၌ သီဆိုဖျော်ဖြေကြသော အမျိုးသမီးများအတွက် မေးခွန်း မေးလိုပါတယ်။ (သူတို့ လက်တွေ့ဖြစ်နေတာလေးတွေ ကိုပေါ့။) စာရိတ္တပျက်ပြားခြင်း လုံးဝမရှိဘဲ မိမိ talent**

http://www.cherrythitsar.org



**ကို ဖော်ထုတ်လို၍ဖြစ်စေ၊ ဘ၀ရပ်တည်ရေးအတွက်ဖြစ်စေ၊ အဆိုတော်ဖြစ်နိုင်ပါလျက် ပတ်ဝန်းကျင် အမြင်မှားယွင်းမည်စိုး၍ မစွန့်စားဝံ့သော အမျိုးသမီးငယ်များမှာ ပတ်ဝန်းကျင်အမြင်ကို ထည့်သွင်း မစဉ်းစားဘဲ မှန်မှန်ကန်ကန် လုပ်ရပ်ကို ရဲရဲဝံ့ဝံ့လုပ်ရန် ဆုံးဖြတ်လျှင် ဤသတ္တိသည် မှန်ကန်ပါမည်လား။ ပတ်ဝန်းကျင်ကို ကြောက်လန့်၍ မိမိအရည်အချင်းကို အသုံးမချတော့ဘဲ နေသင့်ပါ သလား။**

**ဖြေ။** ။တော်တော် စဉ်းစားစရာကောင်းတဲ့ မေးခွန်း။ အင်မတန် ဖြေဖို့ခက်ပါတယ်။ ကျွန်တော် ကြိုးစားပြီးတော့ ဖြေပါ့မယ်။ ခက်တာက ကျားရဲရာ ကြံမွှာမရှိးသာ ဆိုသလို၊ ပတ်ဝန်းကျင် အကုန်လုံးက ဒီအထင်မှားတဲ့ကိစ္စမျိုးကို ဆိုလို့ရှိရင် ကိုယ်က သတိထားသင့်တယ်။ ကိုယ်က စွန့်စားပေမယ့် စွန့်စားတဲ့ကိစ္စ အရာမထင်ဖြစ်တတ်တယ်။ ဘာနဲ့တူသလဲဆိုတော့ ဘုရားလူကြီး ပြည့်တန်ဆာအိမ်မှာ သွားထိုင်မိသလို ရှင်းလို့မရဘဲ ဖြစ်သွားမယ်။ ကျွန်တော် ပြောတာ၊ သို့သော် ပြောလိုက်ဦးမယ်၊ သမီးငယ်တွေအတွက်ကို ပြောလိုက်ဦးမယ်။ အဲဒီဟာမျိုးမဖြစ်အောင် ထားမယ်ဆိုတဲ့ ခုနက စားသောက်ခန်းမတွေ၊ အဲဒီလူကိုယ်တိုင်က သိက္ခာရှိတဲ့ဟာမျိုးတွေ ဖြစ်လာအောင် ဆုတောင်းပါ။ အဲဒါဆိုလို့ရှိရင် မင်း အဲဒါမျိုးတွေ လုပ်သင့်တယ်။ သို့သော် အဲဒီလူတွေ ကိုယ်တိုင်ကိုက ပုံပျက်ပန်းပျက်ကောင်တွေ။ မင်းတို့ကိုကြည့်ပြီးတော့ ဖြားယောင်းပြီးတော့ စားဖို့လုပ်နေတဲ့ကောင်တွေ ဆိုရင်တော့ မင်းဟာ အဲဒီမှာ ကျားစာဖြစ်မယ်။ အဲဒီတော့ကို အခု စားသောက်ခန်းမတွေ တော်တော်များများ ပေါ်နေတယ်။ ပေါ်လာတဲ့အခါမှာ အဲဒီလို နာမည်ပျက်တာတွေ ရှိ

http://www.cherrythitsar.org



လာတယ်။ ရှိလာတဲ့အခါကျတော့ အဲဒါမျိုးတွေ မရှိဘဲနဲ့ ဂုဏ်သရေရှိ တကယ်ကိုတော်တဲ့ ကလေးတွေ ဖျော်ဖြေသော စားသောက်ခန်းမတွေ ဖြစ်တယ်ဆိုတာမျိုး ဆိုလို့ရှိရင် အဲဒီသွားစားတဲ့လူကလည်း ဂုဏ်သရေရှိလူ လာစားလိမ့်မယ်။ အခု ဘရုတ်ကျကျရတယ်ဆိုရင် ဘရုတ်ကျကျလာစားလိမ့်မယ်။ အဲဒီတော့ အဲဒီလို စားသောက်ခန်းမမျိုး မကြာခင်မှာ ပေါ်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ ဘာကြောင့်လဲ ဆိုတော့ မဟုတ်တာတွေများလို့ရှိရင် ဟုတ်တာက ခေါင်းပြူပြီး တက်လာတယ်။ ဒါကြောင့် မင်းရဲ့အတွက် မကြာခင်မှာ အခွင့်အရေး ပေါ်လာပါ့မယ်လို့ ပြောလိုက်တာပါ။

**မေး။** ။**ဆရာ၊ လူငယ်တွေ ဘယ်အသက်အရွယ်မှာ နိုင်ငံရေး လုပ်သင့် တယ်လို့ ယူဆပါသလဲတဲ့။**

**ဖြေ။** ။အဲဒီမေးခွန်းက နိုင်ငံရေးလုပ်သင့်တယ်လို့ ပြောတာ မဟုတ်ဘူးနော်။ မပါနဲ့လို့ ပြောတာ။ ကိုယ်ဟာကိုယ် နိုင်ငံရေး ထလုပ်နေလို့ ဖြစ်တာမှ မဟုတ်ဘဲ။ နိုင်ငံရေးလုပ်တယ်ဆိုတာ နိုင်ငံရေးလုပ်ဖို့ကို နိုင်ငံမှာ လိုအပ်တဲ့ အခြေအနေ ရှိလာတယ်။ ကိုယ့်ကိုယ်တိုင် ကလည်း အဲဒါလုပ်နိုင်တဲ့စွမ်းရည် ရှိလာတယ်။ ကိုယ့်ကိုယ်ပိုင် စဉ်းစားဉာဏ် ဗဟုသုတလည်း ရှိရတယ်။ အဲဒီအချိန်ကျမှ လုပ်ရတာ။ အဲဒါတောင်မှ ကိုယ်က နိုင်ငံရေးကို ဝါသနာမပါရင် မလုပ်နဲ့ပေါ့။ အလကားနေရင်း သူများလုပ်တာနဲ့ ထလုပ်နေလို့မှ မရတာ။ နိုင်ငံရေးလုပ်တယ်ဆိုတာ အပျင်းပြေလုပ်လို့ ဖြစ်တာမှ မဟုတ်ဘဲ။ ဂစ်တာတီးတာ မဟုတ်ဘူး။ သူက တစ်ခု၊ တစ်ဘာသာ။

ဒါကြောင့်မို့လို့ ဘယ်အရွယ်မှာ လုပ်ရမလဲဆိုတာ တကယ်လို့ လုပ်ချင်စိတ်ပေါ်ပေါက်နေတယ်ဆိုလို့ရှိရင် အသက်အရွယ်အားဖြင့် အနည်းဆုံးရှိသင့်တာ အစိတ်အထက်မှာ ရှိသင့်တယ်။ နောက်ပြီး

http://www.cherrythitsar.org



တော့ အသက်အစိတ်ဆိုတာ အလကား အီးပေါလောအစိတ်ကြီး ပြောတာ မဟုတ်ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ အကျိုးအကြောင်းဉာဏ်နဲ့ ဆင်ခြင်နိုင်တဲ့ ဉာဏ်မျိုးနဲ့ အသက်အစိတ်ကို ပြောတာ။ ဒါတောင်မှ ဗိုလ်ချုပ်အောင်ဆန်းတို့ကို သွားပြောတဲ့အခါကျတော့ ဗိုလ်ချုပ်အောင်ဆန်းတို့တုန်းက နိုင်ငံရေးဆိုတာ တစ်မျိုးသားလုံးကိစ္စကြီး။ အဲဒီခေတ်နဲ့ မတူဘူး။ ရှေ့ကို ဒါကိုကြပ်ကြပ်သတိထားဖို့ ပြောတာပါ။ ကောင်းပါပြီ။ နောက် မေးခွန်းပါသေးတယ်။

**မေး။ ။သခင်တင်မြတို့ကို ဘယ်လိုယူဆသလဲ။ လူငယ် တွေကို နိုင်ငံရေးလုပ်ရင် အမှန်တကယ် အန္တရာယ် ဖြစ်နိုင်ပါသလား။**

**ဖြေ။** ။သခင်တင်မြကို ဘယ်လိုယူဆသလဲ။ သခင်တင်မြခေတ်ကို ပြန်တွက်ကြည့်လေ။ 'ဘုံဘဝမှာ' ကို ကြည့်လိုက်လို့ရှိရင် ဖတ်လို့ရှိရင် ရပါတယ်။ တစ်ပြည်လုံးကိစ္စ၊ တစ်မျိုးသားလုံးကိစ္စ၊ အဲဒီမှာ တစ်ပြည်လုံး ထလုပ်ရတဲ့ကိစ္စ။ လွတ်လပ်ရေးကိစ္စ၊ အမျိုးသားလွတ်မြောက်ရေးကိစ္စကြီး။ အဲဒီဟာနဲ့ ဒီဘက်ကာလကို ပြောရမယ်ဆိုလို့ရှိရင် အခြား နိုင်ငံရေးနဲ့ သိပ်မတူဘူးဆိုတာ သဘောပေါက်။ နည်းနည်း စဉ်းစားရမှာပေါ့။ အဲဒါတွေကို စဉ်းစားစေချင်လို့ ထည့်ပြောတာ။ ဒါကြောင့်မို့လို့ ကျွန်တော့်အဖို့ ဒါ အန္တရာယ်များတယ်ဆိုတာ ကျွန်တော် တကယ်ပြောတာ။ သိတယ်။ တချို့က ဒါခံတွင်းမတွေ့နိုင်ဘူး။ ဒီဘက်က တွေ့ရင် ဟိုဘက်က မတွေ့ဘူး။ တစ်ဘက်ကမှ မတွေ့နိုင်ဘူး၊ ဟုတ်လား။ ဒါနဲ့ပတ်သက်ပြီး လူကလည်း အမြင်ကတ်တယ်၊ ဟုတ်လား။ အဲဒီဟာ အသုံးချတာကို ခံချင်နေတဲ့ လူတွေကလည်း အမြင်ကတ်တယ်။ ဒါနှစ်ခုကြားက ကျွန်တော် ပြောတာ။ အန္တရာယ်ရှိမှန်း ကျွန်တော် သိသားပဲ။ အအမှ မဟုတ်ဘဲ။

http://www.cherrythitsar.org



ဒါပေမယ့်လို့ အဲဒီဟာကို လူငယ်တွေအတွက်ပြောဖို့ ကျွန်တော် သတ္တိမွေးပြီး ကျွန်တော်ပြောတာ။ ဒါသတ္တိရှိရမယ်လို့ ဆုံးဖြတ်ပြီးပြောတာ။

**မေး။ ။ဆိုးမွေဆိုတာ ဘာလဲဆရာတဲ့။ ရန်သူမျိုးငါးပါးထဲက အမွေခံဆိုး ဆိုရတာရော ဘာလဲတဲ့။ သားသမီးဝတ် ငါးပါးထဲမှာ မွေခံထိုက်စေ၊ မွေခံထိုက်စေဆိုတာလည်း အကျယ် ရှင်းပြပါတဲ့။ ဆရာတဲ့။**

**ဖြေ။** ။ဆိုးမွေဆိုတာဘာလဲဆိုတော့ မိဘရဲ့ ဆိုးမွေခံရတယ်။ အလွယ်ဆုံးပြောရမယ်ဆိုရင် မိဘကနေ ဆစ်ဖလစ်ရောဂါဖြစ်လို့ ကလေးမှာ ပါလာပြီဆိုတော့ ဒီထက်ကြီးတဲ့ ဆိုးမွေ ဘာရှိသေးလဲ၊ ဟုတ်လား။ ပြောချင်တာက ဆိုးမွေဆိုတာလည်း အများကြီးပေါ့။ ရှိတယ်ဆိုတဲ့ဥစ္စာ အဲဒီလို ရောဂါဆိုးတွေကအစ ငွေတို့ ကြေးတို့ ပြဿနာတွေ၊ တစ်ခါတလေကျ ဖအေမအေက မဟုတ်တာလုပ်လိုက်လို့ ကိုယ်ကျတော့ မျက်နှာငယ်နေရတာမျိုးတွေ၊ ဒါ ဆိုးမွေပေါ့၊ ဟုတ်လား။

နောက်တစ်ခုက ရန်သူမျိုးငါးပါးထဲက မွေခံဆိုးဆိုတာ ဘာလဲဆိုတော့ ရန်သူမျိုးငါးပါးထဲမှာ မွေခံဆိုးဆိုတာ ငါ မကြားဖူးဘူး။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ၊ ဒါပဲပါတယ်။ ဟုတ်လား။ မွေခံဆိုးဆိုတာတော့ ငါတော့ မကြားဖူးဘူး။ ဘယ်ကျမ်းထဲမှာများ ပါလဲမသိဘူး။ အဲဒါဆိုရင်တော့ အဲဒါ မသိဘူး။ နောက်တစ်ခု၊ သားသမီးဝတ်ငါးပါးထဲက မွေခံထိုက်စေဆိုတာဟာ ဘာလဲတဲ့။ အမွေခံထိုက်တဲ့ သားသမီးဆိုတဲ့ဟာ အမွေမခံရဘူးဆိုတဲ့ ဥစ္စာ ရှိတယ်။ အမွေမခံရဘူးဆိုတာဟာ ခွေးကဲ့သို့သော သားသမီး၊ ဒီ ခွေးကဲ့သို့ မိုက်မဲပြီး မိဘရဲ့အပေါ်ကအစ ပြန်ပြီးတော့ ပြစ်မှားတဲ့ဥစ္စာ၊ စော်ကားတာ၊ ဖအေကို ပြန်ပြီးဆဲတာ၊ ရိုက်တာ နှက်တာ၊

http://www.cherrythitsar.org



အဲဒီဥစ္စာမျိုးပေါ့။ ခွေးကဲ့သို့သားသမီး၊ ခွေးကဲ့သို့ကျင့်သော သားသမီး လို့ ဆိုတယ်။ အဲဒီလို သားသမီးမျိုးကို ဖအေ မအေက အမွေဖြတ် နိုင်တယ်။ ဗုဒ္ဓဘာသာ ဓမ္မသတ်ဥပဒေအရ မိဘက ဘယ်တော့မှ အမွေမဖြတ်နိုင်ဘူး၊ ဖြတ်လို့ကို မရဘူး။ ယနေ့ မိဘများ သားသမီးကို အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်တာ၊ မရဘူး။ ဥပဒေက အချိန်တန် အမွေတစ်ခုပေးမှာပဲ ဖြစ်တယ်။

ဒါပေမယ့် ပတ်ဝန်းကျင်အရပ်ကိုက ဒီကလေးဟာ အမွေကို မခံထိုက်ဘူး၊ ခွေးကဲ့သို့ သားသမီးဆိုရင်တော့ အမွေမခံရဘူး။ အဲဒါပဲ ရှိတယ်။ အဲဒါ ဓမ္မသတ်ကနေလာတဲ့ စကားတွေနော်။

**မေး။ ။ဆရာဦးအောင်သင်းရှင့်တဲ့၊ လူငယ်များအတွက် အမွေ ဟောပြောခြင်းဟာ လူငယ်များနဲ့အတူ ဆရာ့အား ကျေးဇူးအလွန်တင်ပါတယ်။ လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှု နည်းပါးပျောက်ကွယ်စေရန် ဆရာ့အနေဖြင့် အကြံကောင်းများပေးနိုင်ပါမည်လားတဲ့။**

**ဖြေ။** ။ခက်တာက ဒီဥစ္စာက အကြံကောင်းပေးဖို့ကိုလိုတာ မဟုတ်ဘူး။ မသိတာမဟုတ်ဘူး။ သိတယ်။ ဒီဟာ အန္တရာယ်ဖြစ်တယ် ဆိုတာ သိတယ်။ သိပေမယ့် ကလေးဆိုတဲ့ဥစ္စာ ဘာဖြစ်တတ်သလဲ ဆိုတော့ တိတ်တိတ်ခိုးလုပ်ရတဲ့ကိစ္စကို သူတို့က အရသာတွေ့တယ်။ ဒီ ဘာလဲဆိုတော့ Stolen fruits are sweeter ခိုးစားရတဲ့ သစ်သီးက ပိုချိုတယ်တဲ့။

အဲဒီတော့ ဘေးပတ်ဝန်းကျင်ကနေပြီးတော့ တားမြစ်ထားတဲ့ အတွက်၊ လူကြီးတွေက ပိတ်ပင်ထားတဲ့အတွက်၊ အစိုးရက ပိတ်ပင် ထားတဲ့အတွက် အဲဒီဥစ္စာလေးကို လုပ်ရတာ၊ ခိုးလုပ်ရတာ စွန့်စားခန်း

http://www.cherrythitsar.org



လေးပါတယ်၊ အဲဒီ စွန့်စားခန်းလေးရဲ့ အရသာကို သူကသွားယူတာ။ ယူတဲ့ဥစ္စာ ဒီပြင် ဘုရားပေါ်မှာ တိတ်တိတ်ပုန်းသွားပြီး ခိုပစ်တာမျိုး ကတော့ အရေးမကြီးဘူး။ အဲဒီဟာကျတော့ ကိုယ့်ကို ထိခိုက်တယ်။ ပြောချင်တာက စွန့်စားခန်းတစ်ပိုင်းပါတယ်။ အဲဒီဥစ္စာမျိုးမှာ မဟုတ်တဲ့ နေရာက စွန့်စားခန်းမျိုးကို သွားမမက်နဲ့။ အဲဒီပြင် နေရာတွေရှိ တယ်။ အတွေးအခေါ် စွန့်စားမှု၊ ဦးနှောက်စွန့်စားမှု၊ စာဖတ်စမ်းပါ။ အဲဒါပြောတာ။ ပြောချင်တဲ့ အဓိပ္ပာယ်က လူငယ်တွေကို မူးယစ် ဆေးဝါး ပပျောက်အောင်ဆိုပြီး ပညာပေးရုံနဲ့လည်း မရဘူး။ ခုနက အထူးသဖြင့် ပြောချင်တာကတော့ အကောင်းဆုံးနည်းပြောချင်တာ ကတော့ အခုမေးတဲ့ မေးခွန်းဟာ မိန်းကလေးပါ။ မဘယ်သူပေ့ါ၊ ထားပါတော့။ အကောင်းဆုံးက ဘာလဲဆိုတော့ အဲဒီမူးယစ်ဆေး သောက်သုံးတဲ့ကောင်လေးတွေကို ညည်းတို့ကောင်မလေးတွေ မကြိုက်နဲ့။ ဒါပဲ။ ဒါအကောင်းဆုံးနည်းပဲ။ သို့သော် အဲဒီ မူးယစ် ဆေးဝါးကို စွဲနေတဲ့ အကောင်က ပိုက်ဆံတတ်နိုင်တော့ အဲဒီကောင်ကို ကြိုက်နေတဲ့ကောင်မတွေက တစ်ပုံကြီး။ တက္ကသိုလ်မှာကိုက အဲဒီ ပေတေတေကောင်ကို ဟီရိုးထင်နေတဲ့ ကောင်မလေးတွေက ရှိသေး တာ။ မျက်စိရှေ့မှာတင် တွေ့ခဲ့တာ။ အဲဒီတော့ မိန်းကလေး အကုန်လုံး ကနေ အဲဒီကောင်မျိုးကို ဆောရီးဆိုလို့ရှိရင် အဲဒီကောင်လည်း ဆေးကို ဆောရီး၊ နောက်ဆုံး ဆော်က ဆောရီးဆိုတော့လည်း ဆေးလည်း ဆောရီး။

အဲဒီတော့ အကောင်းဆုံးနည်းကတော့ဖြင့် တို့က မတတ်နိုင် ပါဘူး၊ ညည်းတို့လို မိန်းကလေးတွေက တတ်နိုင်တယ်လို့ ပြောပါ တယ်။ အဲလို ခုမိန်းကလေးတွေက အစည်းအရုံးဖွဲ့ကြည့်ပါလား။ ဆေးဘဲတွေကို ရှောင်ကြဉ်ရမယ်၊ ဟုတ်လား။ ဆေးဘဲရှောင်

http://www.cherrythitsar.org



မိန်းကလေးများအစည်းအရုံး။ ဖွဲ့ကြည့်ပါလား။ မြန်မာပြည်မှာ ဆေးရောင်းတဲ့ကောင်တွေတောင် ဒုက္ခရောက်သွားဦးမယ်။

**မေး။ ။ဆရာခင်ဗျား။ ဟောပြောပွဲအစလောက်မှာ ဆရာ ပြောခဲ့တဲ့ အခု မြန်မာနိုင်ငံမှာ ဘဝစီမံကိန်းနဲ့ စီစဉ်တာ ကြိုးစားလို့ မရနိုင်သေးတာ၊ ခက်ခဲတယ်ဆိုတာ ဥပမာနဲ့တကွ ဖြေပါတဲ့။**

**ဖြေ။** ။တော်ရောပေါ့၊ ဒါလောက်ဖြေတာ။ ဥပမာဆိုတာ ပြုံးတုံးပြုံတဲဖြစ်အောင် ပြရတာမှမဟုတ်ဘဲနဲ့။ ဒါပေမယ့် ကြီးပွားရမယ် ဆိုတဲ့ စိတ်တော့ထား။ အဲဒီတော့ ဘဝစီမံကိန်းကြီးဆိုတာလောက် တော့ မထားနိုင်တောင်မှ ကြီးပွားရမယ်ဆိုတာလောက်တော့ထား။ အဲဒီ ဘဝစီမံကိန်းကလည်း တစ်ခါတစ်ရံကျရင် အများနဲ့ရောပြီး ပျက်ချင်ပျက်သွားတတ်တယ်။ မင်းတို့ ဟိုဆယ်တန်းပြဋ္ဌာန်းချက်ထဲမှာ ပါပါတယ်ကွာ။ ဆယ်တန်းပြဋ္ဌာန်းချက်ထဲမှာ ပါတယ်။ ဆယ်တန်း ကလေးတွေဆို သိမယ်။ အောင်ပြီးသား ကလေးတွေလည်း သိမှာ ပေါ့။ အဲဒီမှာ 'အမျိုးသားနေ့'ဆိုတာ ပါတယ်။ ဦးဖိုးကျားရေးတဲ့ ဥစ္စာ။ မတွေ့ဘူးလား။ ဘီအေအောင်ရမယ်ဆိုပြီး အစွမ်းကုန် ဒီကျောင်းသားက ကြိုးစားတယ်။ သူက ဘယ်လိုလဲဆိုတော့ အရေးပိုင် တစ်ယောက်က သူ့သမီးနဲ့ ပေးစားမယ်၊ ဘီအေအောင်ပြီးရင် ပေးစားပြီးတော့ သူ့ကို မြို့အုပ်ရာထူးရအောင်လည်း လုပ်ပေးမယ် ဆိုတော့ ဒီကျောင်းသား နေ့ရောညရော ကြိုးစားတယ်။ အစွမ်းကုန် မှချအောင်မှာပဲ၊ မြေကြီးလက်ခတ်မလွဲဘူး။ အဲဒီအချိန်မှာ တစ်ခါတည်း ကျောင်းသားများသပိတ် ၁၉၂၀ ခု၊ ကျောင်းသားများသပိတ်ဆိုတာ ပေါ်လာလိုက်တော့ ဒီကျောင်းသားဟာ အများနဲ့ပါတော့ သူလည်း မလိုက်လို့ မဖြစ်ဘူး။ မလိုက်လို့ မဖြစ်တဲ့အခါကျတော့ သူက

http://www.cherrythitsar.org



အဲဒီမှာ သူက အဲဒီမှာ အခန်းထဲမှာ ချုံးချပြီး ငိုတာ။ အဲဒီမှာ ဦးဖိုးကျားက ဘာပြောလဲဆိုတော့ အဲဒီလို ချုံးချပြီး ငိုတယ်တဲ့။ အဲဒီတော့ ကျွန်တော်လည်း သူနဲ့ရောပြီး ငိုရမလိုလို ရယ်ရမလိုလို ဖြစ်တယ်တဲ့။ ဟိုကလည်း သပိတ်မှောက်ပြီး ပျော်ပျော်ပါးပါး ထွက်တော့ သူကလည်း ငိုလို့။ လိုက်ရတော့မှာက ငိုပြီးလိုက်ရတော့ မှာ။ ဒါပေမယ့် သူ့ဘက်က စဉ်းစားကြည့်တော့ ပုထုဇဉ်တဲ့။ သူ့မှာ အရေးပိုင်သမီး၊ မြို့အုပ်ရာထူး၊ ဒါ နည်းလား။ လောကီ ပုထုဇဉ် လူသားများအဖို့ နည်းတဲ့ဆုလာဘ်လား။ အဲဒီ ဆုလာဘ်ကြီးကို စွန့်ရတော့မယ်။

ကိုင်း၊ သူ့ဘဝစီမံကိန်းက ဘာလဲ။ မြို့အုပ်ဖြစ်ဖို့လို့၊ အရေးပိုင်သမီးနဲ့ ပေါင်းဖို့လို့ အဆင်သင့်။ အဲဒီဥစ္စာ အမျိုးသားသပိတ်ထဲ မပါပဲနေလို့ရတော့မလား။ ၁၉၂၀ လေ၊ ကျောင်းသားသပိတ်ပါရပြီ။ ကြည့်စမ်း။ သူ့တွက်ကိန်း ပျက်သွားပြီ။ အများနဲ့ပတ်သက်တဲ့အခါ ကျတော့ အဲဒီလို ဖြစ်တတ်တယ်ဆိုတဲ့ သဘာဝကို ပြောတာ။ အဲတော့ ပုံသေရယ်လို့ ပြောလို့ရတာ မဟုတ်ဘူး။ တစ်ခါတစ်ရံ မှာနော်။ အနာဂတ်ဆိုတဲ့ကိစ္စ။

ဒါကြောင့် ကျွန်တော် ဒီ You are not allowed to read another page of life တဲ့၊ ဘဝမှာ စာမျက်နှာ ကျော်ဖတ်လို့ မရဘူး။ ဝတ္ထုတစ်ပုဒ်မှာ စာမျက်နှာ ကျော်ဖတ်၊ ကောင်လေးနဲ့ ကောင်မလေး ပေါင်းမှပေါင်းရပါ့မလားလို့၊ နောက် ကြည့်လိုက် တော့၊ အမယ်လေး တော်ပါသေးရဲ့။ ကျော်ဖတ်လို့ရတယ်။ ဟုတ် လား။ ဘဝမှာ စာမျက်နှာ ကျော်ဖတ်လို့မရဘူး။ မရတဲ့အခါကျတော့ သူက ဒါမျိုးလေးတွေကလည်း ဖြစ်တတ်တာပဲလို့ ပြောတာပါ။ အဲ ဒီလောက်ဆို တော်လောက်ပါပြီ။ ရပါပြီ။

http://www.cherrythitsar.org



**မေး။ ။နောက်တစ်ခုက ဆရာရှင့်၊ သမီးတို့သည် ဆယ်တန်း အောင်မြင်ပြီးသား ဖြစ်ကြပါတယ်။ သို့အတွက်ကြောင့် သူငယ်ချင်းများက သူတို့ ပတ်ဝန်းကျင်မှာ ဘွဲ့နှစ်ဘွဲ့ ရရှိသော်လည်း အလုပ်မရဘဲ ယောင်ချာချာဖြစ်နေသည့် အတွက်ဖြင့် တက္ကသိုလ်ပညာသင်သည်မှာ အကျိုးမရှိဟု ပြောပါသည်။ သမီးတို့က သူတို့ပြောတော့လည်း မခံချင်။ ပြန်၍လည်း မချေပတတ်ပါ။ ဆရာ့အနေနှင့် ဖြေရှင်းပေး စေချင်ပါသည်။**

**ဖြေ။** ။အေးပေါ့။ အဲဒီဥစ္စာတစ်ခု ပြန်ပြောရဦးမယ်။ တောင်တွင်းကြီးမှာ ဟို ဦးဘတင်တဲ့၊ ယစ်မျိုးဝန်ထောက်ခေါ်မှာပေါ့။ သူ့သမီးက မခင်နုတဲ့။ ဆယ်တန်းအစောကြီးအောင်တာ။ ရှေးခေတ် တုန်းက၊ အောင်တော့ သူ့သမီး တက္ကသိုလ်ပို့ဖို့ဆိုတာ သူ့သမီးက ချောလည်းချော၊ နောက်ပိုင်း ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းရဲ့ ဇနီးဖြစ်တဲ့ ဒေါ်ခင်နုပေါ့။ အဲဒီအခါကျတော့ တို့က မမီလိုက်ပါဘူး။ ပေါက်စပဲ ရှိသေးတော့ နောက်တော့ပြောကြလို့ သိရတာ။ အဲတော့ ဦးဘတင်က သူ့သမီးကို တက္ကသိုလ် ပို့မယ်ဆိုတော့၊ အဲဒီတုန်းက မိန်းကလေးဆိုတာ သေစာရှင်စာအောင်ရင် တော်ပြီ။ ဆက်ထားရင် ရည်းစားထားတာပဲရှိမှာပဲ၊ ဘာညာပဲ ပြောတာကိုး။ အဲဒီလို ပို့မယ့် အခါကျတော့မှ ဦးဘတင်ကို 'မင်းနှယ် သမီးမိန်းကလေးပဲ၊ ဆယ်တန်း အောင် တော်ရောပေါ့၊ ဘာလို့ တက္ကသိုလ်ပို့မှာလဲ၊ တော်ကြာ ဟိုလူနဲ့တွေ့ ဒီလူနဲ့တွေ့ဖြစ်သွားတော့မှ ဝါးလုံးနင်းမိ၊ ဝါးခြမ်းနင်းမိ သလို' လို့ပြောတော့ဦးဘတင် ဘာပြောလဲဆိုတော့ 'ဒီမယ် တက္ကသိုလ် ရောက်လို့ရှိရင် ကြိုက်တဲ့ကောင်ကိုဖမ်းယူ၊ အဲဒီကောင်က ဆယ်တန်း တော့အောင်ပြီးသားပဲ' ။တော်ပြီ။သဘောပေါက်ရောပေါ့။ ပြန်ပြောမယ်။

http://www.cherrythitsar.org



ပညာသင်တယ်ဆိုတာမှာလည်း အဲဒီလို မတွက်ပါနဲ့၊ ပညာမြင့်လာလေလေ အဆင့်မြင့်လာလေလေ။ အကျိုးယုတ်တယ်ဆိုတာ ဘယ်တော့မှ မရှိဘူးတဲ့။ နောက်ပြီးတော့ ဒီမှာ အဖေအမေကို လုပ်ကျွေးရမယ့် ဝတ္တရားကြီး ရှိနေတယ်၊ နောက်ကနေပြီးတော့ အဲလို အပူတပြင်းပေါ့။ ဘဝကိစ္စတွေ ပေါ်နေမယ်ဆိုရင်တော့ဖြင့် ဆက်မနေချင် မနေနဲ့ပေါ့။ သို့မဟုတ် သင်နိုင်ခွင့်ရှိတယ်ဆိုရင် သင်လိုက်စမ်းပါ။ အခွင့်အရေးဆိုတာ တံခါးလာခေါက်တုန်း ဖွင့်ရတာ။ မဖွင့်လို့ရှိရင် နောက်တစ်ခါ လာချင်မှ လာတာ။ တံခါးလာခေါက်တုန်း ဖွင့်ပေးလိုက်ပါ၊ သင်လိုက်စမ်းပါ။ ပညာသင်တဲ့ ကိစ္စဟာ အရင်တစ်ခါကလည်း ပြောဖူးပါတယ်။ ဂျီသြမေတြီသင်တဲ့ကိစ္စ။

ဂျီသြမေတြီ သင်တာဟာ မင်းကို တြိဂံတစ်ခုအကြောင်း သင်ပေးတယ်။ ထောင့်မှန်တွေ ဘာတွေ၊ မျဉ်းဖြောင့်သည် အတိုဆုံးခရီးဖြစ်တယ်။ တစ်နေရာနှင့် တစ်နေရာ အတိုဆုံးခရီးသည် မျဉ်းဖြောင့်ဖြစ်တယ်၊ ဘာညာဆိုတဲ့ ဥစ္စာ။ ဒါတွက်တတ်တော့ ဘာဖြစ်လဲ။ အိမ်ဆောက် ဖို့လား၊ မဟုတ်ဘူး။ လမ်းဖြတ်ကူးရင် တည့်တည့်ဖြတ်ကူးရတယ်။ စွေပြီး ဖြတ်ကူးရင် ခရီးဝေးတယ်။ တည့်တည့်ဖြတ်ကူးမှ မြန်မြန်ရောက်တယ်။ မျဉ်းဖြောင့်၊ အဲလို မှတ်ရတယ်။

အဲဒါ ဂျီသြမေတြီတွက်မှ မဟုတ်ပါဘူး၊ ခွေးတောင်သိတယ်။ ခွေးတွေကိုကြည့်၊ ဒိုင်းဆို ဖြတ်ကူးလိုက်တာပဲ။ ကျွန်တော်တို့ ထက်တောင် လည်သေးတယ်။ စဉ့်အိုးတန်းတို့ ကမ်းနားလမ်းတို့ ဘာတို့က ခွေးတွေကို ကြည့်ပါလား။ ဖြတ်ကူးရင် ချတ်ခနဲဆို အလယ်ရောက်တယ်။ ဟိုဘက်ဒီဘက် လှည့်ကြည့်၊ အဲဒီမှာ သိပ်ရှုပ်နေရင် ဖြတ်တဲ့အခါကျတော့ ချယ်ဂါရီအောက်က ဝင်လိုက်သွားတယ်။

http://www.cherrythitsar.org



သူလိုချင်တဲ့နေရာရောက်မှ ထွက်သွားတယ်။ အဲဒီခွေး ဂျီသြမေတြီ မတတ်ပါဘူး။ ဂျီသြမေတြီတတ်တဲ့ဉစ္စာ အိမ်ဆောက်ဖို့ မဟုတ်ဘူး။ လမ်းကူးဖို့ မဟုတ်ဘူး။ အထောက်အထား မခိုင်လုံရင် မယုံဘူးဆိုတဲ့ ဦးနှောက်မျိုးကို ထရိန်နင်ပေးတာ။ အလေ့အကျင့် လုပ်တာ။

အဲ တစ်ခါတလေကျတော့ တက္ကသိုလ်မှာ၊ ကျွန်တော်က တက္ကသိုလ်မှာ ဆရာလုပ်တော့ တော်တော် ရင်နာတယ်။ တချို့ ဘာမှန်းမသိ ညာမှန်းမသိ စွတ်ပြောတာ။ ဒီကောင်က ဘီအက်စီ အောင်တယ်သာပြောတယ် မီးခြစ်ဆံတောင် မလုပ်တတ်ဘူးတဲ့။ မီးခြစ်ဆံလုပ်တတ်ချင်ရင် 'အီးစီမဒါး' ဆိုတဲ့ ကုလားမီးခြစ်စက်ရုံ သွားပေါ့၊ ဘာခက်တာမှတ်လို့။ တက္ကသိုလ်က မီးခြစ်လုပ်နည်း သင်တာမှ မဟုတ်ဘဲ။ မီးခြစ်ဆံ ဘာကြောင့် မီးတောက်သလဲဆိုတဲ့ သီအိုရီကို သင်တာ။ တက္ကသိုလ်က ဘာသင်တန်းမှ မသိဘဲ စွတ်ပြောတာ။ ဘီအက်စီ မက္ကင်းနစ်ကယ်လ်၊ အင်ဂျင်နီယာ မက္ကင်းနစ်ကယ်လ် တွေကွာ သုံးဘီးကားတောင် မပြင်တတ်ဘူး။ သုံးဘီးကား ပြင်တတ် ချင်ရင် ကြက်တန်းသွားပေါ့၊ မြေနီကုန်းမှာ သွားပြင်ပေါ့၊ ကျွန်တော်က အဲဒီလို ပြောလိုက်တယ်။ ဒီကောင်က တက္ကသိုလ်မှာ သီအိုရီကို သင်ခဲ့တာ။ အဲဒီအခြေခံကို သိတော့ နောက်လုပ်သွားလိမ့်မယ်။ ကျွန်တော်တို့ဆီမှာ တစ်ခါတလေကျ သိပ်စိတ်ညစ်ဖို့ကောင်းတယ်။

အဲတော့ ခင်ဗျားကို ပြောမယ်။ မင်းတို့ ပညာဆက်ပြီး သင်ချင်သင်ပါ၊ ဘာမှ သူတို့ပြောတာကို ချိန်ဆမနေနဲ့။ လူဆိုတာ အမျိုးမျိုးပေါ့။ တချို့က စာမေးပွဲ မအောင်ဘူး၊ မအောင်တော့ အိမ်မှာ ကွမ်းယာဆိုင်ဖွင့်မယ်၊ စာအုပ်ငှားမယ်၊ ဒါမျိုးလေးနဲ့ လုပ်ကိုင်စား။ 'တို့က စာမေးပွဲမအောင်ပေမယ့် ဝင်ငွေ တစ်နေ့ကို

http://www.cherrythitsar.org



ဘယ်လောက်ရတာ’။ သူ့ဘာသူ မအောင်လို့လုပ်တဲ့ကိစ္စ။ အဲဒါတွေကို သွားပြီး မဟုတ်တာတွေကို သွားပြီး အားမကျနဲ့နော်။

**မေး။ ။ဆရာခင်များတဲ့၊ လူငယ်နှင့် နိုင်ငံရပ်ခြားသွားတဲ့ အပေါ်အမြင် ဆရာကြီးထားရှိတဲ့ ခံယူချက်၊ သွားသင့် မသွားသင့်။**

**ဖြေ။** ။ခုနေအခါမှာ ကြပ်ကြပ်သတိထားပါ။ သွားချင်သည် ဖြစ်စေ၊ မသွားချင်သည်ဖြစ်စေ။ ဒါပေမယ့် ငွေအရင်းအနှီး အများကြီးနဲ့ ချေးပြီးတော့ သူများဆီက ပိုက်ဆံချေးပြီးတော့ မသွားပါနဲ့။ ဘာကြောင့်လဲ ဆိုတော့ ယခုလက်ရှိ ‘ကြီးပွားရေးမဂ္ဂဇင်း’ မှာပါတယ်၊ ‘သင့်ဘဝအောင်မြင်ရေး’ မှာ ပါတယ်။ ပြေ (ဆေး–၂)ရေးထားတဲ့ နိုင်ငံခြား အတွေ့အကြုံ။ သူတို့ရဲ့ဒုက္ခ၊ သုက္ခ။ ဟိုမှာဖြစ်ရတဲ့ ကိစ္စတွေ ကြပ်ကြပ်ဖတ်ပါဦး။ သိပ်အထင်သေးခံရတယ်။ ဟိုမှာ ကျွန်စာရင်း သွင်းတာဆိုတာ သဘောပေါက်ပါ။ ဒါပေမယ့် ခုလထဲမှာတောင် ကျွန်တော် ထည့်ရေးလိုက်သေးတယ်။ ပါလိမ့်မယ်၊ ဇူလိုင်ပေါ့။ ဘယ်မှာပါမလဲဆိုလို့ရှိရင် ‘ပန်းဝေသီ’ မှာ ပါလိမ့်မယ်။ ဟုတ်လား။ ဒါတွေကိုဖတ်ပါ။

ကိုယ့်ဘာသာကိုယ် အရှိအတိုင်းသိ။ နိုင်ငံခြားမှာ ကျွန်ဖြစ်လည်း ကျွန်ပေါ့။ ဟုတ်လား။ ဟိုမှာ မရှိမသေစကား ပြောရင် အိမ်သာဆေးခဲ့ရတယ်ဆိုရင် ဆေးခဲ့တယ်ပေါ့။ ပြန်ပြော။ ဒီရောက်ရင်တော့ ဒူးလေးနဲ့ တို့မြန်မာသာကီမျိုးတွေဘာတွေ လုပ်မနေနဲ့။ အရှိအတိုင်းသိကြ။

ဒါ ကျွန်တော် တကယ်ပြောတာပါ။ အဲဒီတော့ မောင်ရင်တို့ တကယ်သွားချင်တယ်ဆိုရင် ခုန ငွေချေးပြီးသွားတာမျိုးတော့ မလုပ်ပါနဲ့။ ကြောက်စရာကောင်းပါတယ်။ နောက်တစ်ချက်က ချေး

http://www.cherrythitsar.org



စရာမလိုဘူး။ ကိုယ့်မှာရှိတာလေး ထုခွဲရောင်းချပြီး သွားပါမယ် ဆိုရင်တောင်မှ အဲဒီစာတွေ ဖတ်ပါဦး။ တကယ်တွေ့ခဲ့ကြုံခဲ့တဲ့အတွေ့ အကြုံနဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေကို ပြန်ပြောနေတာကိုနော်။ ဟိုမှာတော့ ရွှေ ရွှေနဲ့ ရွှေချင်းပြန်ပတ်တာကိုက အကုန်လုံး ခဲတွေ ဖြစ်နေတယ်။

**မေး။ ။ဒါ ဒီမေးခွန်းတော့ ခဏထားစမ်းပါဦး။ ပြီးတော့မှ ဖြေတော့မယ်။ တကွဲတပြားစီနေထိုင်တဲ့ ဝန်ထမ်း မိခင်အိမ်ထောင်သည်များ၏ ဘဝပြဿနာကို ဖြေရှင်း ပေးစေလိုပါတယ်တဲ့။**

**ဖြေ။** ။လူငယ်တွေကိုကျွန်တော်ပြောနေတာ။ ဘယ် သူတို့က အိမ်ထောင်တောင်ကျနေတာပဲ။ အဲဒီတော့ ခဏလေးနေလိုက်ဦးနော်။

**မေး။ ။ဘဝအတွက် အသက်မွေးလမ်းကြောင်း ရွေးချယ်ရာ တွင် မိမိ ဝါသနာပါရာအလုပ်ကို ရွေးချယ်ရာ၌ ကျော်ကြားမှုကို လွှမ်းမိုးမှုကို ဘယ်လိုဖယ်ရှားပြီး စိစစ်ရွေးချယ်ရမလဲတဲ့။**

**ဖြေ။** ။ကိုယ့်အသက်မွေးဝမ်းကျောင်း ရွေးချယ်တဲ့အခါမှာ တစ်ခုပြောချင်တာက ဒီ လခငွေကြေးရယ်၊ ထင်ပေါ်ကျော်ကြားမှုရယ် ဆိုတော့၊ အဲဒီဝါသနာကလည်း ဘာဝါသနာမှန်း မသိဘူး။ တစ်ခုရှိတာက အစိုးရအမှုထမ်းအလုပ်လုပ်ပါဆိုရင်ဖြင့်ရင် သူ့ကို အကြံဉာဏ် ပေးချင်တာက အစိုးရအမှုထမ်းအလုပ်က လခကောင်းတဲ့ ဌာန၊ ရာထူးတက်လမ်းကောင်းတဲ့နေရာမျိုးကို ရွေးပါ။ အဲဒီမှာ ကိုယ့်အတွက်က သိပ်မကောင်းဘူးဆိုလို့ရင် ခုနက ကိုယ့်ဝါသနာနဲ့ သင့်တင့်တဲ့ ဝါသနာကို အပျော်အဖြစ်နဲ့လုပ်။ ဥပမာ သီချင်းဝါသနာ ပါတယ်။ ဘေးကနေ အပျော်တမ်းဆို။ အဲဒီကနေ အောင်မြင်လာလိမ့်

http://www.cherrythitsar.org



မယ်။ တချို့က အဲဒီလို။ အပျော်တမ်း အလုပ်လုပ်တာကနေ ကြီးပွားသွားကြတယ်။ သူက လခကို မမက်တော့ဘူး။ အဲဒီလောက်ထိ ကြီးပွားသွားတာတွေ ရှိပါတယ်။

ဒါကြောင့် လောလောဆယ်အားဖြင့် အစိုးရအမှုထမ်း လုပ်တယ်ဆိုရင် ခုနက လခကိုလည်းကြည့်ပါ၊ တက်လမ်းကိုလည်း ကြည့်ပါ။ တက်လမ်းလေးလည်းကောင်းတယ်၊ လခလေးလည်း ကောင်းတယ်။ အဲဒါကို ရွေးပါ။ အဲတော့ ထင်ပေါ် ကျော်ကြားမှုဆိုတာ ဘာနဲ့ဆိုင်သလဲဆိုတော့ ဝါသနာနဲ့ သွားဆိုင်တယ်။ အဲဒါကို အပြင်ပ hobby ပေါ့၊ အဲဒီသဘောနဲ့ကြည့်။ ဖြည်းဖြည်းချင်း လုပ်ရတာ။ ချက်ချင်းလုပ် ချက်ချင်းတက်ဖို့ ခက်တယ်။ အဲဒါကတော့ ကြိုးစားရမယ်။

**မေး။ ။ဆရာဦးအောင်သင်း ခင်ဗျား၊ စိတ်ဓာတ်သစ်တိုးပွားအောင် စိတ်ဓာတ်ကြွံခိုင်အောင် ပြုလို့ရမလားတဲ့၊ စာဖတ်ခြင်း တစ်ခုတည်းနဲ့ ပြည့်စုံနိုင်ပါ့မလားခင်ဗျားတဲ့၊ အကယ်၍ ဆိုပါတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ထပ်မံဖြေကြား ပေးပါခင်ဗျားတဲ့။**

**ဖြေ။** ။စိတ်ဓာတ်ကြွံခိုင်တာ စာဖတ်ခြင်းနဲ့ လုံလောက်တာ မဟုတ်ဘူး။ စာဖတ်တာက စာဖတ်နေတာနဲ့ စိတ်ဓာတ်ကြီးကြွံခိုင် လာတာမဟုတ်ဘူး။ စာဖတ်တာက စိတ်ဓာတ်အသိမြင့်အောင်လုပ် တာ။ မင်းတို့ How to swim ရေကူးနည်းစာအုပ်ကို ဖတ်ပြီးတော့ ရေထဲ ဝုန်းခနဲခုန်ချတော့ ဘာဖြစ်မလဲ၊ လက်ပဲပေါ်လာမှာပေါ့။ လက် ကလေးပဲပေါ်လာမှာ။ ကယ်တော်မူပါပေါ့၊ ဟုတ်လား။ ပြောချင် တာက ရေကူးနည်းစာအုပ်ကိုဖတ်၊ ပြီးတော့မှ ရေကူးလေ့ကျင့်ရတယ်၊ ဟုတ်လား။ အလေးမနည်းကို ဖတ်ပြီးတော့မှ အလေးမလေ့ကျင့်ရတာ။

http://www.cherrythitsar.org



စာကို ဖတ်ရုံနဲ့ ကြွက်သားကြီးက ကောင်းလာတာမဟုတ်ဘူး။ စာဖတ်တာနဲ့ ဗလတောင့်လို့ရှိရင် ငါလည်း အဲဒါတွေဖတ်တာနဲ့ ဗလကြီးကို အယ်နေမှာပဲ။ စာဖတ်ပြီးတော့လည်း လေ့ကျင့်ရသေးတာ။ ဒီမှာကာရာတေး ကျင့်နည်းတွေဘာတွေ ရှိသားပဲ။ ဒါပေမယ့် အဲဒီ ကာရာတေးလေ့ကျင့်နည်းတွေ ဖတ်ရုံနဲ့ ကာရာတေး တတ်သွားတာ မဟုတ်ဘူး။ စာဖတ်တော့မှ ကိုယ့်စိတ်ကိုယ် ဘယ်လိုပြန်ကျင့်ရမယ် ဆိုတာ သိလာမှာ။ အဲဒီအတိုင်း ပြန်ကျင့်မှ မင်းရဲ့စိတ် ကျင့်သားကောင်း လာမှာပေါ့။ ကြံ့ခိုင်လာမှာပေါ့၊ အဲဒီစာအုပ်တွေက ဒီကြံ့ခိုင်တဲ့ နည်းလမ်းတွေကို ပေးလိမ့်မယ်။ အဲဒီအတိုင်း လိုက်နာပြီး ကြိုးစား ကြည့်ပါလို့ ပြောချင်တယ်။

**မေး။ ။လူငယ်တစ်ဦး၏ တိုးတက်ခြင်း သို့မဟုတ် ဆုတ်ယုတ် ခြင်းတွင် ဗီဇနဲ့ ပတ်ဝန်းကျင် မည်သည်က သြဇာ သက်ရောက်မှုရှိသလဲ၊ ဆရာ ဘယ်လိုယူဆပါသလဲ။**

**ဖြေ။** ။အဲဒါနဲ့ပတ်သက်ပြီးတော့ အဲဒါဦးအေးမောင်စာအုပ်က အဲဒါ အကုန်လုံး ရှင်းပြတယ်။ သူဟာ တစ်ခုလုံးနဲ့ ဆိုင်တယ်။ တစ်ခုတည်းလို့ ပြောလို့မရဘူး။ ကမ္ဘာမှာ တစ်ခါတုန်းက ဗီဇက လည်း အရေးကြီးတယ်လို့လုပ်ခဲ့တာရှိတယ်။ ပတ်ဝန်းကျင်ကလည်း အရေးကြီးတာရှိတယ်ဆိုပြီး လုပ်ခဲ့တာရှိတယ်။ တစ်ဖက်စွန်းကို ရောက်ခဲ့တယ်။ အဲဒါကြောင့် သရုပ္ပမဂ္ဂဇင်းမှာ ငါ ဦးအေးမောင်ကို အင်တာဗျူးလုပ်တဲ့အထဲမှာ ပါလာတယ်။ မင်းတို့ကို တစ်ဆင့် ဖောက်သည်ချမယ်၊ စောစောစီးစီး မဂ္ဂဇင်းမထွက်ခင်။ ပြောလိုက်ဦး မယ်။ ငါမေးတဲ့မေးခွန်းထဲမှာ အဲဒါပါလာတယ်။ ဘာပြောလဲဆိုတော့ ကိုအောင်သင်းတဲ့၊ ဗီဇကို တစ်ဖက်စွန်းရောက်နေရင် မှားမယ်၊ ပတ်ဝန်းကျင်ချည်း တစ်ဖက်စွန်းရောက်နေရင်လည်း မှားတတ်တယ်။

http://www.cherrythitsar.org



ဥပမာ၊ တစ်ခါတုန်းက ဂျာမန်တွေ ဗီဇက အရေးကြီးတယ်။ ဗီဇကို ကောင်းအောင်လုပ်၊ ဗီဇညံ့တဲ့ကောင်တွေအကုန်လုံး သုတ်သင်ပစ်ရမယ်၊ သတ်ပစ်ရမယ်ဆိုတာမျိုး လုပ်ခဲ့ဖူးတယ်။ အဲဒါမှ လူ့လောက ကြီး တက်သွားမှာ။ သူပြောတဲ့အတိုင်းဆိုရင် Superman ဆိုတာ မြေလှျိုးမိုးပျံတဲ့လူ မဟုတ်ဘူး။ အခု လက်ရှိလူသားထက် နောက်တစ်ဆင့်မြင့်တဲ့ အမြင့်စားလူဖြစ်လာအောင်၊ အနိမ့်စားလူကို သတ်ပစ်ရမယ်၊ ထုတ်ကိုပစ်ရမယ်။ ဘယ်လောက်ထိအောင်လုပ်ပစ်ရမလဲ ဆိုရင် မျိုးမပွားနိုင်အောင်၊ ဆိုပါတော့ မြို့သွားအောင်လုပ်။ သူတို့ မျိုးဆက်ကို မကျန်ရဘူး။ အဲဒီလို လုပ်ခဲ့တယ်။ နောက်ကျ တော့ အဲဒီဥစ္စာကို လူမျိုးကြီးဝါဒ၊ အသားအရောင်ခွဲတဲ့ ဝါဒ၊ အဲဒါ တွေနဲ့ ပြဿနာဖြစ်ပြီး အဲဒီဝါဒ ကျဆုံးသွားခဲ့တယ်။ နောက်တစ်ခါ ဗီဇက အရေးမကြီးဘူး၊ ပတ်ဝန်းကျင်က အရေးကြီးတယ်၊ နိုင်ငံတော်က တာဝန်ယူပြီး ပတ်ဝန်းကျင်ကို ကောင်းအောင်လုပ်မယ်ဆိုတဲ့ ဆိုရှယ်လစ်လောကကြီးကို ဖန်တီးပြန်တယ်။ အဲဒီတော့ ခင်ဗျား မျက်စိအောက်တင် ဆိုဗီယက်ကြီးလည်း ပြိုကွဲသွားပြီတဲ့။ အဲဒီတော့ ဒီဟာ နှစ်ခုမှာ ဘယ်ဟာက အရေးကြီးလဲဆိုတာ ပြောလို့မရဘူးတဲ့။ နှစ်ခုလုံး အရေးကြီးနေတယ်။ အဲဒါလောက်ပဲ ဖြစ်ပါရစေ။

**မေး။ ။ဆရာခင်ဗျားတို့၊ 'ချိုတကူးနဲ့ ဂုဏ်ရည်မတူ'က ပေါက်ဖွားလာတဲ့ ဒဿနလေးတွေကို ဆရာကိုယ်တိုင် ခံစားပြောပြတာ သိရှိ နားထောင်လိုပါတယ်ခင်ဗျားတို့။**

**ဖြေ။** ။အဲဒါလေး ခဏဖယ်လိုက်ပါရစေ။ ဘာဖြစ်လို့လဲဆို တော့ ဒီပွဲနဲ့ သိပ်မကိုက်လို့။ အဲဒါက ဒဿနကတော့ဒဿနပေါ့။ဒါပေမယ့်လို့ အဲဒီထဲမှာ ပဓာနကျတာလေး ပြောချင်ပါတယ်။ ရသစာပေ ရှိတယ်။ အဲဒီ ရသစာပေက ဖမ်းစားတဲ့အခါကျတော့ ပါသွားတတ်

http://www.cherrythitsar.org



တယ်။ အဲဒီ ရသစာပေသဘော၊ အနုပညာရဲ့ သဘော အဲဒါလေး တွေကို ကျွန်တော် ပြောချင်တာပါ။ အနုပညာသည် လူတစ်ယောက်၏ စိတ်ကို ထိခိုက်စေနိုင်တယ်ဆိုတဲ့အကြောင်း၊ အဲဒီကနေတစ်ဆင့် ပြောပြလို့ရှိရင်တော့ 'အလင်္ကာ၏ အန္တရာယ်' ဆိုတဲ့အကြောင်း၊ ကျွန်တော် မကြာခဏ ဟောပြောပွဲမှာ ပြောခဲ့ပါတယ်။ ယောက်ျား လေးတွေလည်း ဒီလိုပဲ။ ဝတ္ထုစာအုပ်တွေ ဖတ်ပြီးတော့ အဲဒီလိုပဲ အိမ်ကထွက်ပြေး၊ ကြီးပွား။ ဟိုမှာ စာရေးဆရာကြီးပွားလို့ ကြီးပွား သွားတာပေါ့။ ကိုယ်ကိုယ်တိုင် အိမ်ကထွက်ပြေးတဲ့အခါကျတော့ ဘူတာရုံမှာ ယောင်လယ်လယ်နဲ့ ဂါတ်တဲရောက်သွား။ ဟိုဝတ္ထုထဲမှာ ကျတော့ သူဌေးကြီးကိုတွေ့၊ သူဌေးကြီးကို ကယ်လိုက်တော့ သူဌေးကြီးက တူအဖြစ်မွေးစား၊ ဟိုမှာကားမောင်း၊ ကားမောင်းတော့ သူဌေးသမီးနဲ့ရသွားဆိုလည်း ရတာပေါ့။ စာရေးဆရာရေးလိုက်တာ။ ရသစာရေးဆရာ လုပ်လိုက်တာ။

အဲဒါအပြင် မင်းသိခ်ရေးတဲ့ 'ပုဏ္ဏားဘကွန်း'။ မင်းသိခ်နဲ့ ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ ကွယ်ရာမှာ အပုပ်ချတယ်လို့ မထင်ပါနဲ့။ သူပြောဖူးတာလေးကို ပြောပြချင်လို့ပါ။ သူရေးတဲ့ ပုဏ္ဏားဘကွန်း ဘယ်နှစ်နှစ်အတွင်း ဘယ်နှစ်သိန်း ချမ်းသာရမယ်၊ မချမ်းသာရင် ကိုယ့်ကိုယ်ကို သတ်သေမယ်၊ အဆိပ်ပုလင်း လည်ပင်းဆွဲထား။ ဟာ ချမ်းသာသွားတာပေါ့။ သူက ချမ်းသာဆိုရင် ချမ်းသာသွားတာပေါ့။ အဲဒီဥစ္စာမှာ လူကြီးတစ်ယောက်က ရောက် လာတယ်။ သူပြောပြတဲ့ ဥစ္စာကို။ ကိုအောင်ထွန်း၊ ကိုအောင်ထွန်း ဆိုတာ မင်းသိခ်နာမည်။ သူကိုယ်တိုင်ပြောပြတယ်။

လူတစ်ယောက်က 'ကျွန်တော်ပေါ့၊ လည်ပင်းမှာ သင်ဓုန်းဓား ဆွဲပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေမယ်ပေါ့၊ တစ်နှစ်အတွင်းမှာ

http://www.cherrythitsar.org



တိုးတက်အောင် ချမ်းသာအောင်လုပ်မယ်၊ အဲဒါ အလုပ်ကထွက်ဖို့ ကျွန်တော် ဆရာ့ကို လာတိုင်ပင်တာပါ'

'ဟ နေပါဦး၊ အသက်က ဘယ်လောက်လဲ' ဆိုတော့ ၅၅ နှစ်။ ၅၅ နှစ်ဆိုတော့ 'အဲဒါနဲ့ ကျွန်တော့်မှာဗျာ၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ဆိုပြီး မနည်းတောင်းပန်လွှတ်လိုက်ရတယ်' တဲ့။

နည်းနည်းတော့ စဉ်းစားယုံမှပေါ့၊ အကျိုးအကြောင်းတော့ သိရမှာပေါ့။ 'အိမ်နီးချင်း အားကျ အုန်းသီးဆီဆွတ်မျို'ဆိုတာလို အဲဒီလို လျှောက်လုပ်လို့ ရတာမှ မဟုတ်တာဘဲ။ အဲဒီသဘောလေးတွေ သိစေချင်လို့ အဲဒီထဲမှာ ရေးခဲ့တာပဲ ပြောခဲ့တာပဲ။ ထားပါတော့။ နောက်တစ်ခုက

**မေး။ ။ဆရာခင်များတဲ့၊ အမွေပေးသူနဲ့ အမွေဆက်ခံသူကြားတွင် မည်သည့်အချက် အဓိကအကျဆုံးဖြစ်သည်ကို ရှင်းလင်း ပြောကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်များတဲ့။**

**ဖြေ။** ။အမွေပေးသူနဲ့ အမွေဆက်ခံသူ။ ဘယ်အမွေတုံး၊ မိဘ အမွေလား။ အခုပြောတဲ့ အမွေက ဆိုပါတော့။ ဒီမှာ ကျွန်တော်က အမွေ ဆိုတဲ့ ဥစ္စာက အလင်္ကာစကားလေး သုံးလိုက်တာ။ သူက လည်း အလင်္ကာအဖြစ်ပဲ ပြန်သုံးလိုက်တာလားမသိဘူးပေါ့။ အမွေ ဆိုလို့ အဖေသေလို့ရ အမေသေလို့ ရထိုက်တဲ့အမွေမျိုး။ အဲဒါမျိုး ပစ္စည်း ပစ္စယ၊ အိုးအိမ်၊ စတာမျိုးကို ပြောတာ။ အခု အမွေပေးသူနဲ့ အမွေဆက်ခံသူဆိုတာ အမွေဆက်ခံသူနဲ့ အမွေပေးသူက အနုပညာ အမွေဆိုတာ လောက ဘဝအသိ၊ ဘဝအမြင်ဆိုတဲ့ အမွေပဲ။ အခု ကျွန်တော်ပြောနေတဲ့ဥစ္စာက အဲဒီအမွေကတော့ ပေးတယ်ဆိုပေမယ့် မယူရင် မရဘူး။ မင်း ယူမှ ရတယ်။ မယူရင် မရဘူး။ ဒီမယ် 'အမေ ဘယ်လောက်သိပ် သိပ် ငါအိပ်မှပျော်တယ်' ဆိုတဲ့ စကား

http://www.cherrythitsar.org



ရှိတယ်။ ဒါကြောင့် ခင်ဗျား တို့လည်း ဒီထဲမှာရှိတယ်၊ လူတွေ အများကြီးရှိတယ်။ လူကြီးတွေ ထားပြီး လူငယ်တွေ အတော်များများ ရှိတယ်။ ကြီးပွားချင်တယ်၊ တိုးတက်ချင်တယ်။

အခု ကျွန်တော် ပြောတာကို လာနားထောင် နေတယ်၊ နားထောင်နေတဲ့ အထဲမှာ အဲဒီဥစ္စာတွေကို မှတ်မှတ် သားသား ယူသွားတတ်မှ။ အဲဒီဥစ္စာကို ဒီလိုလုပ်မယ်ဆိုတဲ့ စိတ်မျိုး ဘယ်လောက်ပေါ်မယ်ထင်သလဲ။ အဲဒီစိတ်မျိုး အကုန်လုံးဖြစ်သွား လိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ဘူး။ ကျွန်တော်က အဲဒါဆို မိုက်ရာကျမှာပေါ့။ ကျွန်တော် အ တာပေါ့၊ ကျွန်တော် အဆင်ခြင် နည်းသလို ဖြစ်သွားမှာပေါ့။ ဘာကြောင့်လဲဆိုတော့ အဲဒီလို အားလုံး လေးလေးနက်နက် လောကကြီးမှာ ဖြစ်နေရင် အကုန်လုံး ကြီးပွား နေမှာပေါ့၊ မကြီးပွားတဲ့လူ မရှိဘူး၊ ရှာနေရမှာပေါ့။ ဒီကောင်တော့ မကြီးပွားဘူးဆိုပြီး သူ့ပဲ ပြတိုက်ထဲ ထည့်ထားရမယ်။ လောကကြီး တစ်ခုလုံးမှာ ကျွန်တော် ပြောမယ်၊ ဘာနဲ့တူသလဲဆိုတော့ နံနွင်း မကင်းလိုပုံစံ။ ဟိုထိပ်ဆုံးက အပေါ်ဘက်မှာ အများကြီးရှိလို့မရဘူး နော်။ ဟိုအောက်ဆုံးမှာလည်း တစ်ယောက်တည်းပဲ၊ ကြားထဲမှာသာ များတာ။ ဟိုအောက်ဆုံးမှာလည်း တစ်ယောက်တည်းပဲရှိမယ်၊ ဟို အောက်ဆုံးလူမှာလည်း အဖော်မရှိဘူးနော်၊ ထိပ်ဆုံးကလူလည်း အဖော် မရှိဘူးနော်။ တစ်ယောက်တည်းပဲ။ အထီးကျန်။ ဗိုလ်ချုပ် အောင်ဆန်း ပြောဖူးပါတယ်။ I feel lonely လို့။

ကျွန်တော် စကားပြောဖို့လူ မရှိဘူး။ ပြောဖူးသားပဲ။ တစ်ယောက်တည်း အထီးကျန်၊ အဲဒါပြောရင် စကားတွေ ဘေးရောက် ကုန်မှာစိုးလို့ပါ။ အဲတော့ ကျွန်တော် ပြောတာ ကြီးပွားချင်တယ်၊ ဒီထဲမှာ ခင်ဗျားတို့ အမွေခံမယ့်သူထဲမှာ ဘယ်သူရမလဲဆိုတာ

http://www.cherrythitsar.org



ကျူပ် ပြောလို့ရတာမဟုတ်ဘူး။ ယူတဲ့လူသာရမှာ။ အတန်းထဲမှာ စာသင်တယ်။ ကျွန်တော် အဆုံးအမတွေ ပြောတာပဲ။ တချို့က ဒီလိုပြောရမှ ရတာပဲ။ အတန်းတွေကြီးလာလည်း ပြောရတာပဲ။ အဲဒီလို ပြောတဲ့ထဲမှာ စကားလုံးတစ်လုံးတစ်လေ စွဲမှတ်သွားတဲ့လူ သိပ်များများ ရှိတာမဟုတ်ဘူး။ များများရှိတယ်လို့ မထင်နဲ့နော်၊ မယူလို့ရှိရင် မရဘူး၊ ယူမှ ရတယ်။

အဲဒီတော့ အမွေပေးသူသည် တကယ်ဆိုတော့ အမွေပေးသူ ကိုယ်တိုင် ကျိုးကြောင်းဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံတဲ့ ဗဟုသုတများတဲ့ သူကပေးရင် ပိုရတာပေါ့။ ကျွန်တော့် ထက်ပိုပြီး ပညာကြီးသူကပေးရင် ပိုရတာပေါ့။

ဆိုပါတော့။ ကျွန်တော်က တစ်ထောင်ပေးနိုင်တယ်၊ သူက သုံးထောင်အမွေပေးနိုင်တယ်။ ဒီတော့ ပစ္စည်းဉစ္စာ ဗဟုသုတများများ ရှိလေ ကောင်းလေပါ။ ပြီးတော့ အမွေခံတဲ့သူဟာ တကယ်ကို လိမ္မာစွာ အမွေခံယူလေ ကောင်းလေပါလို့ ကျွန်တော်ပြောချင်တယ်။

**မေး။ ။ဆရာဦးအောင်သင်းခင်များတဲ့၊ ဘဝအတွက် အရေး အကြီးဆုံး အမွေက ဘာအမွေလဲ၊ ကျေးဇူးပြု၍ ဖြေကြား ပေးပါတဲ့ခင်ဗျာ။**

**ဖြေ။** ။အရေးအကြီးဆုံး အမွေကတော့ ပညာအမွေပါနော်။ အဲဒီ ပညာအမွေမှာတောင်မှ စာရိတ္တအမွေ အရေးအကြီးဆုံးက အကုန်ချုံ့ လိုက်လို့ရှိရင် ဘုရားဟော ပြန်ရောက်လာတယ်။ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ ဒီသုံးမျိုးပြန်ရောက်လာတယ်။ အချိန်တန်တော့ ဒီဆိုက်လာတယ်။ အရေးကြီးဆုံးက အဲဒါတွေပဲ။ အဲဒီတော့ ပထမ ဦးဆုံး လူငယ်တွေဖြစ်တဲ့အတွက် ပညာ သိပ်အရေးကြီးတယ်လို့ ပြောချင်ပါတယ်။ နောက်ကျတော့ သမာဓိ၊ ကိုယ်ကျင့်တရား၊

http://www.cherrythitsar.org



သိက္ခာ၊ အဲဒါတွေရှိဖို့လိုပါတယ်။ အဲဒီကျတော့ သီလဆိုတာ ကိုယ်ကျင့်တရား၊ အဲဒါတွေလည်း သိပ်အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။လူငယ်နှင့်နိုင်ငံရေးခေါင်းစဉ်အောက်မှာ ဟောပြောချက်တွေနဲ့ ပတ်သက်လို့ မေးမြန်းချင်ပါတယ်တဲ့။**

**ဖြေ။** ။ခပ်ငယ်ငယ်ဆိုတာ ဘယ်အရွယ်လောက်လဲဆိုတော့ ကျွန်တော် ပြောချင်တာက ဆယ်တန်းမအောင်မီလောက် ပြောချင်ပါတယ်။ ဘယ်အရွယ်လောက်မှာ နိုင်ငံရေးနဲ့ ပတ်သက်သင့်တယ်လို့ ကျွန်တော် ပြောပြီးပါပြီ။

**မေး။ ။လူငယ်များ တိုးတက်ကြီးပွားရေး၊ တိုင်းပြည်တိုးတက်ကြီးပွားရေး၊ ပြည်သူလူထု၏ အသိဉာဏ်၊ ယဉ်ကျေးမှုမြင့်မားရေး၊ နိုင်ငံရေး၏ အခန်းကဏ္ဍကို ဆရာ ဘယ်လိုမြင်ပါသလဲတဲ့။ အရေးကြီး သည်ဟု လက်ခံပါသလား။ ပျက်စီးလမ်းလွဲနေခဲ့သည့်လူငယ်များ၊ နိုင်ငံရေးကြောင့် တည့်မတ်မှန်ကန်သွားသည်ဆိုလျှင် လက်ခံပါမည်လားတဲ့။**

**ဖြေ။** ။ပြောချင်တာက နိုင်ငံရေးက ဟုတ်ပါတယ်၊ တော်တော်များများ အရေးကြီးပါတယ်။ ပြီးတော့ ကျန်တဲ့ဥစ္စာတွေဆိုတာ ကျွန်တော် လက်ခံပါတယ်နော်။ ပြန်ပြောမယ်နော်။ ဒီမေးခွန်းက အသိဉာဏ်၊ ယဉ်ကျေးမှု မြင့်မားရေးနဲ့ နိုင်ငံရေး အခန်းကဏ္ဍကို ဆရာ ဘယ်လိုမြင်ပါသလဲ။ နိုင်ငံရေးမှားရင် မှားတယ်၊ နိုင်ငံရေးမှန်ရင် မှန်တယ်။ နိုင်ငံရေးကောင်းရင် ကောင်းတယ်၊ နိုင်ငံရေးမကောင်းရင် ကျမယ်။ ဒါပဲ။

ပျက်စီးလမ်းလွဲနေခဲ့သည့် လူငယ်များ နိုင်ငံရေးကြောင့် တည့်မတ်မှန်ကန်သွားသည်ဟု ဆိုလျှင် လက်ခံပါမည်လား။ ဘယ်ဟာ

http://www.cherrythitsar.org



ကို ဆိုလိုတာလဲ။ ပြောရမယ်၊ ဒါ ချက်ချင်း တည့်မတ်သွားတယ် လို့ ဒီခဏလေးမှာ ဆုံးဖြတ်လို့ မရဘူးနော်။ ရေရှည်ကြမှ ဆုံးဖြတ်။ ဒါ ကျွန်တော် ခါးသီးသော အတွေ့အကြုံတွေ အများကြီးရှိခဲ့တယ်။ သမိုင်းကြောင်း ဒီနေရာမှာ ပြောနေရတယ်။ ကလေးတွေကို ကျွန် တော် ပြောမယ်၊ သမိုင်းဆိုတာ ဟိုးအဝေးကနေ ဆုံးဖြတ်လို့ရှိရင် တစ်မျိုး၊ ကပ်ပြီး ဆုံးဖြတ်ရင် တစ်မျိုး။ ချက်ချင်း ခဏတဖြုတ်ကို သမိုင်းလို့ ပြောလို့ မရဘူး။ မနေ့က နိုင်ငံရေးသည် နောက်တစ် နေ့မှာ သမိုင်း။ နိုင်ငံရေးကြောင့် လူငယ်တွေ လမ်းမှန်ရောက်ပါ တယ်ခင်ဗျားလို့ ပြောပြီး နောက်ကျတော့ မဟုတ်ဘူး၊ မှားပါတယ် လို့ ဖြစ်ချင် ဖြစ်တာ။

ဒါကြောင့် ခင်ဗျား နိုင်ငံရေးကြောင့် လူငယ်တွေ လမ်းမှန် တည့်တည့်ရောက်ရတယ်ဆိုတာ ဘယ်နေရာကို ပြောတာလဲလို့ ကျုပ်က ပြန်မေးရတာပေါ့။ ဘယ်အချက်ကို ပြောတာလဲ။ ဘယ် အချိန်ကို ပြောတာလဲ။ ခင်ဗျား ဘယ်အချိန်မှစပြီး ဘယ်လိုမျက်စိနဲ့ ဆုံးဖြတ်သလဲ။ ဒီမေးခွန်းလေးတွေက အပြင်မှာမေးရင် တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်တတ်တဲ့ မေးခွန်းမျိုး။ ဒါကြောင့်မို့ ခင်ဗျားတို့ကို သတိပေးလိုက်ပါရစေ၊ ပေးလိုက်ပါရစေခင်ဗျား။ နိုင်ငံရေးဆိုတဲ့ဥစ္စာ ဟာ ခပ်ငယ်ငယ်ကာလမှာ မလုပ်သင့်ဘူး။ ဒါပေမယ့်လေ၊ ဒါ ကိုယ့်ဘာသာကိုယ် လုပ်ချင်ရင်လုပ်ပေါ့။ ဘာဖြစ်တုံး။ ကျွန်တော် ဘာမှ မပြောတတ်ဘူး။ 'မသောက်ပါနဲ့၊ အဆိပ်လို့' စာရေးတာ ကျွန်တော့် တာဝန်ပါ။ သောက်သူနဲ့ မဆိုင်ဘူး။

**မေး။ ။ ကျွန်တော့်အနေနဲ့ လူငယ်ကိုယ်ကျင့်တရား ဆိုသည်မှာ ဘယ်လိုလဲ ဆိုတာ သိချင်ပါတယ်။ ကိုယ့်ကိုယ်ကို ကောင်းအောင် လုပ်ခြင်းသည် တစ်ကိုယ်ကောင်းဆန်**

http://www.cherrythitsar.org



**သည်ဟု ပြောဆိုနိုင်ပါသလား။ ကိုယ့်ကိုယ်တိုင်ကမှ မကောင်းရင် သူများကို ကောင်းအောင် ဘယ်လို လုပ်ပေးနိုင်မလဲ။ ကျွန်တော်၏ ခံယူချက် မှန်ကန်ပါသလား၊ ကျေးဇူးပြု၍ ပြောကြားစေလိုပါတယ်။**

**ဖြေ။** ။ဒါလေးက ပိုးတိုးဝါးတား ဖြစ်တတ်ပါတယ်၊ ကလေးတွေကို။ ဒီမှာ ကိုယ့်ကိုယ်ကို ကောင်းအောင်လုပ်ရမယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ကောင်းအောင် လုပ်တဲ့ကိစ္စမှာ သူများသွားထိခိုက်နေရင် ဘယ်ဟုတ်မလဲ။ ဟုတ်ဘူးလား။ လွတ်လပ်စွာ လေကို ရှူနိုင်တယ်။ ဒါပေမယ့် သူများအိမ်ခေါင်မိုးပေါ် သွားရှူနေလို့ ဖြစ်မလား။ ဘတ်စ်ကားပေါ်မှာ ကောင်မလေးပါးနားသွားပြီး ရှုတ်ဆို လေရှူကြည့်ပါလား။ အဲတော့ ပြောချင်တဲ့ အဓိပ္ပာယ်က ကိုယ့်ဘာသာကိုယ် ကောင်းအောင်လုပ်ပါ၊ အစွမ်းကုန်လုပ်ပါ၊ ဒါပေမယ့်လို့ ပတ်ဝန်းကျင်ကို မထိခိုက်စေနဲ့လို့ ပြောတာ။ နားထောင်။

နောက်တစ်ချက်က တကယ်တော်တဲ့လူက ပတ်ဝန်းကျင်ကောင်းအောင် လုပ်ခြင်းသည်ပင်လျှင် ကိုယ်ကောင်းအောင်လုပ်နေခြင်းလို့ ယူဆတယ်။ အဲဒီလူတွေက အထွတ်အထိပ်သို့ရောက်တယ်။ မှတ်ထား။ ပတ်ဝန်းကျင်ကို ပိုပြီးကောင်းအောင်လုပ်နိုင်လေလေ၊ အဲဒီလူက လူစွမ်းကောင်းလေလေအောက်မေ့ထား၊ ပတ်ဝန်းကျင်ကို ပိုပြီး စိတ်ဆင်းရဲအောင် လုပ်ရင် အဲဒီကောင် ပိုပြီး စိတ်ဆင်းရဲတယ်၊ အောက်မေ့။ ပြန်စဉ်းစားကြည့်စမ်းပါ။ ကိုယ့်အဖေအမေကိုယ့်ကြောင့် မျက်ရည်ပေါက်ကြီးငယ် ကျရပြီဆိုလို့ရှိရင် အဖေအမေတွေက တော်ကြာတိတ်ပြီး အိပ်ပျော်သွား၊ ကိုယ်က မအိပ်နိုင်ဘူး။ လောကကြီးမှာနော် မိမိပြုသောအကြောင်းကြောင့် ပတ်ဝန်းကျင်ဆိုးလေလေ အဲဒီလူကမပျော်လေလေဘဲ။ပတ်ဝန်းကျင်ကိုကောင်းအောင်

http://www.cherrythitsar.org



လုပ်နိုင်လေလေ ကိုယ်က ပျော်လေလေပဲ၊ ကိုယ်စိတ်ချမ်းသာလေလေပဲ။ အဲဒီတော့ ပတ်ဝန်းကျင်ကောင်းအောင် လုပ်ခြင်းအားဖြင့်လည်း ကိုယ့်ကိုယ်ကို ကောင်းအောင် လုပ်လို့ရပါတယ်။ နောက်တစ်ခုက ပတ်ဝန်းကျင်ကို မထိခိုက်ဘဲနဲ့ ကိုယ့်ကိုယ်ကို ကောင်းအောင်လုပ်နိုင်ပါတယ်။ အဲဒီလို ကိုယ့်ကိုယ်ကို တိုးတက်ဖို့ဟာမှာ အဲဒီနှစ်နည်းနဲ့ သွားတာ အကောင်းဆုံးဖြစ်ပါတယ်လို့ ဖြေချင်ပါတယ်။

**မေး။ ။နောက်တစ်ခုက လူငယ်နဲ့ အိမ်ထောင်ရေးထဲမှာ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုဟာ ခိုင်မြဲနိုင်သလားတဲ့။ နှလုံးသားခံစားကြည့်မှ အသိတစ်ခုကို ရပါသလား၊ ခံစားမှုမရှိဘဲ သိတဲ့ အသိနဲ့ ခံစားမှုရှိတဲ့အသိ ဘဝမှာ ဘယ်ဟာက ပိုခိုင်မြဲပါသလဲ။ ရင်ထဲက နှလုံးသားကို လုံးဝ မျက်ကွယ်ပြုသင့်ပါသလား။**

**ဖြေ။** ။အမယ်လေး ကိုနှလုံးသားကြီးရယ်။ မဟုတ်ဘူးလေ၊ သူက မေးရမှာပေါ့။ သူ့ရင်ထဲမှာ ဘယ်လောက်တောင်ဖြစ်နေသလဲမှ မသိဘဲနဲ့။ သူ့ဘက်က နားလည်ရမှာပေါ့။ ဒါ ကျွန်တော်တို့က သူ့ဘက်က လှမ်းပြီး ကြည့်ရမှာပေါ့။ ကျွန်တော် ဆိုပါတော့၊ တောင်တွင်းကြီးက ဆရာတော်အရှင်ဥက္ကဋ္ဌဆိုတာ ကြားဖူးပါလိမ့်မယ်၊ ကျွန်တော် အင်မတန်ရင်းနှီးတယ်။ သူ့ကို ပေါင်တွေဘာတွေ ကြိတ်၊ ကြိတ်တဲ့ အခါကျတော့ သူက ခပ်ငယ်ငယ်တုန်းက တောင်တွင်းကြီး ဒေါ်စိန်တင်လို့ခေါ်တဲ့ ကျွန်တော်တို့က ဒေါ်စိန်တင်၊ အဲဒီတုန်းက မစိန်တင်လို့ခေါ်တဲ့ ကောင်မလေးပေါ့ ဟုတ်လား။ ခုတော့ ကွယ်လွန်ရှာပါပြီ။ သူတို့ဆွေမျိုးတွေနဲ့လည်း ခင်ပါတယ်။ သူ့ကိုပိုးတယ်။ ပိုးတော့ မရဘူးပေါ့။ မရတာနဲ့ တခြားထွက်သွားတယ်။ နောက်တော့လည်း ပညာကျော်ကြီး ဖြစ်လာတယ်။

http://www.cherrythitsar.org



တစ်နေ့ကျတော့ ကျွန်တော်က ကျိတ်မေးတယ်။ ဘုန်းကြီးကလည်း ဒေါ်စိန်တင်လိုဟာကြီးများ ဘုန်းကြီး ဘယ်လိုလုပ်ကြိုက်လဲ။ ဟာ မင်းကလည်း မင်းမျက်စိနဲ့ကြည့်တာကိုးကွ၊ ငါ့မျက်စိနဲ့လည်း လှမ်းကြည့်ဦးမှပေါ့ကွတဲ့။ ခုလည်းပဲ ကျွန်တော်တို့က သူ့ကို နှလုံးသားနဲ့ ဘာညာနဲ့ဆိုတော့ ကျွန်တော်တို့က ရယ်ကြတာပေါ့။ သူ့မှာ ငိုရတာ ဖြစ်ချင် ဖြစ်နေမှာ။ အဲတော့ ကျွန်တော် ဖြေလိုက်ပါ့မယ်။

လူငယ်နဲ့ အိမ်ထောင်ရေးမှာ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုဟာ ခိုင်မြဲနိုင်ပါ့မလားတဲ့။ အဲဒီဥစ္စာ သိပ်ရှုပ်တဲ့ ပြဿနာ။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုဟာ မခိုင်နိုင်ဘူး၊ သိတယ်။ ဒါပေမယ့် မချစ်ဘဲနဲ့ ပြုပြီးတော့ နောက်တော့ချစ်သွားတာတွေလည်း မရှိဘူးလား။ ဒါတွေလည်း ရှိသေးတာကိုး။ ပထမတုန်းကတော့ မချစ်ဘူးပေါ့၊ နောက်ကျတော့မှ ချစ်လို့ ပါးစပ်ထဲမှာတောင် ငုံထားချင်သေးတာ၊ ရှူရှူပေါက်ချမှာစိုးလို့ဆိုတာမျိုး။ ဒါကြောင့်မို့ အချစ်မပါတဲ့ အိမ်ထောင်ရေးသည် မခိုင်မြဲနိုင်။ သို့သော် တကယ် အိမ်ထောင်ပြုပြီး ပြီဆိုမှ အချစ်ပါတဲ့ အိမ်ထောင်ရေးတွေလည်း ဖြစ်လာတတ်ပါတယ်။

နောက်ပြီးတော့ တစ်ဘက်ကလည်း ချစ်အောင်လုပ်လို့ရှိရင်လည်း ချစ်လာတတ်ပါတယ်။ မချစ်ရင်တောင် သံယောဇဉ်ရှိလာတတ်ပါတယ်။ ဟုတ်လား။

ကျွန်တော် မင်္ဂလာစကားပြောလို့ရှိရင် ထည့်ထည့်ပြောလေ့ရှိတယ်။ ဟုတ်လား။ လင်ယောကျ်ားဖြစ်တဲ့သူက အမြဲတမ်း လူပျိုလှည့်နေတယ်။ ကိုယ့်မယားဖြစ်တဲ့သူက သူ့ ဒါမျိုးကြိုက်တယ်၊ ဘယ်သူရေ ဘယ်ဝါရေ မင်းအတွက်တော့ ဝယ်လာတယ်၊ မင်း ဆီချက်လေးကြိုက်တတ်တယ်၊ ဘယ်နားကဆိုင်က၊ မင်းကြိုက်တဲ့ဆိုင်

http://www.cherrythitsar.org



မဟုတ်လား။ ဒီတော့ တစ်ဘက်က ကျေးဇူးတင်တယ်။ ဒါလူပျိုလှည့် တုန်းကလို ပိုးပန်းပြီး လူပျိုလှည့်နေတာ။

မိန်းမလုပ်တဲ့လူကိုတော့ ကျွန်တော် အကြံဉာဏ်ပေးတယ်။ 'လင်ယောကျ်ားတို့၏ အသည်းနှလုံးသို့ သွားရာလမ်းကြောင်းသည် ကား အစာအိမ်မှတစ်ဆင့်တည်း' လို့၊ တစ်နေ့ တစ်နေ့မှာ မလုပ်လို့ရှိရင် မဖြစ်တာက ထမင်းစားတာ။ ထမင်းစားဖို့အတွက်က စားကောင်း လို့ရှိရင် သူ့မိန်းမက ဟင်းက လက်ရာကောင်းလို့ရှိရင် အပြင်မှာ ထမင်းစားရတာက မဝဘူး၊ မတင်းတိမ်ဘူး။ ဘယ်လောက် စားပွဲကြီး သောက်ပွဲကြီးကနေ ပြန်လာလာ လုပ်စမ်းပါကွာ ဘာကျန်သေးလဲ၊ ဟိုမှာ စားရတာ အားမရပါဘူး၊ စားရတာ ပေါ့ရွှတ်ရွှတ်နဲ့၊ အိမ်က ထမင်းကို စားလိုက်ရမှကျေနပ်တယ်။ အဲဒီကောင်ဟာ အပြင်ထွက် စားဖို့ မလွယ်တော့ဘူး။ ဒီတော့ ခိုင်သွားတာ။ လင်ဖြစ်တဲ့သူဟာ အပြင်ထွက်ပြီး စားရတဲ့ဥစ္စာ၊ ဟုတ်လား၊ အိမ်မှာစားမကောင်းလို့ အပြင်ထွက်စားရတာ များလာပြီဆိုရင် လင်ယောကျ်ားရဲ့ ခြေတစ်ဘက် ကို ဆုံးပြီအောက်မေ့ပါ။ ဒါကြောင့်မို့ မိန်းမဖြစ်တဲ့သူကလည်း အစာအိမ်မှတစ်ဆင့် အသည်းနှလုံးကို သွားတတ်ရင်၊ ဟုတ်လား၊ ထမင်းကနေတစ်ဆင့် ချစ်ချင်ချစ်လာတာ၊ ဟုတ်လား။ ဟင်းချက်တာ သည်အတတ်ပညာ။ ဟင်းစပ်သည်က အနုပညာ။ ကောင်မလေးတွေ မှတ်ထား။ အရေးကြီးတယ်။ အသည်းနှလုံးကိုသွားဖို့လို့ နည်းလမ်းတွေ ကို ပြောနေတာ။ အဲဒီတော့ ချဉ်ပေါင်ဟင်းရယ်၊ သံပရာသီးသုပ်ရယ်၊ ဘာညာ စသည်ဖြင့် လျှောက်လုပ်နေလို့ ဖြစ်တာမှ မဟုတ်ဘဲ။ အဲဒီတော့ ဟင်းချက်တာရော၊ ဟင်းစပ်တာရော နှစ်ခုကောင်း။ ပြီးတော့ ဟင်းတွေကို ဖွယ်ဖွယ်ရာရာ လုပ်နိုင်ရတယ်။ မလုပ်နိုင်လို့ရှိရင် ဘာလုပ်ရသလဲ သိလား။ ခုနကပြောသလို ဖွယ်ဖွယ်ရာရာ

http://www.cherrythitsar.org



မြိုင်မြိုင်ဆိုင်ဆိုင်မလုပ်နိုင်ရင် ထည်ထည်ဝါဝါလုပ်ထား။ ဖွယ်ဖွယ်ရာရာ မလုပ်နိုင်လို့ရှိရင် ထည်ထည်ဝါဝါလုပ်ရတယ်။ ဟင်းပြင်တာလေး၊ ဟင်းပြင်တာကအစ လှအောင်ပအောင် ဖွယ်ဖွယ်ရာရာတောင် မလုပ်နိုင်အောင် အခြေအနေဆိုးနေလို့ရှိရင် ချိုချိုသာသာ လုပ်ရတယ်။ 'မောင် စားနော်၊ ဒီနေ့တော့ လင်မယားချင်းပေမယ့် အားနာလိုက်တာ' ဟိုကလည်း ရပါတယ်ကွာ၊ တစ်ခါတလေပဲ။ ကဲ ကိုယ်အဝှာ ကြောင်အိမ်ထဲမှာ တော့်ဘာသာတော် ယူစားပေတော့၊ ကျုပ်တော့ ခဏ အိမ်လယ်သွားလိုက်ဦးမယ် ဆိုလို့ရှိရင်တော့ မရတော့ဘူး။

နောက်တစ်ခုက နှလုံးသားက ခံစားပြီးမှ အသိတစ်ခုကို ရတာလား။ ခံစားမှုမရှိဘဲနဲ့ သိတဲ့အသိနဲ့ ခံစားမှုရှိတဲ့ သိတဲ့အသိနဲ့ ဘဝမှာ ဘယ်ဟာ ပိုနိုင်မြဲပါသလဲတဲ့။ ဦးနောက်ကလည်း သိတယ်။ ဒါကိုလက်ခံတယ်။ နှလုံးသားကလည်းလက်ခံတယ်။ အဲဒါ သိပ်ခက်တယ်။ တစ်နေ့သေမယ်ဆိုတာ သိတယ်။ ဒါကို အားလုံးသိကြတယ်။

ခံစားပြီး သိတဲ့အခါကျတော့ သိဒ္ဓတ္ထမင်းသား သူသေကို တွေ့တဲ့အခါမှာကျတော့ သိတဲ့အသိမျိုး၊ မိဘတို့မည်သည်မှာ သား သမီးတို့ကို ချစ်တယ်ဆိုတာ သိတယ်။ ကိုယ်လည်း မသိဘူးလား၊ သိတယ်။ ဒါကို ကိုယ်မရဘူးလား။ ဒါကို ကိုယ်လည်း ရတယ်။ ဒါပေမယ့် အဇာတသတ်၊ သူကိုယ်တိုင် သားယောက်ျားလေး ရတဲ့ အခါကျတော့ သိတဲ့အသိနဲ့ တူသလား။ အဲတော့ ဦးနောက်ကလည်း သိတယ်။ မှန်တယ်၊ ယုံတယ်၊ နှလုံးသားကလည်း လက်ခံတယ်ဆိုလို့ ရှိရင် အဲဒီအသိ သိပ်ခိုင်တယ်။ အသက်စွန့်တယ်ဆိုတာ အဲဒီအသိမျိုးပဲ။ သတ္တိလည်း ရှိမယ်ဆိုရင်ပေါ့။ အသက်စွန့်တယ်၊ သတ္တိလည်း ပါသေးတာကိုး။

http://www.cherrythitsar.org



ရင်ထဲက နှလုံးကို လုံးဝ မျက်ကွယ်ပြုသင့်ပါသလား။ အမယ်လေး မျက်ကွယ်မပြုနဲ့၊ မျက်ကွယ်ပြုလို့ကို မရတာ။ ဟိုကောင်မလေးတစ်ယောက် လှလိုက်တာဟာ ရင်ထဲက နှလုံးသားထဲက လာတာ မဟုတ်လို့ ဘာတုံး၊ ဟုတ်လား။ ချစ်တယ်ဆိုတာဦးနှောက်နဲ့ဆိုင်တာ မဟုတ်ဘူး။ ဒါဖြင့် ချစ်တယ်ဆိုတာ မရှိဘူးလား။ ဟုတ်တယ်။ အဏုမြူဆိုတာ အဟုတ်ရှိတယ်၊ တကယ်ရှိတယ်ဆိုတာ မှန်သလို၊ သိပ္ပံနည်းအရ မှန်သလို ချစ်တယ်ဆိုတာလည်းတကယ်ရှိတယ်။ မုန်းတယ်ဆိုတာ တကယ်ရှိတယ်။ ဒါ ဘယ့်နှယ်လုပ်မျက်ကွယ်ပြုရမလဲ။ ပုထုဇဉ်မှာ မျက်ကွယ်ပြုဖို့ မပြောနဲ့ သူချည်းလာလာပေးလို့ ဒုက္ခရောက်နေရတယ်။

**မေး။ ။ဗုဒ္ဓဝါဒ ကျင့်စဉ်များကြောင့် ဘဝတိုးတက်မှုကို အဟန့်အတား ဖြစ်စေပါသလား။**

**ဖြေ။** ။ဘဝတိုးတက်မှုမှာ ဗုဒ္ဓဘာသာ ကျင့်စဉ်များကြောင့်ဆိုတော့ ဘယ်လောက်ထိအောင် ကျင့်ရမှာလဲ၊ လောကအတွက်ကျင့်မှာလား၊ လောကုတ္တရာအတွက် ကျင့်မှာလား၊ ဘဝအတွက်ပစ္စုပ္ပန်အတွက် ကျင့်တာလား၊ သံသရာအတွက် ကျင့်တာလား။ ဗုဒ္ဓဘာသာမှာ နှစ်ခုရှိတယ်။ ပစ္စုပ္ပန်ရယ်၊ သံသရာရယ်။ ပစ္စုပ္ပန်မှာလည်း ကောင်းတယ်၊ သံသရာမှာလည်း ကောင်းတယ်။ အဲဒါကိုလုပ်ပါတဲ့။ ပစ္စုပ္ပန်မှာ ကြီးပွားတယ်၊ သံသရာမှာ ဒုက္ခရောက်မယ်ဆိုရှောင်ပါ။ သံသရာမှာတော့ ကောင်းတယ်၊ ပစ္စုပ္ပန်မှာ ဒုက္ခရောက်မယ်ဆိုရင်တော့ ချွေတာပါတဲ့၊ ခြိုးခြံပါတဲ့။ ဒီဥစ္စာသူတော်ကောင်းများက အဲဒီလိုဖြစ်အောင်ကိုလုပ်တာ။ လောကီကိုကြည့်၊ သံသရာကို ကြည့်၊ ကောင်းရင်တော်ပြီ၊ ဟုတ်လား။

http://www.cherrythitsar.org



တေမိမင်း စကားမပြောတဲ့ဥစ္စာတွေ၊ ဇနက္ကမင်းကြီး တောထွက်သွားတာတွေက ပစ္စုပ္ပန်ကို လုံးဝ စိတ်မဝင်စားတော့လို့ပေါ့။ ဗုဒ္ဓဘာသာမှာ သံသရာကို ဦးစားပေး၊ သို့သော် ဘုရားက လောကီအတွက် ဟောတဲ့တရားရှိတယ်၊ လောကုတ္တရာအတွက် ဟောတဲ့တရားရှိတယ်။ အဲဒီတော့ ပစ္စုပ္ပန်သံသရာ နှစ်ခုလုံးကို ကြည့်ရပါတယ်။ ကြည့်တဲ့အခါကျတော့ ဘဝတိုးတက်မှုကို ဘယ်လိုတိုးတက်ဖို့ ပြောသလဲဆိုတဲ့ အပိုင်းရှိတယ်။ လောကတိုးတက်ဖို့ဆိုတဲ့ အပိုင်းဆိုလို့ရှိရင်၊ သံသရာမှာလည်း ဒုက္ခမရောက်နိုင်ဘူးလို့ ဆိုလို့ရှိရင် အဲဒီဥစ္စာဘာမှ အပဟန့်အတားမဖြစ်ပါဘူးလို့ ပြောချင်ပါတယ်။

**မေး။ ။ဆရာခင်များတဲ့၊ ဆရာ့လက်ချာမှာ လူငယ်နဲ့ ဘာသာရေးကို မဆွေးနွေးပါဘူး။ ဘယ်ဘာသာမဆို လူငယ်တစ်ယောက်အနေနဲ့ ဘယ်လောက်အထိ ပါဝင်သင့်တယ်ဆိုတာကို ဖြေကြားပေးပါ ခင်များတဲ့။**

**ဖြေ။** ။အဲဒီတော့ လူငယ်နဲ့ ဘာသာရေးမှာ ကျွန်တော်က ဗုဒ္ဓဘာသာဖြစ်တော့ ဗုဒ္ဓဘာသာပဲ ပြောတာပေါ့။ ကျန်တဲ့ဘာသာတွေကို ကျွန်တော် မပြောတော့ဘူး။ ကျန်တဲ့ဘာသာတွေအတွက် မတော်တဆ ကိုယ်ကတစ်ခုခုမှားသွားလို့ရှိရင် သူတို့ကို ထိခိုက်သွားနိုင်တယ်။ ကျွန်တော်ပြောချင်တာ သူတို့ရင်ထဲမှာ ထိခိုက်သွားမှာစိုးရိမ်တယ်။ ဒါပေမယ့် ကျွန်တော်ပြောချင်တာက ဘာသာတွေဘယ်ဘာသာမဆို လောကနဲ့ ပတ်သက်လို့ လူကျင့်တရားနဲ့ ပတ်သက်လို့ မကောင်းတဲ့ ဘာသာရေး မရှိဘူး။ ဥပမာ ခရစ်ယာန်မှာပါတဲ့ ပညတ်တော် ဆယ်ပါးဟာ ငါးပါးသီလလိုပဲ၊ အသက်ကို မသတ်ရဘူး၊ သူများပစ္စည်း မခိုးရဘူး၊ ဒါမျိုးတွေကိုလည်းပဲ တကယ်ကျင့်သုံးရင် အဲဒီ ခရစ်ယာန် ဘာသာလည်း ကောင်းတာပဲ။

http://www.cherrythitsar.org



ကျွန်တော်ကတော့ ဗုဒ္ဓဘာသာကိုပဲပြောပါတယ်။ ဒါကြောင့် ဘယ်ဘာသာကိုပဲဖြစ်ဖြစ် သက်ဆိုင်ရာ အဆုံးအမတွေ ရှိတယ်နော်။ အဲဒါတွေကို လိုက်နာလို့ရှိရင် သင်သည်လည်း ဘယ်ဘာသာဝင်ဖြစ်ဖြစ်၊ လူငယ်တွေမှာတိုးတက်တဲ့လူငယ်၊ ရည်မွန်သောလူငယ်၊ ကြီးပွားသောလူငယ် ဖြစ်နိုင်တာပါပဲ။ ကျွန်တော် အဲဒီလိုပဲဖြေချင်ပါတယ်။

**မေး။ ။ဆရာခင်ဗျား၊ ကျွန်တော်က ၁၉၉၃ ခု၊ အပထအောင် ကျောင်းသားတစ်ယောက်ပါ။ ခြောက်ဘာသာဂုဏ်ထူးနဲ့ အမှတ် ၅၂၀ ကျော် ရပါတယ်။ ကျွန်တော်ယုံကြည်တာက ဘဝမှာ ငြိမ်းချမ်းစွာနဲ့ ကိုယ်နေထိုင်ရာလောက၊ အနိမ့်ဆုံး ကိုယ့်ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်တဲ့လူ ဖြစ်ရမယ်လို့၊ ကျွန်တော် ဆရာဝန်တစ်ယောက် ဖြစ်အောင် ကြိုးစားမှာပါ။ ဒါပေမယ့် မိဘက ချို့ငဲ့တယ်။ စားဝတ်နေရေး အဆင် မပြေမှုကို ခါးစည်းခံနေကြရတယ်။ ကျွန်တော် ဘာဆက် လုပ်သင့်သလဲ၊ ဆရာ ပြောသလို ပညာရအောင် လုပ်သင့် သလား။ မိသားစုအတွက် လုပ်သင့်သလား။ ဆရာ ဖြေကြားပေးပါခင်ဗျား။**

**ဖြေ။** ။ဒါမျိုးပြဿနာလေးတွေ ရှိတတ်ကြပါတယ်။ တစ်ခု ရှိတာက တကယ်လို့ မင်းအတွက်ကြောင့် မိဘမှာ သိပ်ပြီးတော့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေလို့ရှိရင် မလုပ်ပါနဲ့။ ဆေးတက္ကသိုလ်က နှစ်ရှည်ပါတယ်။ နှစ်ရှည်တော့ ကြားထဲမှာ ကိုးလို့ကန့်လန့် ဖြစ်နေလို့ ရှိရင် အဲဒါ ပိုစိတ်ပျက်စရာကောင်းပါတယ်။ နောက်တစ်ခုကဆရာဝန် လုပ်ချင်တယ်ဆိုပေမယ့်လို့ ဆရာဝန်ဖြစ်နိုင်လို့ တကယ်လုပ်ပေမယ့် ပတ်ဝန်းကျင်ကို အကျိုးပြုချင်တယ်ဆိုလို့ရှိရင် ဆရာဝန်ဟာ သူ့အတွက် ဘယ်လောက် အလုပ်ရှိသလဲ။ မြန်မာပြည်မှာ ဆရာဝန်တွေကများ

http://www.cherrythitsar.org



ပြီးတော့ လူနာကတောင် နည်းတယ်လို့ဆိုရအောင် အခုဖြစ်နေတာ။ အဲဒီကြားထဲက အခုဆိုရင် ရန်ကုန်လိုမြို့ကြီးတွေမှာ ဆိုပါတော့။ သမားတော်ပါရဂူကြီးတွေက အထူးကု သမားတော်ကြီးတွေက အကုန်လုံးမှာ သူတို့ကဝင်တဲ့အခါကျတော့ ဒီကောင်လေးတွေ ဟိုမြို့စွန်ရွာဖျား ပြေးနေရတာ။ အဲတော့ အဲဒီကကောင်တွေက နယ်မှာရောက်။ ဖျားနာတဲ့ကောင်တွေ မရှိတော့ဘူးလား။ တစ်ခါတည်း လူတွေ ဖျားပါစေ နာပါစေ ဆုတောင်းရမလို ဖြစ်နေမယ်။

အဲ တစ်ခုတော့ ပြောချင်ပါတယ်။ မင်း ဒီခြောက်ဘာသာဂုဏ်ထူးရ၊ ဒီလောက်အမှတ်ကောင်းတဲ့ကလေးဟာ တစ်ခုခုမှာပေါ့၊ အဲဒီ ဆရာဝန်မလုပ်ဘဲနဲ့ ဒီပြင် နီးနွှယ်ရာတစ်ခုခုကို လုပ်ကြည့်ပါ။ အဲဒါ ဝါသနာမပါရင်လည်း ဒီပြင်ဝါသနာပါတာ တစ်ခုခုလုပ်ရင်လည်း ပတ်ဝန်းကျင်ကို အကူအညီပေးနိုင်ပါတယ်။ ဘယ်ဟာလို့တော့ ငါလည်း မပြောနိုင်ဘူး။ မင်းနဲ့ နီးစပ်တဲ့ အကြံဉာဏ်ပေးနိုင်တဲ့ လူကြီး တစ်ယောက်ယောက်ကို တိုင်ပင်ပါ။ ဘယ်ဘာသာ ယူသင့်တယ်။ ဘယ်လိုလုပ်သင့်တယ် တိုင်ပင်ပါနော်။ ဒါမှမဟုတ်ရင်လည်း တစ်ခုရှိတာ အဲဒါတွေကို မရနိုင်ဘူးဆိုလို့ရှိရင် မရနိုင်လို့တော့လို့ ထိုင်ငိုနေလို့တော့ မဖြစ်ဘူး။ တောင်ထိပ်က အလှဆုံး ထင်းရှူးပင်ကြီး မဖြစ်လို့ရှိရင် တောင်ခြေက အလှဆုံး ချုံပုတ်ကလေးတော့ ဖြစ်စေရမယ်လို့ သဘောထားနော်။ လူတိုင်းဟာ အလှဆုံး အမြင့်ဆုံး မဖြစ်နိုင်ဘူး။ ထိပ်ဆုံးကို မရောက်နိုင်ဘူး။ ဒါပေမယ့် ကိုယ်ရောက်တဲ့ နေရာမှာ အကောင်းဆုံး မင့်စေတနာကြောင့် ဖြစ်လာပါလိမ့်မယ်။

အဲဒီစေတနာကြောင့် မင်းမှာ ဒီထက်ပိုပြီး သင့်လျော်တဲ့ ဘဝပေးအခြေအနေ ရောက်ပါလိမ့်မယ်။ ရောက်ပါစေလို့ ငါဆုတောင်းလိုက်ပါတယ်။

http://www.cherrythitsar.org



**မေး။ ။ဆရာခင်ဗျား။ မည်သည့်အရာမဆို ယုံကြည်မှုရှိမှ ကြိုးစားကြမည် ဖြစ်ပါသည်။ ကျောင်းသားတွေမှာ မိဘကျေးဇူး၊ ဆရာ့ကျေးဇူး မည်မျှကြီးမားသည်၊ မည်မျှအထိ ကျေးဇူးကြီးမားသည်ကို ကျောင်းသား တွေက မည်မျှ လက်ခံယုံကြည်မှုရှိသည် မရှိသည်ကို ဆန်းစစ်လေ့လာ၍ သင်ကြားသော ဘာသာရပ် သို့မဟုတ် သင်တန်းမျိုး ရှိသင့် မရှိသင့်ကို ဆရာဖြေကြားပေးပါခင်ဗျားတဲ့။**

**ဖြေ။** ။အဲဒီဥစ္စာ တော်တော်ခွကျတယ်။ မင့်မေးခွန်းက လိမ်ဖယ်ဖယ် ဖြစ်နေတယ်။ ဘာမဆို ယုံကြည်မှ ကြိုးစားတယ်တဲ့။ မိဘကျေးဇူး၊ ဆရာ့ကျေးဇူးကို ကျောင်းသားတွေ ဘယ်လောက်ထိ အောင် ယုံကြည် သလဲဆိုတာ ဆန်းစစ်တဲ့ သင်တန်းမျိုး ရှိသလားတဲ့။ အဲဒီလို သင်တန်းမျိုးရယ်လို့ မရှိပါဘူး။ ဘယ့်နှယ် ဆန်းစစ်လို့ ရမှာလဲ။ သဘောတစ်ခုတော့ မင်းကို ပြောမယ်။ ဆရာရဲ့ ကျေးဇူးကို၊ ထားပါတော့ မိဘရဲ့ ကျေးဇူးကိုတောင်မှ အသိအမှတ်မပြုဘူးဆိုလို့ရှိရင် သူ့အတွက် သင်တန်းဖွင့်နေဖို့ မလိုတော့ဘူး။

သူလိုကောင်မျိုးက ‘အောက်’သွားမှာပေါ့။ နမြောမနေနဲ့။ အဲဒီလို ကောင်မျိုးတွေလည်း ရှိမှာပေါ့။ မင်း သူ့အတွက် ငိုနေလို့လည်း ငိုနေရုံရှိမှာပေါ့။ လောကမှာ အဲဒီလိုလူမျိုးတွေကရှိတာပဲ။ ရှိတယ်၊ မတတ်နိုင်ဘူး၊ ဟုတ်လား။ ဘုရားတောင်မှ ပဒပရမပုဂ္ဂိုလ်မျိုးကို ချွတ်လွှဲလို့မရသူ ချန်ထားခဲ့ရတာပဲ။ မင်းမရတဲ့ကောင်မျိုးက ဘယ်လို လုပ်မှာလဲ၊ မတတ်နိုင်ဘူး။ သူတို့အတွက်ကို ငါတို့ ပူနေဖို့ အချိန် မရဘူး။ ဒီဟာ ဘာနဲ့တူသလဲဆိုလို့ရှိရင် မီးရထားမှောက်တာတို့ ဘာတို့ ဝုန်းဒိုင်းနဲ့ တစ်ခုဖြစ်လိုက်လို့ရှိရင် ဆရာဝန်က ပြေးလာပြီး ဘာလုပ်သလဲ။ သူကုလို့ရမယ့်ကောင်ကို ကုတာ။ သေမယ့်ကောင်ကို

http://www.cherrythitsar.org



ဆေးထိုးရင် ဆေးကုန်ရုံပဲ ရှိမယ်။ အဲဒီကောင်မျိုးတွေက ဆေးကုန်မယ့်ကောင်တွေ။ မိဘတောင်မှ မသိတတ်တဲ့ ကောင်ကို ဘာလို့ ဆေးကုန်ခံနေမလဲ၊ မလိုဘူး။ တကယ်လို့ မင်းကိုယ်တိုင်ကနေ အဲဒီလိုကောင်မျိုးဖြစ်နေရင် မင်းလည်းပဲ ဆေးလွန်နေပြီ၊ မရတော့ဘူး။ အဲဒီတော့ တစ်ခုတော့ရှိတယ်၊ မိဘနဲ့ပတ်သက်ပြီးတော့ ကိုယ့်မိဘကို တောင်မှ မရှိသေတဲ့ကောင်၊ ကိုယ့်မိဘရဲ့ ကျေးဇူးကိုတောင်မှ မသိတတ်တဲ့ ကောင်မျိုးကို မင်းအပေါင်းအသင်း မလုပ်နဲ့တော့။ မင်းအတွက် အန္တရာယ်ကြီးတယ်။ အဲဒါ မင်း မှတ်ထား။ သူသည် လူကောင်းဖြစ်ဖို့ သိပ်ခက်တယ်။ ဖြစ်ချင် ဖြစ်လာမယ်နော်၊ ခက်တယ်။ ဒါပေမယ့် တချို့ကျတော့ စိတ်ဝေဒနာသဘောလေးပေါ့။ အဖေနဲ့အမေအပေါ် တည်တာလေးတွေက တစ်မျိုးရှိတယ်။ ဒီပြင်လူပေါ် ကောင်းတယ်၊ မိဘအပေါ်မကောင်းဘူး၊ ရှိနိုင်ပါတယ်။ သို့သော်လည်း တစ်ခုရှိတာက ကိုယ့်မိဘပေါ်ကိုတော့ ကျေးဇူးမကန်းနဲ့။ အဲဒီကောင် အန္တရာယ်ရှိတယ်။ သူက လောကကို အချဉ်ပေါက်နေတဲ့လူ။ ဒါမျိုးတွေ အများကြီးရှိတယ်နော်။

**မေး။ ။ဆရာခင်ဗျားတဲ့။ ဦးစွာအလျင်ပဲ ဆရာ့ ကျေးဇူးတင်ကြောင်း ပြောပါရစေတဲ့။**

ကောင်းပါတယ်။ ပြီးတော့မှ ကျွန်တော့်ကို လက်ဖက်ရည်လာတိုက်ရင် ပိုကောင်းပါတယ်။ ကျေးဇူးဆိုတာ မစားရပါဘူး။ လက်ဖက်ရည်ဆိုတာ သောက်ရပါတယ်။

**ဤကဲ့သို့သော အတွေးအခေါ်များကို ဝေငှပေးသည့်အတွက် ကျွန်တော့်အနေဖြင့် လွန်စွာမှ အကျိုးများပါသည်။ ကျွန်တော်အား အမေးတစ်ခုမေးခွင့်ပြုပါ။ life planning သည် လူငယ်တိုင်းတွင် ရှိရမည် ဆိုတာ၊ ထို့ကြောင့်**

http://www.cherrythitsar.org



**ကျွန်တော်တို့အနေဖြင့် definite purpose ခေါ်တိကျသော ရည်မှန်းချက်ဖြင့် ကြိုးစားပါက ရရှိနိုင်ပါသလား။ ဆရာကြီးပြောသော အတွေးအခေါ်နှင့် ဗဟုသုတတို့ ပေါင်းစပ်၍ တိကျသော ရည်မှန်းချက်ကို ထားရှိပါက မိမိဘဝ၏ life planning ကို အကောင်အထည် ဖော်နိုင်ပါမည်လား။**

**ဖြေ။** ။ ဆိုလိုတာက **life planning** ဆိုတာ အများကြီး ရှိတာကိုး။ ဘဝရည်မှန်းချက်တွေက အများကြီးရှိတယ်။ မင်း တကယ်လို့ မင်း တောကျေးလက်မှာ ရှိနေတဲ့ လူတစ်ယောက်၊ ဟုတ်လား။ မင်းက တောမှာ လယ်လုပ်တဲ့လူ၊ ငါ ဒီလယ်တစ်ကွက် ရအောင် လုပ်မယ်။ အဲဒီမှာ လယ်လုပ်မယ်၊ အဲဒီမှာ ၄က်ပျောချမယ်၊ အဲဒီဘဝမှာ လယ်သမားအဖြစ်နဲ့ အသက်မွေးသွားမယ်။ ဆိုတော့ မင်း **planning** က မှန်သွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ငြိမ်နေတဲ့ **stabity** ပေါ့။ တည်ငြိမ်ပြီးတော့နေတဲ့ အခြေအနေ ရှိတယ်။

ပြောချင်တာက မင်းတို့က မြို့ကလေးတွေ၊ မြို့က ကလေး တွေဆိုတော့ နိုင်ငံခြားသွားချင်တာတို့၊ အဆိုတော် ဖြစ်ချင်တာတို့၊ ဘာဖြစ်ချင်တာတို့ ဒါမျိုးတွေ အများကြီး။ အများကြီးဖြစ်ချင်တဲ့အခါ ကျတော့ အဲဒီဥစ္စာကို **planning** ကို အတိအကျ ချလို့မရဘူးလို့ ပြောတာ။ အဲတော့ အခု ဟောပြောတဲ့ဥစ္စာနဲ့ ရနိုင်သလားဆိုတော့ မင်းစိတ်ထဲ မင်းစဉ်းစားကြည့်ပေါ့။ ကိုယ့်အခြေအနေကို ပြန်တွက်ကြည့် ပေါ့။ စီမံကိန်းချလို့ ရနိုင်လောက်တဲ့ ဟာမျိုးလား၊ မရဘူးလားဆိုတာ။ အဲဒါ ကိုယ့် ဉာဏ်နဲ့ကိုယ် ချင့်ချိန်ရမယ်နော်။ ဒါဟာ တိတိကျကျ ပြောလို့မရဘူး။ ဗေဒင်ဆရာတောင် မပြောနိုင်ပါဘူး။ ဟုတ်တယ်။

http://www.cherrythitsar.org



ဗေဒင်ဆရာတွေ ဘာတွေ၊ 'ဆေးသမားလည်း သားသေ၊ ဗေဒင်ဆရာလည်း နွားပျောက်၊ ဆောက်သမားလည်း ထွင်းမကောင်း၊ စောင်းသမားလည်း တေးမပီ၊ ပန်းချီသမားလည်း ဟန်မရ' ဆိုသလို သူတို့တောင်မှ မှားချင်လည်းမှားတာ။ ဒီပြင်လူတွေလည်း မှားနိုင်တာပဲ။

ထားပါတော့ ခုနကပြောတဲ့ ဥစ္စာ။ သိပ်ပြီးတော့ ဟို ရေရှည် plan ဆိုတာ မျိုးကြီးတွေကိုတော့ ပြောချင်တယ်။ အဲဒီ စီမံချက်မျိုးကြီးတွေကို မထားနိုင်ရင်တောင်မှ ကြီးပွားရမယ်ဆိုတဲ့ ခိုင်မာတဲ့ စိတ်ကို ထားရမယ်။ တကယ်လို့ မင်း တိတိကျကျ ထားနိုင်ရင်တော့ ကောင်းတယ်။ သို့သော် အဲဒီလို တိတိကျကျထားတာသည်ပင်လျှင် တစ်ခါတစ်ရံ အခြေအနေကြောင့် ပြောင်းလဲသွားတာမျိုး ရှိတတ်တယ်လို့ ပြောတာ။

**မေး။ ။ဆရာဦးအောင်သင်းခင်ဗျား၊ ဆရာဟာ လူငယ်တို့ကို စိတ်ဓာတ်အမွေ အမှန်တကယ်ပေးနိုင်တဲ့ လူတစ်ယောက်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် အနာဂတ်ဆိုတာ ဘာရယ်လို့ ဆရာရော၊ ကျွန်တော်တို့ပါ တိတိကျကျ မသတ်မှတ်နိုင်ဘူးထင်တယ်။ အဲဒီတော့ ဆရာဟာ လူငယ်တို့ကို မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုပေါ် တင်ပေးတယ်၊ ဒါပေမယ့် အဲဒီလမ်းကြောင်းဟာ ချွတ်ယွင်းသွားမယ်ဆိုရင်လို့ ယုံမှားသံသယများ ဆရာ့မှာ တစ်ခါတလေ ရပါသလားတဲ့။**

**ဖြေ။** ။ဒီလို အဲဒီလိုသံသယဖြစ်ရင် ငါ ပြောကိုမပြောဘူး။ သံသယ ဖြစ်တဲ့ဥစ္စာ ဘာလို့ ပြောနေရမှာလဲ။ သို့သော် အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်ယုံတယ်ဆိုတဲ့ ဥစ္စာကိုက မမှားနိုင်ဘူးလား။ ဒါ မတတ်နိုင်တော့ဘူး။ ဒါပေမယ့် တစ်ခုရှိတာက ငါ သံသယဖြစ်တဲ့

http://www.cherrythitsar.org



ဥစ္စာကို မပြောဘူး၊ မဟုတ်ဘူးလို့ ငါယုံကြည်တာကို မပြောဘူး။ မှားတယ်လို့ ယုံကြည်တာ မှန်တယ်လို့မပြောဘူး။ မှန်တယ်လို့ ယုံကြည်တာ မှားတယ်လို့ မပြောဘူး။ သံသယဖြစ်တဲ့ ဥစ္စာကို မထည့်ဘူး။ လုံးဝ တော်တော့်ကိုမှန်တယ်၊ ဒီဟာ အကျိုးရှိနိုင်တယ်လို့ ယုံကြည်မှ ဒီထဲမှာ ထည့်ပြောတာ။ သို့သော် အဲဒီ ငါယုံကြည်တာကိုက မှားနေရင်ကော။ အဲဒီလိုလည်း ဖြစ်နိုင်တာလေ။ ငါပြောလိုက်ဦးမယ်။

ထောင်ထဲမှာနေစဉ်က သခင်ဖိုးဘဆိုတာ။ အခု လာမယ့်လ 'သင့်ဘဝ' ထဲမှာ ပါလိမ့်မယ်။ အဲဒီထဲမှာတောင် ထည့်ရေးလိုက်သေးတယ်။ ထောင်ထဲမှာနေတော့ ငါက ထောင်က လွတ်ချင်တာပေါ့ကွ၊ ဆယ့်လေးငါးနှစ်အရွယ်၊ မိန်းမသိပ်ပိုးချင်တဲ့အရွယ်။ အဲဒီမှာ ငါက ထောင်ထဲရောက်တာ။ ဘေးမှာကြည့်လိုက်တော့ အထက်ဆင်တောင် မမြင်ရဘူး။ ဘယ်လောက်စိတ်ညစ်ဖို့ကောင်းသလဲ။ အဲဒီတော့ အပြင်လည်း ထွက်ချင်တာပေါ့၊ သွားချင်လာချင်တာပေါ့၊ လူငယ်။ အဲဒီတော့ သခင်ဖိုးဘကို ငါက ပြောတယ်။ သခင်ဖိုးဘက အလံနီ၊ သူက ဗေဒင်တွက်တတ်တယ်။ ကောင်းတယ်။ အဲဒီတော့ သူ့ကို ဟောစမ်းဗျာ၊ ဟောစမ်းဗျာဆိုတော့ သူ့ကို ငါက နင်းပေးရသေးတယ်၊ နှိပ်ပေးရသေးတယ်။ ဗေဒင်ဟောပါမယ့်အကြောင်း။ ဘယ်နေ့လွတ်မလဲဆိုတာ သိချင်လို့။ ဟာ သူကလည်း နေ့ရွှေ့ညရွှေ့ နောက်တော့ တစ်နေ့ကျတော့ ငါကလည်း စိတ်မရှည်တော့။ ကဲ တော်ပြီဗျာ၊ ခင်ဗျားကလည်း ဘာညာနဲ့ ကိုယ့်ထက် အသက်ကြီးပါတယ်၊ ရင်းနှီးနေတော့ ဒီလိုပြောတာပေါ့။ ဒီနေ့တွက်ပေးမယ်ကွာ။ တကယ်ပြောတာ။ ပြီးလဲပြီးရော နေ့လယ်ကျတော့ သူကတွက်မယ် ဆိုပြီး ဟောမယ်ဆိုတဲ့အခါကျတော့ ကိုယ်လည်း အနားရောက်ရော ကျောက်သင်ပုန်းလေး ကောက်ပြီး တောင်ခြစ်မြောက်ခြစ် ခြစ်နေ

http://www.cherrythitsar.org



တယ်။ ဟိုခြစ်လိုက် ဒီခြစ်လိုက် တွက်နေတယ်။ 'နေပါဦးဟ ငါဒီမှာ တွက်နေတယ်' တဲ့။ 'ခင်ဗျား ကျူပ်လည်း ခုနစ်တွေ ဘာတွေ ဘာမှလည်း မမေးဘူး၊ ဘာမှလည်း မမေးဘဲနဲ့ ခင်ဗျား ဘာတွေတွက် နေတာလဲ' ဆိုတော့ 'နေဦးကွ၊ ငါ့ဘာသာငါ တွက်နေတာ'။ ဟာ စိတ်က တော်တော်ပိန်သွားတယ်ဗျာ။ 'ခင်ဗျားကလည်း ကျူပ်ကမေးတဲ့ ဥစ္စာကို ကိုယ့်အတွက် ကိုယ်တွက်နေတယ်လား' ဆိုတော့ 'အောင်သင်း၊ မင်း နားမလည်ရင် အသာနေစမ်းကွာတဲ့၊ ဗေဒင်ဆရာဆိုတာကကွ သူကံကောင်းနေတဲ့အခါကျရင် ပြောသမျှ စွတ်မှန်တာ၊ သူကံဆိုး ရင် ပြောသမျှ လွဲချင်လွဲနေတာတဲ့။ အဲတော့ ဒါကြောင့်မို့လို့ ဗေဒင် ဆရာတွေဟာတဲ့ သူ့ဇာတာ နိမ့်နေတဲ့အခါကျလို့ရှိရင် ဥပုသ် ရက် ရှည်ကြီး ဝင်တယ်လို့ အဓိဋ္ဌာန်ဝင်တယ်တို့ ဗေဒင်ဟောတာ နားတာ တို့ဟာ သူဟောသမျှ မှားမှာစိုးလို့တဲ့၊ ငါက ဒါကြောင့်မို့လို့ တွက် နေတာ။ ငါ့ဇာတာကောင်းလို့ရှိရင် မင်းကို ဆက်တွက်ပေးမယ်' တဲ့။

သူပြောတာ သဘာဝကျတယ်။ အဲတော့ မောင်ရင်ရေ၊ သခင် ဖိုးဘ ပြောသလို အောင်သင်းလည်းပဲ ဇာတာနိမ့်လို့ရှိရင် တိမ်းတာ ပါးတာတွေ ရှိမှာပေါ့။ သို့သော် အောင်သင်းကိုက ဇာတာနည်းနည်း မြင့်တယ်လို့ ယုံကြည့်လို့ ပြောတာ။

**မေး။ ။ဆရာခင်ဗျားတဲ့၊ ဘဝတိုးတက်မှုရရန် ကြိုးစားလျက် ရှိရာမှာ ဝန်ထမ်းဘဝ စားဝတ်နေမှု မပြေလည်တာနဲ့ အပြင်မှာ ပွဲစားလုပ်ပြီး စီးပွားရှာရန် လိုင်းပြောင်းခဲ့ပါသည်။ သို့သော် ပွဲစားလောကမှာလည်း လူလိမ်ခံရတယ်တဲ့။ ဘဝမှာ စိတ်ပျက်အားငယ်မိပါတယ်တဲ့။**

ဖြေ။ ဒုက္ခ ဒုက္ခ။

http://www.cherrythitsar.org



**ကိုယ်ကတတ်ထားတဲ့ ကွန်ပျူတာ အီလက်ထရောနစ်နည်း ပညာလေးတွေနဲ့ လုပ်ငန်းထောင်မယ်ဆိုတော့လည်း အရင်းအနှီးနဲ့ဆိုတော့ ကုမ္ပဏီလုပ်ငန်းတွေကို အားကိုးရတယ်။ ဒါပေမယ့် အသက် လေးဆယ်ကျော်သွားတော့ မသုံးချင်ကြဘူးတဲ့။ ဒါဆို ကျွန်တော်တို့ နိုင်ငံမှာ ဘဝရပ်တည်မှု ရှိနိုင်ပါသလား။ လူငယ်ဆိုတာ ဘယ်အသက်အရွယ်အထိ သတ်မှတ်ပိုင်းခြားထားပါသလဲတဲ့။ အကြံဉာဏ်များ ရယူလိုပါတယ်တဲ့။**

**ဖြေ။** ။အသက် လေးဆယ်ဆိုတာ ငယ်ငယ်လေးပဲ ရှိသေးတာပဲဗျ။ အသက် လေးဆယ်ကျမှ ဘဝစတယ်ဆို မဟုတ်လား။

အခုမှ ခင်ဗျား ချီလိမ်လေးဘာလေးတောင် ပြန်ငုံထားဖို့ကောင်းတယ်။ လိမ်တဲ့ကောင်ထက် အလိမ်ခံရတဲ့ လူဦးရေက ပိုများတယ်။ လိမ်တဲ့ကောင်က တစ်ယောက်တည်းနဲ့ လေးငါးဆယ်ယောက်ကို လျှောက်လိမ်တော့ အလိမ်ခံရတဲ့လူက ပိုများတယ်။ အဲတော့ ကျွန်တော် ပြောမယ်။ ခင်ဗျား အဲဒီဥစ္စာတွေကို ခင်ဗျားအတွက် သင်ခန်းစာ၊ အရင်းအနှီး ဖြစ်လာပါလိမ့်မယ်။ အဲဒီတော့ ဆက်ပြီးတော့ လုပ်ပါ။ ဒါနဲ့ အဲဒီဥစ္စာဖြစ်လို့မို့လို့ စိတ်ပျက်ပြီး ထိုင်နေလို့ ဖြစ်တာမဟုတ်ဘူး။ ခင်ဗျားသတ္တိ မဆုံးရှုံးစေနဲ့နော်။ အဲဒါ သတိထား။ အင်္ဂလိပ်စကားလေးတစ်ခုရှိတယ်။ ထားပါလေ။ မြန်မာလိုပဲ ပြောပါမယ်။

စီးပွားဥစ္စာ ဆုံးရှုံးတဲ့လူက အများကြီးဆုံးရှုံးတယ်။ မိတ်ဆွေကောင်းတစ်ယောက်ကို ဆုံးရှုံးတယ်ဆိုလို့ရှိရင် ပိုပြီး ဆုံးရှုံးသွားမယ်။ သတ္တိဆုံးရှုံးတဲ့လူအဖို့မှာ ကုန်ပြီ။ ဆုံးရှုံးစရာ မကျန်တော့ဘူး။ ဒါပါပဲ။ ဆက်ချစမ်းပါ။

http://www.cherrythitsar.org



ကိုယ့်လူ ခင်ဗျားလို စိတ်ပျက်ပြီးတော့ နေရင်းကပဲ အောင်မြင်သွားတဲ့လူတွေ တစ်ပုံကြီး။ ကျွန်တော်လည်း ဒီလိုဖြစ်ဖူးတာပဲ။ တစ်ခါတုန်းကများဆိုလို့ရှိရင် မော်တော်ကားအောက် လှိမ့်ဝင်ချင်တဲ့ထိအောင် ကျွန်တော်လည်း ဒုက္ခရောက်ခဲ့တာပဲ။ လောကကြီး တစ်ခုလုံးဟာ မှိုင်းပြာပြီး နေလို့ ဘဝမှာ ဘာမှ မမြင်ရတော့လောက်အောင် ကိုယ့်ကိုကိုယ် ဖြစ်သွားတာ။ အဲဒီမှာ ကိုယ့်ကိုကိုယ် သနားတဲ့ကောင်ဆိုသေပြီ။ အောင်သင်းလေးရယ် ဖြစ်မှဖြစ်ရလေ၊ နင်ဒုက္ခရောက်ရှာတယ်။ သေ။ ကိုယ့်ကိုကိုယ် သနားနေလို့ရတာမျိုး မဟုတ်ဘူး။ အဲဒီအချိန်အခါမျိုးမှာကိုပဲ ကုန်းရုန်းပြီး လုပ်ရတာ။ အဲဒီမှာ ခင်ဗျားဒီအမှောင်ဆုံး အချိန်ဟာ လင်းခါနီးအချိန်ဖြစ်တယ်။ အရုဏ်တက်ခါနီးဆိုတာ အမှောင်ဆုံးအချိန် ဖြစ်တယ်။ အရုဏ်တက်ခါနီးမှာဆက်ပြီး ကြိုးစားလိုက်စမ်းပါ။ ဒီလောက်ပဲ ကျွန်တော် ပြောပါရစေ။

**မေး။ ။ ယခု မြန်မာနိုင်ငံမှာ စီးပွားရေးစနစ်ဟာ ဆရာမည်သို့ မြင်ပါသနည်းတဲ့။**

**ဖြေ။** ။ ဒါ လူငယ်နှင့်မဆိုင်ပါဘူး။ အစိုးရနဲ့ ဆိုင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘူးထရိ့စ် ဘူးထရိ့စ်ဂါလီကလည်း ဘာမှမပြောပါဘူး။ ကျွန်တော်လည်း ပြောဖို့ စောလွန်းပါတယ်။

အမယ်လေး၊ စာကြီးကလဲ ရှည်လိုက်တာ သကြီန်စာကျနေတာပဲ။ အဲ သနားပါတယ်။ သူ့ခမျာ မိန်းကလေးပါ။ ဒီလိုပဲ သည်းခံပါနော်။ ကလေးတွေပါ။ တစ်ခါတလေကျ ကလေးတွေဆိုတော့ သူတို့လို အလိုလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခါတလေ ကျွန်တော် အခု 'သရဖူ' မှာ ပါလိမ့်မယ်။ ခြောက်တန်း ရှစ်တန်းကလေးတွေ ဘာတွေက လှမ်းမေးတာ။ လိပ်စာတွေရှာပြီးတော့ ဆရာကြီးရှင့် ဆိုပြီးတော့ မေးကြတာ။ ကလေးဆိုတော့ ကိုယ်က ပိုပြီး ဂရုစိုက်ရ

http://www.cherrythitsar.org



တယ်။ အဲတော့ ကလေးတွေကျတော့ ကျွန်တော်တို့က ပိုညာရတယ်။ အဲတော့ လူကြီးတွေက ခဏသည်းခံလိုက်ပါ။

**မေး။ ။ဆရာရှင့်၊ သမီးအနေနဲ့ အခုအချိန်မှာ ဘဝအတွက် လမ်းခွဲအဖြစ် အလွန် ဆုံးဖြတ်ရခက်နေပါတယ်။ သမီး အသက် ဆယ့်ခြောက်နှစ် ပြည့်ပြီးပါပြီ။ ဆယ်တန်း ဖြေထားပါတယ်။ ဆယ်တန်းဖြေပြီးတဲ့နောက် မဟာစည် သာသနာ့ရိပ်သာမှာ သီလရှင် ဝတ်တယ်၊ တစ်လပါ။ အဲဒီ တစ်လအတွင်းမှာ သမီး ဗုဒ္ဓ၏ စစ်မှန်သော တရားအရသာကို တွေ့ရပါတယ်။ တစ်သက်လုံးသာသနာ့ ဘောင်မှာပျော်မွေ့ဖို့ စိတ်ကူးခဲ့ပါတယ်။ ဒါပေမယ့် မိခင်၏ အတင်းထွက်ခိုင်းမှုကြောင့် (အားမပေးခြင်းမဟုတ်ပါ) အကြောင်းအမျိုးမျိုးကြောင့် ထွက်ခဲ့ရပါတယ်။ ယခု လူဖြစ်ပြီးခါမှ လောကီစိတ်တွေ အပြည့်အဝ ပြန်ဝင်လာ ပါတယ်။ ဒါပေမယ့် တစ်ခါတလေမှာ အဓိပ္ပာယ်မရှိတဲ့ လောကီကျင်လည်မှုတွေကို စိတ်ကုန်နေပါတယ်။ သမီး လူငယ်တစ်ယောက်အနေနဲ့ ဘဝ အောင်မြင်မှုတွေ၊ လူ့စည်းစိမ် ကျော်ကြားမှုတွေ အလွန်လိုချင်ပါတယ်။ ဒါပေမယ့် လောကုတ္တရာရေးရာနဲ့ယှဉ်ရင် အဝိဇ္ဇာအမှောင် ဆိုတာတွေကို သိတယ်။ သမီးရဲ့ စိတ်မပြတ်သားမှုလို့ ဆိုရပါလိမ့်မယ်။ အခုအချိန်မှာ လောကီစိတ်တွေပဲ ဝင်ပြီး အောင်မြင်မှုပြည့်စုံတဲ့ ဘဝကို ဖန်တီးရမလား၊ လောကုတ္တရာကိုပဲ ဝင်ပြီး သံသရာထဲက လွတ်အောင် ရုန်းထွက်ရမလား၊ တကယ့်ကို ဝေခွဲရခက်နေပါတယ်။ တကယ်တော့ သမီးဟာ လောကီကိုလည်း ပြတ်အောင် မဖြတ်နိုင်တဲ့ စိတ်တွေရှိနေပါတယ်လို့ ဝန်ခံပါတယ်။**

http://www.cherrythitsar.org



**ဆရာဟာ လောကုတ္တရာ ဆရာတစ်ဆူ မဟုတ်ပေမယ့် ဒီကိစ္စဟာလည်း သမီးကိုယ်တိုင် ဆုံးဖြတ်သင့်တဲ့ ကိစ္စဖြစ်ပေမယ့် ဆရာ့အနေနဲ့ သမီးရဲ့ ဆုံးဖြတ်ချက်ကို မှန်ကန်သွားဖို့ အကြံပေးစေချင်ပါတယ်။ ဒါပေမယ့် သမီးဟာ လမ်းတစ်ခုကို ရွေးပြီးရင်တော့ အဲဒီလမ်းကို ဆုံးခန်းတိုင်အောင် ဆက်လျှောက်ပြီး သက်ဆိုင်ရာ တိုးတက်မှုကို ရှာကြံနိုင်တယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ပါတယ်။ သမီးအတွက် အချိန်တိုင်း စက္ကန့်တိုင်းမှာ လောကီနဲ့ လောကုတ္တရာ အားပြိုင်မှု ကြုံနေရပါတယ်။ လောကီဆိုင်ရာဆိုလည်း သမီးမှာ ကြီးမားတဲ့ ရည်ရွယ်ချက်တွေ ရှိနေပါတယ်။ လောကုတ္တရာဆိုလည်း သမီးမှာ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်သည်အထိ အားထုတ်ချင်ပါတယ်တဲ့။**

ဖြေ။ ။သနားပါတယ်။ ဟုတ်တယ်၊ ဒီလိုကလေးမျိုးတွေကို ကြည်ညိုတယ်။ ဒီကြည်ညိုတယ်ဆိုတဲ့ဥစ္စာတွေ လူတွေက ကြီးတဲ့လူမှ ကိုယ့်ထက်ပညာကြီးတဲ့လူ၊ ဝါကြီးတဲ့လူမှ ရိုသေရတယ် ကြည်ညို ရတယ် ထင်နေတာနော်။ ကိုယ့်ထက်ငယ်ပင် ငယ်သော်လည်းပဲ ကြည်ညိုအပ်တဲ့ ကလေးတွေရှိတယ်ဆိုတာကို ကျွန်တော်တို့ မေ့နေ ကြတယ်။ ကိုယ့်အမေအဖေကို ချစ်နေရုံနဲ့ ပြီးတာ မဟုတ်ဘူး။ ငါ့အဖေ တော်မှန် ဖြောင့်မှန်ပါလားလို့ ကြည်ညိုရမှ ကောင်းမှာ။ အမေဆိုရုံနဲ့ ချစ်နေရုံနဲ့ ပြီးတာမဟုတ်ဘူး၊ ကြည်ညိုရမှကောင်းတာ။ အဲဒီလိုပဲ ကိုယ့်သားသမီးကိုလည်းပဲ ငါ့သားတွေပါလား၊ သမီးတွေ ပါလားလို့ ချစ်နေရရုံနဲ့ ပြီးတာမဟုတ်ဘူး၊ ကြည်ညိုရမှကောင်းတာ။ တကယ် တကယ်၊ ကိုယ့်ထက်ငယ်ပေမယ့် ကျွန်တော် ကြည်ညို

http://www.cherrythitsar.org



တယ်။ ဒါမျိုးကျတော့ ကျွန်တော်ကြည်ညိုတယ်။ ကြည်ညိုအပ်တဲ့ ကလေး။ သူ့စိတ်ဓာတ်က တကယ် သူတော်စင်လေးနော်။ 'ဆရာ ခင်ဗျား၊ ကျွန်တော် ဆေးစွဲနေတာ ပြတ်ဖြစ်အောင် ဘယ်လိုဖြတ်ရမလဲ' ဒါမျိုးမေးတာ မဟုတ်ဘူး။

ကျွန်တော် ပြောချင်တာက သူ့ကို သတိပေးချင်တာက အပိုင်းနှစ်ပိုင်းရှိတယ်။ မိဘနဲ့ပတ်သက်တဲ့ တာဝန်တွေရှိသေးသလား။ ဒါကို စဉ်းစားပါ။ မိအိုဖအို ရှိသလား။ သူတို့အတွက် တာဝန်တွေ ရှိသေးသလား။ ကိုယ်က ကျွေးတုံ့ကျွေးလှည့် မွေးတုံ့မွေးလှည့် ပြန် စဉ်းစားပါ။ 'ပျိုမြစ်မစွမ်း' 'အိုမင်းမစွမ်း'။ အိုမင်းလို့ရှိရင် မစွမ်း ဘူး ဆိုတာ လူတိုင်းသိတယ်။ ပျိုမြစ်မစွမ်းတာကို မေ့နေတယ်။ ကလေးတွေဟာ ပျိုမြစ်တယ်၊ မစွမ်းဘူး။ ကိုယ့်အနီးမှာ သေးစိုလို့ တောင် မလဲနိုင်ဘူး။ ကိုယ့်မှာ ခြင်ကိုက်တာတောင် မခြောက်နိုင် ဘူး။ အဲဒီအချိန်မှာ ဘယ်သူက စောင့်ရှောက်ခဲ့သလဲ။ မိဘတွေက စောင့်ရှောက်ခဲ့တယ်။ ကိုယ် ပျိုမြစ်မစွမ်းရှိခဲ့စဉ်က စောင့်ရှောက်ခဲ့တဲ့သူ တွေကို အိုမင်းမစွမ်းရှိတဲ့အခါမှာ ပစ်ထားမလား။ ကိုယ်ပစ်ထားရင် ကော သူက ဖြစ်နိုင်မလား။ သူ့အခြေအနေပေါ်မှာ ကြည့်ဖို့လိုပါတယ် နော်။ ပထမအချက်။ အဲဒီလို ခုနကပြောတဲ့ duties တာဝန်ရှိသလား ကြည့်ပါ။ အဲဒီတာဝန်က လွတ်တယ်ဆိုလို့ရှိရင် နောက်တစ်ဆင့် တက်ရမယ်။ တက်လို့ရှိရင် သမီးသည် ခဏတဖြုတ် ယာယီစိတ်ပါ တာလား။ လောကီဘက်ကိုလည်း စိတ်ပျော်တယ်။ အောင်မြင် ချင်တယ်။ အဲဒါတွေလည်း ရှိနေတော့ တကယ် လုံးဝကြီး ပြတ် သွားတာမျိုး၊ ငြီးငွေ့သွားတာမျိုး၊ စက်ဆုပ်သွားတာမျိုး အဆင့်ကို မရောက်ဘူး။ တွယ်တာနေသေးတယ်လို့ သဘောပေါက်ပါ။ အဲတော့ ဒီအချိန်မှာ ရုတ်တရက် မဆုံးဖြတ်ပါနဲ့။ ခဏဆိုင်းလိုက်ပါဦး။

http://www.cherrythitsar.org



အဲဒီအပိုင်းနဲ့ ဆိုင်လိမ့်မယ်လို့ သမီးကို အကြံဉာဏ်ပေးပါရစေ။ ဒါလောက်ပဲ ပေးတတ်ပါတယ်နော်။ ဒီထက်ပိုပြီး နားလည်တဲ့လူနဲ့ တိုင်ပင်ဦးနော် သမီး။ တစ်ချက်တည်း စွတ်ပြီးမလုပ်လိုက်နဲ့ဦးနော် သမီး။ တော်ကြာကျမှ ခေါင်းတုံးအဖတ်တင်နေဦးမယ်။ တော်ကြာ ကျတော့ သီလရှင် မဝတ်ဖြစ် အရပ်ထဲမှာ ခေါင်းတုံးလေးဖားလျားချ ပြီးတော့။

**မေး။ ။ဆရာခင်ဗျားတို့ လက်ရှိထုတ်ဝေနေသော မဂ္ဂဇင်းများထဲမှ ရွေးချယ်ဖတ်စရာ ဆယ်အုပ်သာရှိသည်ဟု ဆိုလိုပါ သလား။ မည်သည့် စာအုပ်များပါလဲ။**

**ဖြေ။** ။ဆယ်အုပ်ရှိတယ်ဆိုပါတော့လို့ ဥပမာစကားအဖြစ် ပြောတာပါ။ ဥပမာ။ ဒါမျိုးစာပေလောကမှာလည်း စာရေးဆရာတွေနဲ့ တစ်ခါတလေကျတော့ ပြဿနာဖြစ်ရတာ သိပ်စိတ်ညစ်တယ်။ ကိုယ်က ဥပမာပေးလိုက်တယ်။ ဥပမာပါဆိုတာကို ရေးကြီးခွင်ကျယ် လုပ်ပြီး တောင်ပြော မြောက်ပြောနဲ့။ ဘာလဲဆိုတော့ ဟို တောသမဝါယမ အစည်းအဝေးပွဲလိုပဲ။ သိပ်စိတ်ညစ်ဖို့ကောင်းတယ်။ တောသမဝါယမ အစည်းအဝေးမှာ ပြောတဲ့အခါကျတော့ ဒီက သဘာပတိတို့၊ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူး တို့က 'ကျွန်တော်တို့ ဒီဓာတ်ဘူး ငါးလုံးကို မဲဖောက်ပါမယ်၊ မဲဖောက်တဲ့အခါမှာ ကျွန်တော်တို့ မဲလိပ်ထည့်မယ်၊ ထည့်ပြီးတော့ ဆိုကြပါစို့၊ ပထမဦးဆုံး ကျွန်တော် နှိုက်လိုက်တယ် ဆိုပါတော့' တစ်ယောက်က ထပြီး 'ဟ ခင်ဗျား အရင်ဆုံးနှိုက်လို့ ဘယ်ဖြစ်မလဲ'။ 'ဟာကောင်ရ၊ ဥပမာကွ ဥပမာ'။ စိတ်ညစ်စရာကောင်းတယ်။ ခုနက မဂ္ဂဇင်းဆယ်အုပ် ရှိတယ်ဆိုတာ ဆယ်အုပ်ဆိုတာ ဥပမာကို ပြောတာပါ။

http://www.cherrythitsar.org



**မေး။ ။မဂ္ဂဇင်းပါ ကဗျာ၊ ဝတ္ထုများကို ဘာကြောင့် အပယ်ခိုင်း ပါသလဲတဲ့။**

**ဖြေ။** ။ဘာကြောင့် အပယ်ခိုင်းသလဲဆိုတာ ဆောင်းပါးကို အဖတ်ခိုင်းတာ၊ အပယ်ခိုင်းတာ မဟုတ်ဘူး။ မင်းဘာရည်မှန်းချက် ရှိသလဲဆိုတာ သိချင်ရင် ဘာလုပ်သင့်တယ်ဆိုတာ သိချင်ရင် ဝတ္ထု ဖတ်နေလို့ သိတာ မဟုတ်ဘူး၊ ဆောင်းပါးဖတ်မှ သိတာ။ အခု ပြောနေတဲ့ ဥစ္စာကို ကိုယ့်ဘာသာကိုယ် ဖိမ်ခံလို့ အရသာခံချင်လို့ ရှိရင် ဖတ်ပေ့ါ။ ဘာဖတ်နေနေပေ့ါ၊ ဟုတ်လား။ ဒီထက်ပိုပြီးတော့ အရသာခံချင်လို့ရှိရင် စာအုပ်ပြာတွေ ဘာတွေ ဝယ်ဖတ်။ ဘာဆိုင် တုံး။ ဟုတ်လား။

**မေး။ ။အကျိုးပြုမှု မရှိ၍လား။ အဘယ်ကြောင့်ပါလဲတဲ့။**

**ဖြေ။** ။ပြောချင်တဲ့ ဥစ္စာ ရည်မှန်းချက်ပဲ ပြောတာ။ ကိုယ်က အင်ဂျင်နီယာလုပ်မယ့်ကောင်၊ အင်ဂျင်နီယာအတတ် တိုးတက်ချင်လို့ ရှိရင် ဝတ္ထုဖတ်နေလို့ ဘယ့်နှယ်လုပ် တိုးတက်မှာလဲ။ ခါးတောင်း ကျိုက်တခြား ဟိုဒင်းတခြား အဲလို ဖြစ်နေမှာပေ့ါ။ အဲတော့ ကိုယ်က အင်ဂျင်နီယာ လုပ်ချင်တာ၊ အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ စာအုပ်ဖတ်ပေ့ါ။ ဘာဝတိုးတက်ချင်ရင် တိုးတက်ရာတိုးတက်ကြောင်း ဆောင်းပါးတွေကို ဖတ်ရမှာပေ့ါ။ ဒါကို ပြောတာနော်။

**မေး။ ။မဂ္ဂဇင်းပါ ဆောင်းပါး၏ အကျိုးသက်ရောက်မှုကို ပြန်လည် ဆွေးနွေးပါရန်တဲ့။**

**ဖြေ။** ။အကျိုးသက်ရောက်မှုကို ဆွေးနွေးပါရန်ဆိုတော့ သူ့ ဆောင်းပါးတွေရဲ့ သက်ရောက်မှုကို ဆွေးနွေးဖို့ပြောတာ မဟုတ်ဘူး နော်။ အဲဒါ ဖတ်တဲ့ဥစ္စာ ကိုယ့်မှာ ဗဟုသုတတိုးတယ်။ တိုးတဲ့အပြင် စာရေးဆရာတွေကိုလည်း သိလာတယ်။ ပထမအချက်က ငါ ဘယ်

http://www.cherrythitsar.org



ဘက်မှာ ဝါသနာထုံတယ်ဆိုတာ ကိုယ့်ကိုယ်ကို သိလာတယ်။ နှစ်အချက်က ဘယ်စာရေးဆရာကို ရှာဖတ်ရမယ်ဆိုတာ သိလာတယ်။ ဒါကို ပြောတာ။ အဲဒီ အတွက်ကြောင့် ဒါကို ပြောတာ။ စာဖတ်ဖို့လို့ အစပျိုးဖို့လို့ ပြောတာပါနော်။

**မေး။ ။ဆရာဦးအောင်သင်းရှင့်တဲ့၊ မိုးမိုး(အင်းလျား)အမှတ်တရ ဟောပြောပွဲ(၁) မှာတဲ့ ဆရာဦးအောင်သင်းရဲ့ အမွေ ဟောပြောမှာမို့ ကျွန်မ တကူးတက လာရောက်ပါတယ်။ မေးစရာမေးခွန်းရယ်လို့ သီးခြားမပေါ်လာပါ။ သို့သော် လူငယ်များအတွက် အမွေ ဟောပြောမှု တွေဟာ ထိရောက် အောင်မြင်လှတာမို့ ပညာရေးလောကရဲ့ လူငယ် ကျောင်း သား ကျောင်းသူတွေဆီကို ရောက်ရှိပျံ့နှံ့ရေးဟာ ကျွန်မတို့ ဆရာ ဆရာမများရဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်တဲ့။ ဖြစ်သလို၊ မြင့်မြတ်လှတဲ့ ဆရာဘဝအတွက် ရိုးသား ကြိုးစား၊ နိုးကြားရမယ့် ဆရာ ဆရာမများရဲ့ ဘဝကို မြှင့်တင်ရာလည်းရောက်တယ်။ မွန်မြတ်တဲ့ ဆရာ့ လုပ်ငန်း ဘဝအတွက် ဆရာဦးအောင်သင်းရဲ့ အမွေ ဟောပြောမှုကို လေးစားရှိသေစွာ၊ နှစ်သက်ချမ်းမြေ့ရ ပါတယ်တဲ့။**

**ဖြေ။** ။လေးစားပါတယ်။ သိပ်ကျေးဇူးတင်ပါတယ်။ ဆရာ ဆရာမတို့ရဲ့ လက်ထဲမှာရှိပါတယ်။ 'တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိစား၊ အားရှိ၏' ဆိုတာမျိုးပေ့ါ။ အဲဒီလိုပေ့ါ။ ကျွန်တော့်စိတ်ထဲမှာ ဆရာ ဆရာမတွေကို လေးစားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းဆရာကိုး။ ကျွန်တော့်ကို ပြောတယ်။ 'မင်းကွာ ကျောင်းဆရာ လုပ်နေရုံနဲ့ ဘဝကြီးပွားမှာ မဟုတ်ဘူး' တဲ့။ ကျွန်တော် အဲဒီတုန်းက ဘယ်လို ပြန်ပြောလိုက်လဲ ဆိုလို့ရှိရင်၊ သူငယ်ချင်းတွေကို 'ဟေ့ကောင်

http://www.cherrythitsar.org



ငါ ကျောင်းဆရာဘဝနဲ့ တစ်သက်လုံး အရိုးထုတ်မယ်’ လို့၊ ‘သံသရာ က လွတ်ရင်တောင်မှ လောကသုံးပါးကို သွန်သင်သော ဆရာအဖြစ်နဲ့ သွားမယ်လို့’၊ ကျွန်တော် အဲဒီလိုတောင် ဂုဏ်ယူပြီး ပြောခဲ့ပါတယ်။ ကျွန်တော် မြတ်နိုးပါတယ်။ ကျွန်တော် တကယ်ပြောတာပါ။ အဲလို ဆရာမျိုးတွေ အထူးသဖြင့် ဝမ်းဆွဲဆရာနဲ့တူတဲ့ ဆရာ ဆရာမတွေကို ပိုသဘောကျပါတယ်။ ကျွန်တော် ဆက်ပြောပါရစေ။

ကလေးကို ပါးစပ်ထဲ ခွံ့ပေးတာမျိုး မဟုတ်ဘဲနဲ့ ကလေးဉာဏ်ကို နိုးလာအောင်လုပ်တဲ့ ဆရာ ဆရာမတွေ ဆော့ခရတ္တိက ပြောဖူးတယ်၊ သင်ကြားတဲ့ ဆရာဆရာမဆိုတာဟာ ကလေးကို ထည့်ပေးနိုင်တာ မဟုတ်ဘူးတဲ့။ ဝမ်းဆွဲတဲ့။ မိခင်လောင်းရဲ့ ဝမ်းထဲမှာရှိတဲ့ သန္ဓေသားကို မနာမကျင်ရဘဲ သက်သာစွာနဲ့ အပြင်ကို ရောက်လာ ရှင်သန်အောင်လို့ လုပ်ပေးနိုင်တဲ့ ဝမ်းဆွဲတဲ့။ ဆရာကောင်းလည်း ဒီလိုမျိုးပဲ။ ကလေးမှာရှိနေတဲ့ ကိုယ်ပိုင်ဉာဏ်ကို ဖွံ့ဖြိုးတိုးတက် လာအောင် ဆွဲထုတ်ပေးနိုင်ရတယ်။ အဲဒီလို ဆရာမျိုးတွေ ဆိုရင် ကျွန်တော် ပိုရိုသေပါတယ်။ ကျွန်တော်လည်း သိပ်ဖြစ်ချင်ပါ တယ်။ ဖြစ်တာ မဖြစ်တာ အပထားနော်။ ဖြစ်ချင်တယ်လို့ပြောတာ ပါ။ ‘အဲလို ကျွန်တော်က တော်ပါတယ်၊ ကျွန်တော့်ဆီ ကျူရှင်အပ် ပါလို့’ ပြောတာမဟုတ်ဘူးနော်။ အဲဒီလိုဟာမျိုးတွေ ရှိပါတယ်။ ကျန်တဲ့ တချို့ဆရာ ဆရာမတွေမျိုး ပပျောက်ပါစေ။ ကျောင်းအပ်လို့ ရှိရင် ဘယ်ကျောင်းအပ်ရင် ဘယ်လောက်ဆိုတာတွေ ပပျောက်ပါစေ။ ခုဆိုလို့ရှိရင် ဘယ်ကျောင်းဆို ဘယ်ဈေးလို့ နှုန်းတွေတောင်ဖြစ်နေ တယ်။ အခု အကုန်လုံး ကျော်မကောင်းကြားမကောင်းနဲ့ ဖြစ်တဲ့ဥစ္စာ၊ ပညာရေးဝန်ကြီးကတောင် တစ်နေ့က ပြောသွားတယ်နော်။ အဲဒီ မျိုးတွေ ပျောက်ပါစေ။

http://www.cherrythitsar.org



ခုနက ပြောသလိုပေါ့။ ကျွန်တော်တို့ ဆရာ ဆရာမတွေဟာ တပည့်မရှား၊ မှန်တယ်။ တစ်ပြားမရှိဆိုတာလည်း မှန်တယ်။ ပီတိစား အားရှိဆိုတာလည်း ရှိချင်မှရှိမှာပေါ့။ ဒါတော့ မသိဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ဘဝက ဘယ်လိုလဲဆိုတော့ ဆရာဖြစ်ပြီဆိုရင် အဲဒီဆရာရဲ့ သံယောဇဉ် အလွန်ကိုဖြတ်ဖို့အတော်ခက်တယ်။ နောက်တစ်ခုက အပြင်မှာ အလုပ်တစ်ခုလုပ်ဖို့ သတ္တိနည်းတယ်။ ဘယ်ဆရာမဆို ဘယ်ဆရာမ မဆို အကုန်လုံး ဒီလိုဖြစ်တယ်။

ဒါပေမယ့် ကျွန်တော်က တတ်နိုင်သမျှ ဒီလိုပြောတာမျိုးတွေ၊ ရောက်လေတဲ့နေရာတိုင်းမှာ ဒီလိုပြောပါတယ်။ ဒီဟာလည်းပဲ တကယ်လို့ ကိုမျိုးညွန့်တို့ စာအုပ်ထုတ်ဖို့ အစီအစဉ်ရှိတယ်ဆိုလို့ ရှိရင် အဲဒီအတွက် အပိုင်းလေးတွေကို ကျွန်တော် ထပ်ဖြည့်ပြီး ပြောတာပါ။

အားလုံးကို ဆရာ ဆရာမတွေကို ကျွန်တော် အားပေးပါရစေ။ ခုနက ပြောသလိုပေါ့။ မျက်နှာငယ်တာပေါ့။ မျက်နှာငယ်တဲ့ဥစ္စာ အခု ဖြစ်လာခဲ့တာတွေ။ ကျွန်တော်တို့ ဆရာဘဝက လူနေမှုအဆင့်က သိပ်နိမ့်။ လူနေမှုအဆင့်နိမ့်တယ်ဆိုတာ သူများလို တိုက်မဆောက်နိုင်ဘူး၊ သူများလို ကားမစီးနိုင်ဘူး၊ သူများလို တောက်တောက်ပြောင်ပြောင် မဝတ်နိုင်ဘူး။ ဟုတ်လား။ လင်ယောကျ်ားက ဟိုဟာ ဒီဟာဖြစ်ရင်တော့ စိန်နားကပ်ပန်နိုင်တာပေါ့။ ကိုယ့်ဟာကိုယ်ကျတော့ ပတ္တမြားဝေးလို့ ဘိုင်စကယ်နောက်မီးကို ခွဲပြီးတပ်စရာတောင် မရှိဘူး။ အဲဒီလို ဖြစ်နေတာပေါ့။ ဆရာမတွေ ကတော့ ဝတ်ချင်ရင် ဝတ်မှာပေါ့။ ဆရာတွေကတော့ မဝတ်နိုင်ဘူး။ ဆရာမတွေကတော့ သူ့ယောကျ်ားက ဆင်မှ ဝတ်နိုင်စားနိုင်တာ။

http://www.cherrythitsar.org



ဆရာကြီးခင်ဗျားတဲ့၊ ဒါ ကျွန်တော် နောက်ဆုံးမေးခွန်းပါ။

**မေး။ ။ယခုအခါ ဆရာကြီးရဲ့ ဟောပြောပွဲသည် မောဟမှ အမောဟ ဖြစ်ရပါသည်။ ကြားနာခြင်းနှင့် မှတ်သား သိရှိခြင်း ဖြစ်ပါသည်။ ဆရာကြီးရဲ့ ဟောပြောပွဲ စတင် ကြေညာပြီး စတင်ဟောပြောသလို ကျွန်တော်တို့ လူငယ် များနှင့် လူကြီးများ စတင် တိုင်းပြည်ကို တိုးတက်ရေး လုပ်နေပြီဟု ဘယ်အချိန်၊ ဘယ်အခြေအနေအထိ စောင့် ဆိုင်း နေပါမည်နည်း။ ဆရာကြီးအား ကျေးဇူးတင် ပါသည်။**

**ဖြေ။** ။တစ်ခုပြောချင်တာက အခု လူတွေအားလုံးဟာ အခု ကျွန်တော် ပြောတဲ့ ဥစ္စာကို နိုးနိုးကြားကြား သဘောပေါက်လာရင် ဖြစ်လာမှာပါနော်။

ကျွန်တော် ထင်ပါတယ်။ အခု အကုန်လုံးလိုလို နည်းနည်း တော့ ဒီအန္တရာယ်ကို သိစပြုလာပါပြီ။ အန္တရာယ်သိလာတယ်ဆိုတော့ ဘယ်လောက်ထိအောင်လဲဆိုတော့ မိဘတွေကိုယ်တိုင်က ပညာမတတ် ဘဲနဲ့ အောင်တာကို မိဘတွေလည်း ကြောက်လာပြီ။ ပထမတုန်းက တော့ ဂုဏ်ထူးတွေဝယ်တယ်နော်။ စားမေးပွဲအောင်အောင်လုပ်တယ်။ အခု အဲဒီဝယ်တဲ့ မိဘတွေကိုယ်တိုင်က ကြောက်လာကြတာ။ မတတ်ဘဲနဲ့ အောင်တာ။ 'ကျွန်မလည်း စိတ်ညစ်တယ်ဆရာ' လို့ ညည်းလာကြပြီ။ မိဘက သိလာတယ်။ အဲဒီတော့ မကြာခင်တော့ တော်တော်ကောင်းလာလိမ့်မယ် ထင်ပါတယ်။ ဆရာ ဆရာမတွေ ဘက်ကလည်း လိုတယ်။ မိဘတွေဘက်ကလည်း လိုတယ်။ လူကြီး တွေရော လူငယ်တွေရောပေါ့။ တိုးတက်ချင်တဲ့စိတ်။ လူငယ်တွေ တိုးတက်စေချင်တဲ့ စေတနာ။ လူကြီးတွေရဲ့ စေတနာ။

http://www.cherrythitsar.org



ဥပမာဆိုပါ တော့။ လူကြီးတွေက လုပ်နိုင်တာကို ကျွန်တော် ပြောမယ်။ ကျွန်တော် ဟိုမှာပြောသလိုပေါ့။ လူကြီးတွေက လုပ်နိုင်တာပေါ့။ ကျွန်တော်တို့ မြန်မာတွေမှာတဲ့ ဦးအေးမောင်ပြောတာနော်၊ ဦးအေးမောင်ပြောတဲ့ စကား။ စာရိတ္တရယ် ဝါရိတ္တရယ် ရှိတယ်တဲ့၊ မြန်မာလူမျိုးတွေဟာတဲ့၊ မကောင်းမှုကို ရှောင်ကြဉ်တဲ့ဘက်မှာပဲ အားထုတ်တယ်တဲ့၊ ကောင်းမှုကို အားပေးတဲ့ဘက်မှာ နည်းတယ်တဲ့။ ဥပမာ သူများအသက်ကို ရှောင်ကြဉ်ကြတယ်တဲ့။ ဒါမျိုးကို လိုက်နာကြတယ်။ သို့သော် အသက်ကိုကယ်တာဖြစ်တဲ့ ဆေးရုံကို အလှူပေးဖို့၊ အလှူငွေထည့်ဖို့ စိတ်မဝင်စားကြဘူး။ တိရစ္ဆာန်တွေကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တယ်တဲ့။ သို့သော် တိရစ္ဆာန်များ ညှဉ်းပန်းမှု၊ ကာကွယ်ရေးအဖွဲ့ ရန်ပုံငွေကျတော့ ငွေလှူချင်မှ လှူတယ်။

ကျွန်တော်ပြောချင်တာ အခု ဒီအတိုင်းပဲ။ ကျွန်တော်တို့ကနော် ဒီမကောင်းမှုကို ရှောင်တယ်။ ပညာနဲ့ ပတ်သတ်တာကို အားပေးတာနည်းတယ်။ ပညာထောက်ပံ့ကြေး ဘယ်တိုင်းပြည် ဘယ်လောက်လုပ်သလဲ။ ကျွန်တော် ပြန်ကြည့်တယ်။ လူငယ်တွေ ပညာထောက်ပံ့ စရိတ်အတွက် လူကြီးတွေ ဘယ်လောက်စိတ်ဝင်စားသလဲ။ လူကြီးတွေဟာ ဟိုမှာသွားပြီးတော့ ဘာ ညာဆို၊ အဲဒါတွေကို လှူချင်လှူမယ်။ စာကြည့်သင်းကျတော့ ပိုက်ဆံ မလှူချင်ဘူး။ လူငယ်တွေ ဖွံ့ဖြိုးမှုကို လူကြီးတွေက တကယ် စနစ်တကျ စိတ်ဝင်စားသလား ဆိုတာ ကျွန်တော် သံသယဖြစ်တယ်။ အကြိမ်ပေါင်းများစွာ ဖြစ်တာ။ ဒါနဲ့ ကိုယ်က ရပ်နေမှာ၊ သူတို့က တက်လာမှာ။ အဲဒီကောင်တွေ မိုက်လို့ရှိရင် ကိုယ်က ခံရမှာ။ ဒါကိုမရဘူး။

ကျွန်တော်တို့က အင်မတန် ပကာသနလုပ်တဲ့ လူမျိုး၊ မဟုတ်တဲ့နေရာမှာ ပိုက်ဆံကုန်တယ်။ ဆိုပါတော့။ ဘုန်းကြီးလှူတဲ့

http://www.cherrythitsar.org



ဥစ္စာ။ ငါးပြားဖိုးလောက်။ အဲဒီ တီးဝိုင်းက ငါးထောင်ဖိုးလောက် ကုန်သွားတယ်။ ပြီးတော့ ဘုန်းကြီးကတော့ သက်နိုးလေးတကိုင်ကိုင် နဲ့ သာဓု သာဓုနဲ့ ပြီးရော။ ဟုတ်လား။

ကျွန်တော်တို့က ပကာသနလုပ်ရတာကို အင်မတန်ကြိုက် တယ်။ သိပ်စိတ်ညစ်တယ်၊ တစ်ခါတစ်ခါ။ နောက်ပြီးတော့လည်း ဘုရားအတွက် အလှူခံမယ်ဆိုတာ။ ညနေကျတော့ စာရင်းရှင်းတဲ့အခါ ကျတော့ အိုးစည်သမားပေးရတာ ဘယ်လောက်၊ နဲ့သမားပေးရတာ ဘယ်လောက်၊ ဗုံငှားခပေးရတာ ဘယ်လောက်၊ နောက်ဆုံးပိတ် စာရင်းလက်ကျန်ရှင်းလိုက်တော့ ဘုရားအပေါ် အကြွေး ၂ ကျပ်ခွဲကျန်။

ကျွန်တော်ပြောချင်တာ အဲဒီတော့ လူကြီးတွေက တကယ့် ကို လူငယ်တွေ အကျိုးရှိစေနိုင်တဲ့ လုပ်ငန်းကို တကယ်စိတ်ဝင်စား ပြီးတော့ အဲဒီအတွက်ကို မတွန့်မတို လှူကြတန်းကြမယ်၊ အားပေး ကြမယ်ဆိုရင် လူငယ်တွေလည်း တိုးတက်လာမယ်။ အဲဒီကျတော့ လူငယ်တွေလည်း လူကြီးတွေက တို့အတွက် အကျိုးပြုပါလားဆိုပြီး လူကြီးတွေကို ရိုသေလာလိမ့်မယ်။ ချစ်လာပါလိမ့်မယ်။ အဲဒီလို လူကြီးနဲ့ လူငယ်နဲ့ နှစ်ယောက်ပေါင်းပြီး ပညာလည်းတက်၊ မေတ္တာ လည်း တက်လာလို့ရှိရင် တိုင်းပြည်ကြီး ကောင်းလာပါလိမ့်မယ်လို့ ပြောရင်း နောက်ဆုံးအဖြေကို နိဂုံးချုပ်ပါတယ်။

*

http://www.cherrythitsar.org

# မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍

မြန်မာနိုင်ငံတစ်ဝန်းရှိ စာပေသမားများ၊ စာဖတ်သူများ လေးစားချစ်ခင်ကြသည့် စာရေးဆရာမကြီး မိုးမိုး(အင်းလျား) အား အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် မြန်မာစာပေအတွက် အကျိုးရှိရာရှိကြောင်း ကိစ္စရပ်များကို ဆောင်ရွက်ကြရန် ရည်ရွယ်၍ မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့ကို ၁၉၉၄ ခုနှစ်၊ မတ်လ ၁၃ ရက် [ မိုးမိုး(အင်းလျား) ကွယ်လွန်သည့် စတုတ္ထနှစ်လည်နေ့ ] တွင် ရွှေတိဂုံစေတီတော်အနီး ကရင်ပရိယတ္တိကျောင်းတိုက်၌ စတင်ဖွဲ့စည်းခဲ့ပါသည်။

အမှတ်တရအဖွဲ့တွင် နာယကကြီးများအဖြစ်

**၁။ ဆရာကြီး မင်းသုဝဏ်**
**၂။ ဆရာကြီး တက်တိုး**
**၃။ ဆရာကြီး ပါရဂူ**
**၄။ ဆရာကြီး မြသန်းတင့်**
**၅။ ဆရာကြီး အောင်သင်း**
**၆။ ဆရာကြီး သခင်ခင်ညွန့်**
**၇။ ဆရာမကြီး ဒေါ်နုယဉ်**
**၈။ ဆရာမကြီး လူထုဒေါ်အမာ**
**၉။ ဆရာမကြီး ဒေါ်ခင်နှင်းယု**
**၁၀။ ဆရာမကြီး ဒေါ်ခင်ဆွေဦး**

http://www.cherrythitsar.org

[ခ]

တို့က ဆောင်ရွက်ပေးကြပြီး၊ အဖွဲ့ဝင်များအဖြစ်

၁။ ဆရာ မောင်စွမ်းရည်
၂။ ဆရာ လင်းယုန်မောင်မောင်
၃။ ဆရာ ချစ်စံဝင်း
၄။ ဆရာ ချစ်ဦးညို
၅။ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)
၆။ ဆရာ မောင်သွေးသစ်
၇။ ဆရာ စိန်မျိုးမြင့်
၈။ ဆရာ မောင်ဖေ
၉။ ဆရာ နေဝင်းမြင့်
၁၀။ ဆရာ စိုးမြင့်လတ်
၁၁။ ဆရာ မောင်ခင်မင် (ဓနုဖြူ)
၁၂။ ဆရာ ခင်မောင်တိုး (မြားနတ်မောင်)
၁၃။ ဆရာ ခင်မောင်မြင့် (မဟောသီ)
၁၄။ ဆရာ ဝင်းငြိမ်း (ရွှေအမြုတေ)
၁၅။ ဆရာ မြတ်ခိုင် (ကြီးပွားရေး)
၁၆။ ဆရာ သိုက်ထွန်းသက်
၁၇။ ဆရာ ကိုရိုးကွန့်
၁၈။ ဆရာ ကျော်ရင်မြင့်
၁၉။ ဆရာ ကျော်စိုးဝင်း
၂၀။ ဆရာ ဆူးငှက်
၂၁။ ဆရာ မောင်ခေတ်ထွန်း
၂၂။ ဆရာ ဆန်နီညိမ်း
၂၃။ ဆရာ ညွန့်ဝေမိုး

http://www.cherrythitsar.org



၂၄။ ဆရာ ဦးထွန်းဆိုင် (ထွန်းဆိုင်ဖလင်တိုက်)
၂၅။ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)
၂၆။ ဆရာမ ကြူကြူသင်း
၂၇။ ဆရာမ မစန္ဒာ
၂၈။ ဆရာမ မြနှောင်းညို
၂၉။ ဆရာမ ခင်ပန်နှင်း
၃၀။ ဆရာမ ခင်မိုးနိုင်
၃၁။ ဆရာ မောင်ညိုဝင်း
၃၂။ ဆရာ စံတိုး
၃၃။ ဆရာ တင်မောင်မြင့်
၃၄။ ဆရာ မောင်မောင်သိုက်
၃၅။ ဆရာ ငွေကြည်
၃၆။ ဆရာ မြေဇာ
၃၇။ ဆရာ ကြည်စိုးထွန်း (ဒါရိုက်တာ)
၃၈။ ဆရာ မောင်နေမျိုး (ဒါရိုက်တာ)
၃၉။ ဆရာ ကိုတင်လှိုင် (ဂီတမှူး)
၄၀။ ဆရာ တင်ဝင်းလှိုင် (ဂီတမှူး)
၄၁။ ဆရာ ဦးခင်မောင်တင် (အမျိုးသားစာကြည့်တိုက်)
၄၂။ ဆရာ ဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)
၄၃။ ဆရာမ ခင်နှင်းဦး (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)
၄၄။ ဆရာ ဖေမြင့် (စာပေလောက စာတည်းအဖွဲ့)
၄၅။ ဆရာ တင်ဆွေမိုး (စာပေလောက စာတည်းအဖွဲ့)
၄၆။ ဆရာ မျိုးညွန့် (စာပေလောက စာတည်းအဖွဲ့)
၄၇။ ဆရာ မောင်မောက် (စာပေလောက စာတည်းအဖွဲ့)

တို့ပါဝင်ကြပါသည်။

\+ \+ \+

## [ဃ]

မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့အနေနှင့်

(က) 'မိုးမိုး(အင်းလျား) အမှတ်တရ အကောင်းဆုံး မြန်မာဝတ္ထုတိုများ' အမည်ဖြင့် လက်ရွေးစင် ဝတ္ထုတိုပေါင်းချုပ်စာအုပ်များကို နှစ်အလိုက် ရွေးချယ်စုစည်း ပုံနှိပ်ထုတ်ဝေသွားရန်၊

(ခ) မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲများ နှစ်စဉ်ကျင်းပပြီး၊ ဆုရရှိသည့် ဝတ္ထုတိုများစုစည်း၍ ပုံနှိပ်ထုတ်ဝေရန်၊

(ဂ) မိုးမိုး (အင်းလျား) နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ် ကျင်းပရန်၊

(ဃ) မိုးမိုး (အင်းလျား) အမှတ်တရဟောပြောပွဲများ အခါအားလျော်စွာ ကျင်းပပြုလုပ်ရန် စသဖြင့် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ကျေညာထားခဲ့ပါသည်။

ယင်းအနက်

### အကောင်းဆုံး မြန်မာဝတ္ထုတိုများစာအုပ် အစီအစဉ်

မိုးမိုး (အင်းလျား) အမှတ်တရ ၈၀ စုနှစ် အကောင်းဆုံး မြန်မာဝတ္ထုတိုများ အမည်ရှိ စာအုပ်နှစ်တွဲကို အမှတ်တရအဖွဲ့ မဖွဲ့စည်းမီ ၁၉၉၁ ခုနှစ်က စာပေလောက စာတည်းအဖွဲ့၏ ဆောင်ရွက်ချက်ဖြင့် စုစည်းထုတ်ဝေနိုင်ခဲ့ပါသည်။

၎င်းနှင့်တစ်ဆက်တည်း မိုးမိုး (အင်းလျား) အမှတ်တရ အကောင်းဆုံး မြန်မာဝတ္ထုတိုများ (၁၉၉၀-၉၁-၉၂)ကို ရွေးချယ်စုစည်းခဲ့ရာ ယခုအခါ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ကျပြီဖြစ်၍ စတင် ပုံနှိပ်နေပြီ ဖြစ်ပါသည်။

ဆက်လက်၍ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်အတွက် ဝတ္ထုတိုများ ရွေးချယ်မှု စတင်လျက်ရှိပြီ ဖြစ်ပါသည်။

### ဝတ္ထုတိုပြိုင်ပွဲအစီအစဉ်

ပထမအကြိမ် မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲကို ၁၉၉၄ ခုနှစ်၊ ဖွန်လတွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ဩဂုတ်လ ၃၁ ရက်ကို စာမူပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၎င်းကာလအတွင်း ပြိုင်ပွဲဝင်စာမူပုဒ်ရေ ၆၀၀ မျှ

http://www.cherrythitsar.org



ရရှိခဲ့ရာ ယင်းအထဲတွင် မြန်မာနိုင်ငံအနှံ့အပြား မြို့ရွာများမှသာမက နိုင်ငံရပ်ခြား တွင် ရောက်ရှိနေကြသည့် စာပေဝါသနာရှင် မြန်မာများထံမှ စာမူများလည်း ဝါဝင်ခဲ့ပါသည်။

၎င်းစာမူများကို ပဏာမအဖြစ် စာပေလောက စာတည်းအဖွဲ့က လည်းကောင်း၊ အပြီးသတ်အဖြစ် ဆရာဦးအောင်သင်း၊ ဆရာမောင်စွမ်းရည်၊ ဆရာမ ဒေါ်ခင်ဆွေဦးနှင့် ဆရာစာအိုးတို့ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့က လည်းကောင်း စိစစ်ရွေးချယ်ခဲ့ပါသည်။

ဆုရရှိသည့် ပုဂ္ဂိုလ် ၁၆ ဦးအား ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဗဟန်းမြို့နယ်၊ မြေပဒေသာကျွန်းရှိ တော့(ပ်)စတားခန်းမ၌ အခမ်းအနားကျင်းပ၍ ဆုချီးမြှင့်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယအကြိမ် မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတို ပြိုင်ပွဲ (၁၉၉၅) အတွက် စာမူများ ဖိတ်ခေါ်ထားဆဲ ဖြစ်ပါသည်။

## နှစ် ၅၀ ပြည့် အခမ်းအနား

၁၉၉၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့သည့် စာရေးဆရာမ မိုးမိုး(အင်းလျား) အတွက် နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်း အနားတစ်ရပ်ကို ဝိုင်အမ်စီအေခန်းမတွင် ၂၂၊၁၀၊၉၄ နှင့် ၂၃၊၁၀၊၉၄ နေ့ များ၌ ကျင်းပခဲ့ပါသည်။ ယင်းအခမ်းအနား၌ မိုးမိုး(အင်းလျား) ရေးသားပြုစုခဲ့ သည့် စာအုပ်စာတမ်းများ၊ သူမ၏ လက်ရေးမူ၊ သူမ၏ ဘဝခရီးကိုဖော်ပြသည့် ဓာတ်ပုံများနှင့် 'မိုးမိုး(အင်းလျား)၏ ဘဝနှင့်စာပေ' အမည်ရှိ မှတ်တမ်းတင် ဗွီဒီယိုတို့ကိုပါ ပြသခဲ့ပြီး၊ ဆရာ မောင်စွမ်းရည်နှင့် ဆရာ စာအိုးတို့က မိုးမိုး(အင်းလျား) ၏ စာပေများအကြောင်း ဟောပြောခဲ့ကြပါသည်။

## မိုးမိုး(အင်းလျား) အမှတ်တရဟောပြောပွဲများ

မိုးမိုး(အင်းလျား) အမှတ်တရဟောပြောပွဲများ အစီအစဉ်ကို ၁၈၊၆၊၉၄ နေ့တွင် ဝိုင်အမ်စီအေ ခန်းမ၌ ဆရာဦးအောင်သင်း ဟောပြောပွဲနှင့် စတင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

http://www.cherrythitsar.org

## [၈]

စင်ပေါ်ရော စင်အောက်ပါ နားထောင်သူပရိသတ် ပြည့်ကျပ်လျက် အထူးအားရစရာကောင်းလှသည့် ယင်းနေ့အခမ်းအနားတွင် ပထမပိုင်း၌ ဆရာဦးအောင်သင်းက 'အမွေ' ဟူသော ခေါင်းစဉ်ဖြင့် ဟောကြားပြီး၊ ဒုတိယပိုင်း၌ ၎င်းဟောကြားချက်နှင့်ပတ်သက်၍လည်းကောင်း၊ အခြား မိမိတို့သိလိုရာများကိုလည်းကောင်း ပရိသတ်က မေးမြန်းသည်များကို ဆရာဦးအောင်သင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။


ယင်းဟောပြောချက်နှင့် အမေးအဖြေများကို စုစည်းတည်းဖြတ်၍ ယခု စာအုပ်ကို ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

\+ + +

မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့အနေနှင့် မြန်မာစာပေနယ်အတွက် အကျိုးရှိရာရှိကြောင်း လုပ်ငန်းများကို တတ်စွမ်းနိုင်သမျှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ခဲ့သမျှ လုပ်ငန်းစဉ်တို့တွင် ပါဝင်ကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့**

http://www.cherrythitsar.org



မိုးမိုး (အင်းလျား)
အမှတ်တရအဖွဲ့မှ
ကျင်းပသည့်
ဟောပြောပွဲ
အမှတ်
(၁)

# အောင်သင်း
# ဒါဂဌ